# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၅) ရက် ၊ စနေနေ့ ၊ (12-11-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၉၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။
(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။
(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။
(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး SHATIROV Alexander Sergeevich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး SHATIROV Alexander Sergeevich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့ နေ့လယ်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ညှိနှိုင်းခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဘဏ္ဍာရေးနှင့် ငွေကြေးစနစ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ရုရှားနိုင်ငံမှ မြန်မာနိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်မည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ ထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ၊ တွင်းထွက်နှင့် သဘာဝသယံဇာတပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်၍ ရုရှားနိုင်ငံသို့ တင်ပို့ရောင်းချရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့်

စာမျက်နှာ ၁၈ ကော်လံ ၁ ☞




ရတနာပုံ
၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၂ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံသားကောင်း စိတ်ဓာတ်

နိုင်ငံသားတိုင်း မိမိနိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ကောင်းကျိုးကိုဆောင်ရွက်ရမည်မှာ သမိုင်းပေးတာဝန်တစ်ရပ်ပင်ဖြစ်သည်။ မိမိမွေးဖွားရာ မိမိနေထိုင်ရာ အရပ်ဒေသတွင် တတ်စွမ်းသမျှ ကောင်းကျိုးဆောင်ကြဉ်းပေးနိုင်မည့် မွန်မြတ်သောစိတ်ဓာတ်ကို နိုင်ငံသားတိုင်း မွေးမြူသင့်ပေသည်။

မိမိတို့နိုင်ငံ၏ ရာဇဝင်ကိုလေ့လာကြည့်ပါက အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရားတို့သည် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးကိုဆောင်ကြဉ်းနိုင်ခဲ့ရုံသာမက တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးဘာသာ၊ သာသနာကို ထိန်းသိမ်းစောင့်ရှောက်စေရေးတို့ကိုလည်း ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် ကမ္ဘာ့မြေပုံပေါ်တွင် မြန်မာပိုင်နက်နယ်နိမိတ်ကိုပါ သတ်မှတ်ပေးနိုင်ခဲ့သည်။ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံတော်၏လွတ်လပ်ရေး ဆုံးရှုံးခဲ့ရသော်လည်း နိုင်ငံသားတို့၏ တိုင်းပြည်အပေါ်ထားရှိအပ်သည့် မျိုးချစ်စိတ်ဓာတ်သည် နှလုံးသားတွင် အစဉ်ကိန်းအောင်းခဲ့ကြသည်။

အင်္ဂလိပ်နယ်ချဲ့လက်အောက်တွင် နှစ်ပေါင်းတစ်ရာကျော်တိုင် ကုပ်သွေးစုပ်ခံခဲ့ရသော်လည်း မျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် လွတ်လပ်ရေးကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်မှာ ပင်လုံစာချုပ်က သက်သေတည်လျက်ရှိသည်။ လွတ်လပ်ရေးအတွက် အသက်ဆုံးရှုံးရမည်ကို သိသော်လည်း နိုင်ငံတော်နှင့်နိုင်ငံသားတို့၏အကျိုးကိုရှေးရှုကာ အသက်ကိုစွန့်လွှတ်ဝံ့သည့် စိတ်ဓာတ်ခိုင်မာသည်။ ဖမ်းဆီးခံရ၍ ညှဉ်းပန်းနှိပ်စက်မှုအမျိုးမျိုးခံခဲ့ရသော်လည်း အသက်ကိုသာ အသေခံမည်၊ နိုင်ငံသားတို့အပေါ်ထားရှိသည့် သစ္စာတရားမပျက်ခဲ့ပေ။ အမျိုးဘာသာ၊ သာသနာအတွက် မည်သည့်အခါမျှ သစ္စာမဖောက်ဟူသော သံမဏိစိတ်ဓာတ်သည် နောင်းလူတို့အတွက် အတုယူဖွယ်ဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံသားတို့၏ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံတော်နှင့်နိုင်ငံသားတို့အကျိုးကို ဆောင်ကြဉ်းနိုင်မည့် နိုင်ငံသားကောင်းစိတ်ဓာတ်တို့ကို နည်းလမ်းအမျိုးမျိုးဖြင့် သိမ်းသွင်းဖျက်ဆီးခံနေကြရသည်။ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရက စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးကို လူမှုရေးဦးတည်ချက်တွင် ထည့်သွင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်နှင့်နိုင်ငံသားတို့၏အကျိုးကို ဆောင်ရွက်နိုင်ရန်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန် မိမိနိုင်ငံ၏ ရာဇဝင်သမိုင်းကြောင်းကို အခါအားလျော်စွာ လေ့လာကြရမည်ဖြစ်သကဲ့သို့ မျက်မှောက်ရေးရာအဖြာဖြာတို့ကိုလည်း မျက်ခြည်မပြတ် ဖတ်ရှုလေ့လာရန် တိုက်တွန်းလိုသည်။ သို့မှသာ မျက်ကန်းမျိုးချစ်ဘဝမှ လွတ်ကင်းပြီး နိုင်ငံတော်၏ကောင်းကျိုးကို အစဉ်သယ်ပိုးနိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံသားတိုင်း နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသားတို့၏ကောင်းကျိုးကို ဆောင်ရွက်ရမည့် သမိုင်းပေးတာဝန်သည် ရှိနေမြဲသာဖြစ်သည်။ ထိုသမိုင်းပေးတာဝန်ကို ဦးလည်မသုန် ထမ်းဆောင်နိုင်ရန်အတွက် မိမိနေထိုင်ရာဒေသတွင် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ ကောင်းကျိုးကိုသာ သယ်ပိုးလိုသည့် နိုင်ငံသားကောင်းစိတ်ဓာတ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ရေးသားအပ်ပေသည်။

# မန္တလေးဈေးကွက်တွင် အရောင်းအဝယ်ကောင်းလာမှုကြောင့် ပဲတီစိမ်းသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀ ပေါက်ဈေးရှိ

**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေး ဈေးကွက်တွင် အရောင်းအဝယ်ကောင်းမွန်လာမှုကြောင့် ပဲတီစိမ်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀ ပေါက်ဈေးရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ ပဲတီစိမ်းကို မန္တလေးဈေးကွက်အတွင်း ဝယ်ယူမှုများပြားလာကြောင်း၊ ထိုသို့ ပဲတီစိမ်းများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ပဲတီစိမ်းက မန္တလေးဈေးကွက်အတွင်းမှာတော့ အဝယ်လိုက်တဲ့ကုန်စည်ထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အခုလတ်တလောကြိုက်ရောင်းကြိုက်ဝယ်တွေ မြန်မားလာပြီး အရောင်းအဝယ်ကလဲ တော်တော်လေး မြန်ကောင်းလာတော့ မန္တလေးဈေးကွက်ထဲမှာ ဈေးကောင်းမြန်ရနေပါတယ်" ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း အောက်တိုဘာလ နောက်ဆုံးပတ်က ပဲတီစိမ်းဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ သာ ဈေးနှုန်းရှိခဲ့သော်လည်း ယနေ့တွင် ပဲတီစိမ်း သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ပဲတီစိမ်းက ပြည်တွင်း ဈေးကွက်ထဲမှာလဲ အခု အရောင်းအဝယ်ကောင်းနေတယ်။ နောက်ပိုင်း ပဲတီစိမ်းအရောင်းအဝယ် ဒီထက်ပိုပြီး ကောင်းမွန်လာမဲ့ အနေအထားမှာရှိနေပြီး ဈေးတွေ ဒီထက်ပိုပြီးကောင်းနိုင်တယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

# ပွင့်လင်းရာသီကာလတွင် မန္တလေး-ကျောက်မြောင်းကြား ဧရာဝတီလင်းပိုင်များကို သွားရောက်ကြည့်ရှုသည့်ခရီးသွား များပြားလာ



**မန္တလေး နိုဝင်ဘာ ၁၁**

ပွင့်လင်းရာသီကာလတွင် မန္တလေး - ကျောက်မြောင်းကြား ဧရာဝတီလင်းပိုင်များကို သွားရောက်ကြည့်ရှုသည့် ခရီးသွားများပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ယခုအခါ ပွင့်လင်းရာသီကာလဖြစ်သည့်အပြင် ခရီးသွားရာသီကာလလည်းဖြစ်သောကြောင့် မန္တလေးမြို့ အပါအဝင် အခြားမြို့များမှ ခရီးသွားများအနေဖြင့် မန္တလေး- ကျောက်မြောင်းကြားရှိ ဧရာဝတီလင်းပိုင်များကို သွားရောက်ကြည့်ရှုမှု များပြားလျက်ရှိကြောင်း သိရသည်။

"အခုက ပွင့်လင်းရာသီကာလဆိုတော့ ဧရာဝတီလင်းပိုင်တွေကို သွားရောက်ကြည့်ရှုလေ့လာတဲ့ ခရီးသွားတွေ တော်တော်လေးမြန်များလာတယ်။ ပြီးတော့ လင်းပိုင်နဲ့ ကွန်ပစ်ငါးဖမ်းတဲ့ဓလေ့ကိုလဲ စိတ်ဝင်စားတဲ့ခရီးသွားတွေ များလာတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

မန္တလေး-ကျောက်မြောင်းကြား ဧရာဝတီလင်းပိုင်များကို အောက်တိုဘာလက သွားရောက် ကြည့်ရှုသည့်ခရီးသွားမှာ တစ်ရက်လျှင် ဦးရေ ၅၀ ကျော်သာရှိကြောင်း၊ နိုဝင်ဘာလ ပထမပတ်မှစ၍ တစ်ရက်လျှင် သွားရောက်ကြည့်ရှုသည့် ခရီးသွားဦးရေ ၁၃၀ ကျော်ထိ ရှိလာကြောင်း သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း မြစ်ရေကျဆင်းလာခြင်းကြောင့် ဧရာဝတီလင်းပိုင်များသည် အစာပေါများသည့် မန္တလေးမြို့အနီးတွင် အုပ်စုလိုက်ပြောင်းရွှေ့နေထိုင် ကျက်စားလျက်ရှိကြောင်း ၎င်းက ပြောပြ၍ သိရသည်။ (၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်း တန်ဖိုးနည်း အကွက်ရိုက်မြေကွက်များ အရစ်ကျစနစ်ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး ငှားရမ်းနေထိုင်မှုများလည်း မြင့်တက်နေကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

အကွက်ရိုက်မြေကွက်များသည် မြေတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းပေးချေပြီး ကျန်ငွေကို အရစ်ကျစနစ်ဖြင့် ရောင်းဝယ်နေခြင်းဖြစ်ကြောင်း၊ ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်းရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ကံကြီးကုန်း၊ ဇီးအုပ်၊ သမ္မတော၊ ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"အခုက တန်ဖိုးနည်းအကွက်ရိုက်မြေကွက်တွေ အရောင်းအဝယ်ရှိနေပါတယ်။ တော်တော်များများကတော့ အကွက်ရိုက်မြေကွက်တွေကို လာဝယ်ပြီး ချက်ချင်း အိမ်ဆောက်နေကြတာ။ စရန်ချ အိမ်ဆောက်နေ ကျန်တာအရစ်ကျဆိုတော့ အဆင်ပြေကြတယ်"ဟု ပုသိမ်ကြီးမြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးညိုဝင်းက ပြောပြသည်။

ငှားရမ်းမှုများလည်း မြင့်တက်နေပြီး နေရာ၊ အကျယ်အဝန်းနှင့် အကွက်အကွင်းကောင်းသည့်အပေါ်မူတည်၍ တစ်လလျှင် ငွေကျပ် တစ်သိန်းမှ ၁၀ သိန်းခန့်ထိ ဈေးရှိကာ တစ်လလျှင် ငွေကျပ် တစ်သိန်းမှ သုံးသိန်းခန့်ဈေးတန်းများ ငှားရမ်းမှု ပို၍များကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ အောင်ပင်လယ်နှင့် ထန်းကိုးပင်အနီး အကွက်များမှာ ငွေကျပ်သိန်း ၁၂၀၀ မှ သိန်း ၃၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ မြရည်နန္ဒာရပ်ကွက် (၄၄ လမ်းမှ ၆၁လမ်း) လမ်းအပိုင်းများရှိ လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၁၃၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၈၀၀ မှ သိန်း၁၅၀၀ ခန့်ထိ ဈေးရှိကြောင်း ဦးညိုဝင်းထံမှ သိရသည်။

အမရပူရမြို့နယ်တွင်လည်း ရပ်ကွက်များ အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေ အရောင်းအဝယ်လုပ်ကိုင်သူများထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျိုင်းတုံခရိုင်တွင် အမှုထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်လှစ်

**ကျိုင်းတုံ နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင်တွင် အမှုထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ယနေ့နံနက်ပိုင်းက ကျိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဖွင့်လှစ်ကြောင်း သိရသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အိအိမြတ်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်က ကျိုင်းတုံမြို့နယ် မိုင်းခတ်မြို့နယ်၊ မိုင်းယန်း မိုင်းပျဉ်းမြို့နယ်များရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများကို လုပ်ငန်းခွင်တွင် စွမ်းဆောင်ရည်ပိုမိုတိုးတက်မြင့်မားလာစေရန်၊ ဌာနလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်စွာသိရှိနားလည်ပြီး ပိုမိုထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းသို့ ကျိုင်းတုံမြို့နယ်၊ မိုင်းခတ်မြို့နယ်၊ မိုင်းပျဉ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ရုံးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများကို ခရိုင်၊ မြို့နယ်များမှ ကျွမ်းကျင်ဝန်ထမ်းများက စာတွေ့၊ လက်တွေ့ဖြင့် ယနေ့မှ နိုဝင်ဘာ ၁၈ ရက်ထိ အခမဲ့သင်ကြားပေးမည်ဖြစ်ကြောင်း ကျိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

# ဖန်းမော်မြို့နယ် စင့်ကင်ကျေးရွာအုပ်စု၌ စင့်ကင်တံတားတည်ဆောက်နေမှု စစ်ဆေး

**ဗန်းမော် နိုဝင်ဘာ ၁၁**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ပြည်နယ်ခွင့်ပြုရန်ပုံငွေများဖြင့် စင့်ကင်ကျေးရွာအုပ်စု၌ စင့်ကင်တံတားတည်ဆောက်နေမှု အခြေအနေများကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဗန်းမော်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ)ဦးမြသင်းနှင့် တာဝန်ရှိသူများက စင့်ကင်ကျေးရွာအုပ်စုထဲရှိ စင့်ကင်ကျေးရွာ၊ ငှက်ပျောတောကျေးရွာနှင့် သဖမ်းပင်ကျေးရွာချင်းဆက်လမ်းပေါ်၌ တည်ရှိသည့်အရှည်ပေ ၆၀၊ အကျယ် ၂၄ပေ၊ အမြင့် ၂၀ ဒသမ ၆ ပေရှိ စင့်ကင်တံတားတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ(မြို့ပြ)က တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ စင့်ကင်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၂၄၉ ဒသမ ၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် မြစ်ချယ်ရီဦး ကုမ္ပဏီက ဇူလိုင်လ တတိယပတ်မှစတင်၍ တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးအရာရှိ (မြို့ပြ) ဦးမြသင်းက ပြောပြ၍ သိရသည်။

**စိန်လွင်**

# အောက်တိုဘာလအတွင်း ပြည်ပဖောက်သည်နိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၂၃၂ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၁၇၀၀၀၀ ကျော် တင်ပို့ရောင်းချခဲ့



**နေပြည်တော် နိုဝင်ဘာ ၁၁**

အောက်တိုဘာလအတွင်း ပြည်ပဖောက်သည်နိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၂၃၂ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၁၇၀၀၀၀ ကျော် တင်ပို့ရောင်းချပေးခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပြောင်းတင်ပို့ရောင်းချပေးရာတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၃၇၇ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၁၇၄၉၅၀ နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၅၅ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၂၈၇၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၂၃၂ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၁၇၇၈၂၀ တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ တင်ပို့ရောင်းချပေးရာတွင် ပင်လယ်ရေကြောင်းမှ ဖိလစ်ပိုင်သို့ ပြောင်းတန်ချိန် ၈၅၈၆၀၊ ဗီယက်နမ်သို့ ပြောင်းတန်ချိန် ၇၁၁၁၀၊ ဘင်္ဂလားဒေ့ရှ်သို့ ပြောင်းတန်ချိန် ၁၃၅၀၀၊ သီရိလင်္ကာသို့ ပြောင်းတန်ချိန် ၃၀၀၀၊ တရုတ်သို့ ပြောင်းတန်ချိန် ၇၈၀၊ မလေးရှားသို့ ပြောင်းတန်ချိန် ၆၀၀ နှင့် ဟောင်ကောင်သို့ ပြောင်းတန်ချိန် ၁၀၀ စုစုပေါင်းပြောင်းတန်ချိန် ၁၇၄၉၅၀ တင်ပို့ ရောင်းချပေးခဲ့ကြောင်း၊ ထို့အတူ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တရုတ်သို့ တင်ပို့ရောင်းချပေးခဲ့ပြီး အောက်တိုဘာလအတွင်းတွင် တရုတ်သို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၅၅ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၂၈၇၀ တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ တရုတ်သို့ ပြောင်းဖူးတင်ပို့ရောင်းချရေးအတွက် တရုတ်-မြန်မာ နှစ်နိုင်ငံ Plant Quarantine Protocol လက်မှတ်ရေးထိုးခဲ့သည့် မြန်မာနိုင်ငံမှ ကုမ္ပဏီအရေအတွက်မှာ ၁၁၂ ခု ထိရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် တရုတ်သို့ ပြောင်းတင်ပို့ရောင်းချမှု ပိုမိုမြင့်တက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ပြည်တွင်းဈေးကွက်များ၏ ပြောင်းဈေးနှုန်းများမှာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ နိုဝင်ဘာ ၁၀ ရက် ထုတ်ပြန်သတင်းများအရ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၅၇၀၀၀ မှ ငွေကျပ် ၅၇၅၀၀ ထိပေါက်ဈေးရှိနေကြောင်း သိရသည်။

SKL

# ဓနုဖြူမြို့နယ်တွင် VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ဓနုဖြူ နိုဝင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ထပ်တိုးအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီက ရုံးချောင်းကျေးရွာအုပ်စု ရုံးချောင်းကျေးရွာ ဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဓနုဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသဘောသဘာဝများ၊ ရည်ရွယ်ချက်များ၊ မူဝါဒများနှင့် ကျေးလက်နေပြည်သူများ မိမိတို့ကျေးရွာအပေါ်ထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီရွေးချယ်ဖွဲ့စည်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

ထို့နောက် ကျေးရွာသူကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင် ၁၇ ဦးကို အများသဘောဆန္ဒနှင့်အညီ အတည်ပြုရွေးချယ်ခဲ့ကြောင်း သိရသည်။

**တေဇလင်း**

# ကျောက်ဖြူမြို့နယ် ကျေးရွာငါးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**ကျောက်ဖြူ နိုဝင်ဘာ ၁၁**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကုန်ဘောင်ကျေးရွာ၊ ရခိုင်မင်းပြင်ကျေးရွာ၊ ဝက်တောပြင်ကျေးရွာ၊ ချောင်းဖျားကျေးရွာနှင့် အလယ်ရွာသစ်ကျေးရွာတို့၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဝင်းနိုင်နှင့် ဝန်ထမ်းများက သက်ဆိုင်ရာကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကုန်ဘောင်ကျေးရွာ၊ ရခိုင်မင်းပြင်ကျေးရွာ၊ ဝက်တောပြင်ကျေးရွာ၊ ချောင်းဖျားကျေးရွာနှင့် အလယ်ရွာသစ်ကျေးရွာတို့တွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များမှာကြားသည်။

ကုန်ဘောင်ကျေးရွာ ကွန်ကရစ်လမ်းအရှည်ပေ ၆၄၀၊ အကျယ် ၁၁ ပေ၊ အမြင့် ခြောက်လက်မခင်းခြင်းလုပ်ငန်း၊ ရခိုင်မင်းပြင်ကျေးရွာ ကွန်ကရစ်လမ်းအရှည်ပေ ၇၀၀၊ အကျယ် ကိုးပေ၊ အမြင့်ခြောက်လက်မခင်းခြင်းလုပ်ငန်း၊ ဝက်တောပြင်ကျေးရွာ ကွန်ကရစ်လမ်းအရှည်ပေ ၆၅၀၊ အကျယ် ကိုးပေ၊ အမြင့်ခြောက်လက်မခင်းခြင်းလုပ်ငန်း၊ ချောင်းဖျားကျေးရွာ ကွန်ကရစ်လမ်းအရှည်ပေ ၆၅၀၊ အကျယ် ကိုးပေ၊ အမြင့် ခြောက်လက်မခင်းခြင်းလုပ်ငန်းနှင့် အလယ်ရွာသစ်ကျေးရွာ ကွန်ကရစ်လမ်းအရှည်ပေ ၆၅၀၊ အကျယ် ကိုးပေ၊ အမြင့် ခြောက်လက်မခင်းခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၅၀၀ ဖြင့် ကျေးလက်နေပြည်သူများကိုယ်တိုင် စက်တင်ဘာလ စတုတ္ထပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်ဝင်းနိုင်က ပြောပြ၍ သိရသည်။

**သုတ**



# လူ့ဘောင်လောကကြီး၏ အန္တရာယ်များ

**မြင်းခြံကျော်အောင်**

လူ့ဘောင်လောကကြီးရှိ လူတိုင်းသည် နေ့စဉ် အန္တရာယ်အသွယ်သွယ်နှင့် ရင်ဆိုင်နေကြရပေသည်။ ထိုအန္တရာယ်များကား အသက်၏အန္တရာယ်၊ အသိဉာဏ်၏အန္တရာယ်၊ ပစ္စည်းဥစ္စာ၏အန္တရာယ်နှင့် ဂုဏ်ကျက်သရေတို့၏အန္တရာယ်များဖြစ်ကြပေသည်။ လူတိုင်းတွင် အရေးအကြီးဆုံးအရာများမှာ အသက်၊ အသိဉာဏ်၊ ပစ္စည်းဥစ္စာနှင့် ဂုဏ်ကျက်သရေများဖြစ်ကြသည်ဟု မြတ်စွာဘုရားက ဟောကြားခဲ့သည်။ ထိုအရေးအကြီးဆုံးအရာများ အန္တရာယ်မကျရောက်စေရန် ပြုမူကျင့်ကြံနေထိုင်ရန်လည်း ဟောကြားလမ်းညွှန်ခဲ့သည်။ ဖော်ပြပါအန္တရာယ်များ မိမိထံ မကျရောက်စေရန် ကာကွယ်နိုင်ပါက အသက်ရှည်ခြင်း၊ ကောင်းကျိုးချမ်းသာ အဖြာဖြာကိုခံစားရခြင်း၊ ပစ္စည်းဥစ္စာကုံလုံကြွယ်ဝခြင်းနှင့် ဂုဏ်ကျက်သရေဖြင့် တင့်တယ်ခြင်းအကျိုးတရားများ ခံစားစံစားရမည်။ ထို့ကြောင့် အကျိုးကျေးဇူးရရှိကြစေရန် အရင်းခံအကြောင်းများကို ဖော်ပြလိုက်ပါသည်။

**အသက်၏ အန္တရာယ်များ**

လူတိုင်း အချိန်တိုင်း ရင်ဆိုင်နေရသောအမှုများမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ဖြစ်ကြသည်။

**ကံ**

ကံတွင် နှစ်ပိုင်းရှိသည်။ ပထမက ရှေးဘဝပေး ကုသိုလ်ကံ၊ ဒုတိယက ယခုကာလ၏ ကုသိုလ်ကံတို့ဖြစ်သည်။ ကံဟူသည် အလုပ်ဖြစ်သည်။ ကုသိုလ်ကံ အကျိုးပေးကြောင့် လူတို့အသက်တိုရခြင်း အန္တရာယ် ရင်ဆိုင်ရသည်။ အသက်ကိုလည်း ရှည်ရှည်နေရအောင်လုပ်၍ရသည်။ မြတ်စွာဘုရားလက်ထက်တော်က အာယုဝဍ္ဎနသားငယ်သည် ခုနစ်ရက်မျှ အသက်ရှင်ခွင့်ရှိသော်လည်း ဘုရားအမှူးရှိသော သံဃာတော်များကို ဖူးမြော်ကန်တော့ရခြင်းဖြင့် အသက်ရှည်ရှည်နေခဲ့ရသည်။ ထို့ပြင် သီဟိုဠ်ကျွန်းမှ ဘုရင်တစ်ပါးသည်လည်း နန်းတက်စတွင် ပုဏ္ဏားပညာရှိများကို မိမိမည်မျှကြာကြာ နန်းစံရမလဲဟုမေးရာ ကြာကြာနန်းစံခွင့်မရှိကြောင်း လျှောက်ကြသည်။ ထိုအခါ မင်းကြီးက အသက်ရှည်ရှည် ကြာကြာနန်းစံရစေရန် မည်သို့ဆောင်ရွက်ရမည်နည်းဟုမေးရာ ပုဏ္ဏားပညာရှိများက ဘုရားအိုကျောင်းပျက်များကို ပြုပြင်ပါ၊ သီလမြဲစွာပြုကျင့်ပါဟု လျှောက်ထားသည်။ မင်းကြီးလည်း ပညာရှိပုဏ္ဏားများ ပြောကြားသည့်အတိုင်း ပြုကျင့်ရာ အသက်ရှည်ပြီး ထီးနန်းစည်းစိမ်ကြာကြာ ခံစားရသည်။

လူ့ဘောင်လောကရှိ လူတို့လည်း ကောင်းမှုကုသိုလ်များပြုကျင့်ကြမည်။ ဘုရား၊ တရား၊ သံဃာတို့ကို အစဉ်ဝတ်ပြုရှိခိုးကြပါက မိမိတွင်ကျရောက်လာမည့် အသက်တိုခြင်းအန္တရာယ်ကို ကာကွယ်နိုင်သည်။

ကံနှင့်ပတ်သက်၍ ယခုပစ္စုပ္ပန်ကံတွင် မရှောင်လွှဲနိုင်သောကံအကြောင်းများ၊ ရှောင်လွှဲနိုင်သောကံအကြောင်းများဟူ၍ နှစ်ပိုင်းရှိသည်။ မရှောင်လွှဲနိုင်သော ကံအကြောင်းမှာ လေယာဉ်၊ ရဟတ်ယာဉ်ပျက်ကျရာတွင် ပါဝင်ရခြင်း၊ မော်တော်ယာဉ်တိမ်းမှောက်ရာတွင် ပါဝင်သွားရခြင်း၊ ရထားချင်းတိုက်ရာတွင် သေဆုံးရခြင်းတည်းဟူသော အကြောင်းများဖြစ်ကြသည်။ ဤတွင် ကပ်ရောဂါကြောင့် သေဆုံးရမှုများလည်း ပါဝင်သည်။ ရှောင်လွှဲနိုင်သောကံအကြောင်းများမှာ ညအချိန်မတော်ခရီးထွက်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်ကို စည်းကမ်းမဲ့မောင်းနှင်ခြင်း၊ အရက်သေစာ အလွန်အကျူးသောက်ခြင်း၊ မူးယစ်ဆေးဝါးများမှီဝဲခြင်း၊ ဆေးလိပ်၊ ကွမ်းယာ များစွာ သုံးစွဲခြင်းတို့ကို ဆင်ခြင်နိုင်လျှင်၊ လုံ့ဝမပြုကျင့်လျှင် အသက်တိုခြင်းအန္တရာယ်ကို ကာကွယ်နိုင်မည်ဖြစ်သည်။

**စိတ်**

စိတ်ဆိုးစိတ်ယုတ်များမှာ လူအများသိပြီးဖြစ်သော လောဘ၊ ဒေါသ၊ မောဟ၊ မာန စသောစိတ်များဖြစ်ပြီး လူကို အန္တရာယ်ဖြစ်စေသည်။ စိတ်ကောင်းနှလုံးကောင်းဟူသည်မှာ အလောဘ၊ အဒေါသ၊ သတိ၊ သဒ္ဓါနှင့် ဟိရိဩတ္တပ္ပတို့ဖြစ်ပြီး လူကိုအန္တရာယ်ကင်းစေသည်။

ထို့ကြောင့် စိတ်ကိုအန္တရာယ်မကျရောက်စေရန် စိတ်ကောင်းမွေးရန်လိုသည်။ စိတ်ဆိုးစိတ်ယုတ်သည် စိတ်၏အန္တရာယ်ဖြစ်သည်။

**❖ အသိဉာဏ်ကို အန္တရာယ်မကျရောက်စေရန် ပညာမျက်စိဖြင့် ဆောင်ရွက်ကြရမည်။ နေ့စဉ်ထုတ်သတင်းစာများဖတ်ခြင်း၊ စာကောင်းပေကောင်းများ ငှားဖတ်ခြင်း၊ ဗဟုသုတရှိသူများနှင့် စကားပြောခြင်း၊ အတုယူခြင်း၊ ဝုဒ္ဓကျမ်းစာများဖတ်ခြင်းတို့ပြုရမည်။ မတည်းဖြတ်ဘဲ လွှင့်တင်သည့် ဖေ့စ်ဘွတ်ပေါ်မှသတင်းများ၊ အသံလွှင့်ချက်များကို နားထောင်ခြင်း၊ ကြည့်ရှုခြင်း မပြုကြရန်လိုသည်။ သို့မှသာ ပညာမျက်စိအမြင်ရှိကာ အမြင်ကြည်လင်ပြီး အသိဉာဏ်အတွက် ကျရောက်လာမည့်အန္တရာယ်ကို ကာကွယ်နိုင်မည်ဖြစ်သည်။ ❖**

**ဥတု**

လူ့ဘောင်လောကအန္တရာယ်တွင် ဥတုသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ရာသီဥတုများဖောက်ပြန်သဖြင့် ကမ္ဘာ့လူသားများ အမြောက်အမြားသေကြရသည်။ အမေရိကန်နိုင်ငံတွင် လေဆင်နှာမောင်းတိုက်၍ လူသေခြင်း၊ အဆောက်အအုံများ ပျက်စီးခြင်းဖြစ်သည်။ အပူပိုင်းနိုင်ငံများ ဖိလစ်ပိုင်၊ အိန္ဒိယ စသောနိုင်ငံများတွင် မုန်တိုင်းဒဏ်ကြောင့် လူတို့သေဆုံးခြင်း၊ သီးနှံစိုက်ခင်းများ ရေနစ်ဆုံးရှုံးခြင်း၊ အိုးအိမ်ပျက်စီးခြင်းတို့ဖြစ်ရသည်။ မီးတောင်ရှိသောနိုင်ငံများတွင် မီးတောင်ပေါက်ကွဲ၍ လူတို့သေကြရသည်။ ယခုနှစ်မေလ၊ ဇွန်လတို့တွင် တရုတ်၊ ဂျပန်နိုင်ငံများ၌ အပူလှိုင်းကျရောက်၍ လူများစွာအပူလျှပ်သေဆုံးခဲ့ကြရသည်ကို နိုင်ငံတကာသတင်းများတွင် ဖတ်မှတ်ရသည်။

ဥတု၏အန္တရာယ်ကို လူတိုင်းသတိဖြင့် ကာကွယ်နိုင်ပါက အန္တရာယ်ကင်းနိုင်သည်။ မိုးအဆက်မပြတ်ရွာသောရက်တွင် ခရီးထွက်ခြင်းကို ရှောင်ရှားခြင်း၊ နွေကာလအထူးပူပြင်းချိန်တွင် ပင်ပန်းသော ကာယလုပ်ငန်းများ လျှော့၍လုပ်ကိုင်ခြင်း၊ အပူဒဏ်ခံအရိပ်အာဝါသရှိသောနေရာတွင် နေထိုင်ခြင်း၊ ပြေးလွှားဆော့ကစားပြီး များစွာမောနေချိန် ရေ၊ အချိုရည်မသောက်ခြင်း၊ လျှပ်စီးလက်၍ မိုးခြိမ်းစဉ်လက်ကိုင်ဖုန်း၊ ရုပ်မြင်သံကြားစက်ပိတ်ထားခြင်း၊ မိမိအိမ်ပေါ် ပြိုကျနိုင်သည့် သစ်ပင်ကြီးများကို ခုတ်လှဲရှင်းလင်းခြင်း စသည်တို့ပြုပါက ရာသီဥတု၏အန္တရာယ်ကို ကာကွယ်ပြီးဖြစ်သည်။

**အာဟာရ**

လူတို့ မဆင်ခြင်နိုင်သည်မှာ အာဟာရဖြစ်သည်။ ဝက်၊ ကြက်၊ ဆိတ်၊ ငါး၊ ပုစွန် စသည့် အသားတို့ကို အလွန်အကျွံစားသဖြင့် ကင်ဆာရောဂါဖြစ်ပွားနိုင်သည်။ အချိုရည်၊ ကော်ဖီ၊ လက်ဖက်ရည်အလွန်အကျွံ သောက်သုံးခြင်း၊ ထမင်း၊ ကောက်ညှင်းများ အစားများခြင်းမှ ဆီးချို၊ သွေးချိုရောဂါဖြစ်ပွားတတ်သည်။ စားအုန်းဆီဖြင့် ဆီပြန်ဟင်းများ၊ ဆီကြော်အစားအစာများ အစားများရာမှ သွေးတိုးရောဂါ၊ နှလုံးရောဂါဖြစ်ပွားတတ်သည်။ ရောဂါဖြစ်လာလျှင် ပထမ ငွေကြေးကုန်ကျရသည်။ နောက်ဆုံး ရောဂါဒဏ်ပြင်းပြင်းထန်ထန်ခံစားရကာ အသက်ကို အန္တရာယ်ဖြစ်စေသည်။

ထို့ကြောင့် **"တန်ဆေးလွန်ဘေး"**ဟူသော စကားအရ သင့်ရုံတော်ရုံစားခြင်းဖြင့် ခွန်အားဖြစ်ရသည်။ ကျန်းမာရသည်။ အသက်အန္တရာယ်ကင်းပြီး အသက်ရှည်ရပေသည်။ အသက်ကို ထောက်ချင့်သိတတ်ကဉာဏ်ဖြင့် စောင့်ရှောက်ရန်ဖြစ်သည်။

**အသိဉာဏ်၏အန္တရာယ်**

**"အကြင်သူသည် ပညာမျက်စိမရှိ၍ ဖြစ်လတ္တံ့သောဘေးရန်ကိုမသိ၊ အကြောင်းအကျိုးကိုလည်း မသိ၊ မမြင်တတ်၊ ထို့ပြင် လာလတ္တံ့သော ဘေးရန်အမျိုးမျိုးကို မသိမမြင်သောသူသည် ရန်သူ့လက်တွင်းသို့ ရောက်တတ်၏"**ဟု မြတ်စွာဘုရားက ဟောကြားထားသည်။ ပညာမျက်စိသည် လူတို့တွင် အရေးကြီးသော အသက်၊ စည်းစိမ်နှင့် ဂုဏ်ကျက်သရေတို့တွင် အရေးအကြီးဆုံးအချက်ဖြစ်ပေသည်။ မြတ်စွာဘုရားဟောကြားတော်မူသည့်အတိုင်း ပညာမျက်စိမရှိခြင်း၊ အသိဉာဏ်မပြည့်ဝခြင်းသည် ဖြစ်လာမည့်ဘေးရန်ကိုလည်း မသိပါ။ အကြောင်းအကျိုးဆက်စပ်ဖြစ်ပေါ်တတ်သည်ကိုလည်း မသိပါ။ ဖြစ်လာနိုင်သည့် ဘေးအန္တရာယ်နှင့် ရန်အမျိုးမျိုးကိုလည်း မသိမမြင်ပါ။

ထိုသို့ မသိမမြင်မှုကြောင့် ဆုံးရှုံးမှုကြီးစွာဖြစ်ရသည့် သာဓကတစ်ခုမှာ လယ်သမားတစ်ဦးသည် သူ့လယ်ကွင်းထဲ၌ စစ်ကျန်ဗုံးသီးတစ်လုံးရခဲ့သည်။ အိမ်ယူသွားပြီး ပုဆိန်ဖြင့် ဗုံးကိုပေါက်ရာ ဗုံးကွဲပြီး သူလည်းသေ၊ အနီးရှိသူတစ်ဦးလည်း ဒဏ်ရာပြင်းထန်စွာရခဲ့သည်။ ဤသည်ကလည်း လာလတ္တံ့သောဘေးကို မသိမမြင်ရာမှ ဖြစ်ပေသည်။

အသိဉာဏ်ကို အန္တရာယ်မကျရောက်စေရန် ပညာမျက်စိဖြင့် ဆောင်ရွက်ကြရမည်။ နေ့စဉ်ထုတ်သတင်းစာများ ဖတ်ခြင်း၊ စာကောင်းပေကောင်းများ ငှားဖတ်ခြင်း၊ ဗဟုသုတရှိသူများနှင့် စကားပြောခြင်း၊ အတုယူခြင်း၊ ဝုဒ္ဓကျမ်းစာများဖတ်ခြင်းတို့ ပြုရမည်။ မတည်းဖြတ်ဘဲ လွှင့်တင်သည့် ဖေ့စ်ဘွတ်ပေါ်မှသတင်းများ၊ အသံလွှင့်ချက်များကို နားထောင်ခြင်း၊ ကြည့်ရှုခြင်း မပြုကြရန်လိုသည်။ သို့မှသာ ပညာမျက်စိအမြင်ရှိကာ အမြင်ကြည်လင်ပြီး အသိဉာဏ်အတွက် ကျရောက်လာမည့် အန္တရာယ်ကို ကာကွယ်နိုင်မည်ဖြစ်သည်။

**စည်းစိမ်ဥစ္စာတို့၏ အန္တရာယ်**

လူတိုင်းတွင် မရှိမဖြစ်လိုအပ်သောအရာမှာ စည်းစိမ်ဥစ္စာဖြစ်သည်။ ရွှေ၊ ငွေ၊ ပုလဲ၊ ကျောက်သံပတ္တမြားမှမဟုတ်ပါ။ မရှိမဖြစ်ပစ္စည်းများမှာ နေစရာအိမ်၊ ဝတ်စရာအဝတ်အထည်၊ စားစရာ ဆန်ရေစပါးနှင့် လူမှုရေးအရ ပေးကမ်းသုံးစွဲလှူဒါန်းရန် ငွေကြေးများဖြစ်သည်။ ထို့ကြောင့် မြတ်စွာဘုရားက ဤသို့မိန့်ကြားတော်မူသည်။

**"လူတို့ကျင့်ရာသော အကြောင်းတရားနှစ်ပါးကား မရသေးသောစည်းစိမ်ဥစ္စာကို ရအောင်ပြုခြင်းနှင့် ရရှိပြီးသောစည်းစိမ်ကို စောင့်ရှောက်ခြင်းတို့ဖြစ်ကြပေသည်။"**

လူဟူ၍ ဖြစ်လာကတည်းက စည်းစိမ်ဥစ္စာများကို ရှာဖွေခဲ့ကြသည်။ မဖွံ့ဖြိုးမီက ကျောက်ဂူများထဲတွင်နေကြသည်။ သစ်ရွက်သစ်ခက်ကို အရှက်လုံအောင်ဝတ်ကြသည်။ ကျောက်ဖြင့် ဓားပြုလုပ်ကြသည်။ သီးနှံကို ကြပက်ထားလျှင် အပင်ပေါက်ပြီး အသီးစားခဲ့ကြရသည်။

တိုးတက်လာသောခေတ်ကြီးတွင် လူတို့သည် အဆင့်မြင့်မြင့်နေလာတတ်ကြသည်။ ထို့ကြောင့် စည်းစိမ်ဥစ္စာများလည်း ပိုမိုလိုအပ်လာကြသည်။ ထို့ကြောင့် မိမိစွမ်းအားရှိသမျှ ရှာဖွေရရှိလာသော ပစ္စည်းဥစ္စာတို့ကို အန္တရာယ်မကျရောက်စေရန် ထိန်းသိမ်းကြရမည်ဖြစ်သည်။ ဤသို့ ထိန်းသိမ်းကြရန်လည်း မြတ်စွာဘုရားက အောက်ပါအတိုင်းဟောကြားခဲ့သည်။

(က) မင်းတို့သိမ်းယူခြင်းမှ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ခ) သူခိုးဓားပြတို့ မယူဆောင်နိုင်အောင်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) မီး၊ ရေတို့ မဖျက်ဆီးနိုင်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဃ) အမွေခံသားဆိုး၊ သမီးဆိုးတို့ ဘေးအန္တရာယ်မှ ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ဖြစ်သည်။

အန္တရာယ်မကျရောက်စေရန် နေ့စဉ်အချိန်နှင့်အမျှ ထိန်းသိမ်းစောင့်ရှောက်ကြရမည်။

ဥပဒေနှင့်မလွတ်ကင်းသောပစ္စည်း၊ တရားမဝင်ကုန်သွယ်မှုနှင့် တရားဝင်ခွင့်မပြုသောပစ္စည်းများ ရောင်းဝယ်ခြင်း၊ လက်ဝယ်ထားခြင်းကြောင့် မင်းဘဏ္ဍာအဖြစ် အသိမ်းခံရသည်။ တရားဝင်ကုန်သွယ်မှုကို ဥပဒေဘောင်အတွင်း လုပ်ကိုင်လျှင် အန္တရာယ်ကင်းမည်ဖြစ်သည်။

မီး၊ ရေတို့၏အန္တရာယ်မှာ နှစ်စဉ်ဒေသအနှံ့ ဖြစ်ပွားလျက်ရှိသည်။ တစ်ဦးတစ်ယောက်၏ပေါ့ဆမှုကြောင့် အိမ်ထောင်စုများစွာပြာကျရသည်။ ရေကြီးရေလျှံ၊ မြေပြို၍ လူ၊ ကျွဲ၊ နွား သေဆုံး၊ အိုးအိမ် စိုက်ခင်းပျက်စီးရသည်။ ကြိုတင်ကာကွယ်နိုင်မှ အန္တရာယ်ဘေးလွတ်ကင်းမည်။ သားဆိုး၊ သမီးဆိုးနှင့် မိမိကို မချစ်မနှစ်သက်သူများ၏အန္တရာယ်ကြောင့် စည်းစိမ်များ လျော့နည်းပျောက်ဆုံးရသည်။ ဆုံးရှုံးရသည်။

ထိုသို့ မိမိစည်းစိမ်ဥစ္စာများ အန္တရာယ်မကျရောက်စေရန် ထိန်းသိမ်းကြရမည်။ သတိသမ္ပဇဉ်ဉာဏ်ဖြင့်ယှဉ်ပြီး ထိန်းရမည်။ ပေါ့လျော့မှုမရှိ၊ အစဉ်ဂရု

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ဆိုတာပါ။

# ကန့်ဘလူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် သီးနှံစုံ ၂၀၉၄၀၁ ဧက စိုက်ပျိုးပြီးစီး

**ကန့်ဘလူ နိုဝင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၂၀၉၄၀၁ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် သီးနှံစုံ ၃၅၂၂၄၆ ဧကစိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ သီးနှံစုံ ၂၀၉၄၀၁ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းရာသီကာလမှာ ကန့်ဘလူမြို့နယ်အတွင်း ဆောင်းသီးနှံစုံ ဧက သုံးသိန်းကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ အခုလက်ရှိ ဧက နှစ်သိန်းကျော် စိုက်ပြီးသွားပါပြီ။ ဆက်လက်စိုက်ပျိုးနေပါတယ်။ ဆောင်းသီးနှံစုံ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲမျိုးစုံ ၆၉၅၇၅ ဧက၊ ဆီထွက်သီးနှံ ၁၂၉၅၃၁ ဧက၊ အခြားသီးနှံ ၈၈၃၇ ဧက၊ နှစ်ရှည်သီးနှံ ၁၄၅၈ ဧက စုစုပေါင်းသီးနှံစုံ ၂၀၉၄၀၁ ဧက တို့ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် ပဲမျိုးစုံ ၉၄၇၆၇ ဧက၊ ဆီထွက်သီးနှံ ၂၀၀၉၀၄ ဧက၊ စားပိုဆောင်သီးနှံ ၂၀၁ ဧက၊ အခြားသီးနှံဧက ၂၂၃၅၀၊ နှစ်ရှည်သီးနှံ ၁၄၂၄ ဧက တို့စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်းသီးနှံ အချိန်မီစိုက်ပျိုးရန်၊ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ရန်၊ မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးရန်အတွက် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)



➤ စာမျက်နှာ ၄ မှအဆက်

တစိုက် အစစအရာရာဆောင်ရွက်ခြင်းဖြင့် အန္တရာယ်အသွယ်သွယ်မှ ကင်းဝေးမည်။ သို့မှသာ ကိုယ်စိတ်နှစ်ဖြာချမ်းသာရမည်ဖြစ်သည်။

**ဂုဏ်ကျက်သရေ၏ အန္တရာယ်**

လူတစ်ဦးချင်းတွင် ဂုဏ်ကျက်သရေများရှိကြသည်။ လုပ်ငန်းကြီးလုပ်သူများလည်း ချီးကျူးဖွယ်ဖြစ်အောင်လုပ်မှ ချီးကျူးခံရမည်။ မိမိလုပ်ငန်းဂုဏ်တက်ပေမည်။ စေတနာနည်းပြီး ဝတ်ကျေတမ်းကျေလုပ်လျှင်၊ မတော်မတရားပြုကျင့်လျှင် ဂုဏ်ပျက်ပြီး ဂုဏ်ကျက်သရေ၏အန္တရာယ်ကျရောက်ပေမည်။ ထိုအခါ ပျက်စီးခြင်း၊ ဆုတ်ယုတ်ခြင်းများဖြင့်ရင်ဆိုင်ရမည်။ ဂုဏ်ကျက်သရေဆုတ်ယုတ်စေသည့်အကြောင်းကို မြတ်စွာဘုရားက အောက်ပါတရားတော်ကို ဟောကြားခဲ့သည်။

**"သူတစ်ပါးတို့ အပြစ်တင်ခြင်းကိုလည်းမကြောက် အပူဇော်ခံခြင်းကိုလည်း အလိုမရှိသူတို့၏ ဂုဏ်ကျက်သရေသည် အယဉ်ထန်စွာရွာသော မိုးရေသည် တောင်ထိပ်၌ မတည်သကဲ့သို့တည်း"**

သူတစ်ပါးအပြစ်ပြောခံရခြင်း၊ ဖမ်းဆီးချုပ်နှောင်ခံရခြင်း၊ သေဒဏ်ပင်ကျခံရခြင်းတို့ကို ယခုအခါမကြောက်သူများ များပြားလျက်ရှိသည်။

အမှန်မှာ သူတစ်ပါးအပြစ်ပြောခြင်းကိုကြောက်ရမည်။ သူတစ်ပါးတို့ ချီးကျူးခြင်း၊ ဂုဏ်ပြုခြင်း၊ ပူဇော်ကန်တော့ခံရခြင်းကိုမူ အလိုရှိရမည်။ ထိုသို့ဖြစ်ရန် မင်္ဂလာတရားနှင့်အညီကျင့်ရမည်။ သို့မှသာ ကိုယ်စိတ်နှစ်ဖြာချမ်းသာပြီး လူ့ဘောင်လောကကြီးလည်း သာယာမှုအပေါင်း ခညောင်းမည်။ ချီးကျူးခြင်း၊ ဂုဏ်ပြုခြင်းကို မလိုလားသူသည် အကျိုးမဲ့အလုပ်များလုပ်ပေမည်။ ထိုအခါ မိမိနှင့် လူ့လောကကြီးပါပျက်စီးပေတော့သည်။

အချုပ်အားဖြင့်ဆိုရသော် လူ့ဘောင်လောကကြီး၏ အန္တရာယ်များမှ လွတ်ကင်းစေရန် အသက်ကို ဉာဏ်ဖြင့်စောင့်ရှောက်ပါ။ အသိဉာဏ်ကို ပညာမျက်စိဖြင့် စောင့်ရှောက်ပါ။ ဥစ္စာကို ရန်သူမျိုးငါးပါးမကျရောက်စေရန် ထိန်းသိမ်းပါ။ နောက်ဆုံး ဂုဏ်ကျက်သရေ၏အန္တရာယ်ကို ကာကွယ်ရန် တစ်ပါးသူ၏ အပြစ်တင်ခြင်းခံရမည်ကို ကြောက်ပြီး မိမိအပြုအမူများကို ဂရုတစိုက်ဆောင်ရွက်ရန်ဖြစ်သည်။

ထို့ကြောင့် ဖော်ပြပါအန္တရာယ်များကို ကာကွယ်နိုင်ခြင်းဖြင့် အသက်ရှည်ခြင်း၊ ပညာရှိသူဖြစ်ရခြင်း၊ ပစ္စည်းဉစ္စာပေါကြွယ်သူဖြစ်ရခြင်းနှင့် ဂုဏ်ကျက်သရေ အထွေထွေဖြင့် တင့်တယ်သူဖြစ်ရခြင်းအကျိုးတရားများ ခံစားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

အန္တရာယ်အသွယ်သွယ်ကို ကာကွယ်နိုင်ကြပါစေ။

**ကိုးကား**

- **မြတ်ဗုဒ္ဓ၏ ကြီးပွားရေးလမ်းညွှန်ချက်များ ဦးမောင်မောင် (ဟံသာဝတီ)**

# ကြိုးစားပါ

- ကြိုးစားသူ ရှေ့သို့ရောက်
တောက်ပမည့် ဘဝပါ၊
ရည်ရွယ်ရာ ပန်းတိုင်လမ်း
လှမ်းကြစို့ဗျာ၊
အခက်ခဲ ကျော်ဖြတ်ကာ
အသိပညာ ယှဉ်တွဲ၊
နေ့သစ်ဆီ အသင်သွား
နိုးကြားမာန်ဇွဲ။

- ရှုံးနိမ့်လျှင် ပြင်ဆင်လျက်
ဘဝအတွက် ချီတက်လေ၊
ရလဒ်သည် အကျိုးဖြစ်
စိတ်သစ်ဖြင့်နေ၊
ပျင်းရိခြင်း ရှောင်ကြဉ်စေ
ပန်းတိုင်မြေ ရောက်မှာမို့၊
အတွေ့ကြုံအသုံးချ
လှမ်းကြပါစို့။

- သင့်ဂုဏ်ရည် အလှတရား
ခမ်းနားလို့ တင့်တယ်ရန်၊
အမှားကို မပြုလုပ်ဘဲ
ကြိုးကုတ်စိတ်ကြံ၊
အားငယ်ခြင်း မေ့ပျောက်အမှန်
စိတ်သန္တာန် မြှင့်တင်ပေး၊
နေ့စဉ်သာ အောင်မြင်မှုက
ဆုလာဘ်ဂုဏ်မွေး။ ။

**ဖြိုးထက်(ရေစကြို)**

# ကျေးသီးမြို့နယ် ပန်ပိုကျေးရွာ၌ ဖြူန်းကျောက်ခင်းခြင်းပြီးစီးမှု စစ်ဆေး

**ကျေးသီး နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ဝမ်ခုန့်ကျေးရွာအုပ်စု ပန်ပိုကျေးရွာ၌ ဖြူန်းကျောက်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်၊ စီမံကိန်းတာဝန်ခံ ဦးဟိန်းမင်းသူနှင့် ဝန်ထမ်းများက ပန်ပိုကျေးရွာ၌ လမ်းအရှည်ပေ ၂၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဖြူန်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ပန်ပိုကျေးရွာတွင် ဖြူန်းကျောက်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ ကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးရွာရှိအိမ်ခြေ ၃၄ အိမ်၊ လူ ၁၄၁ ဦးတို့ ရာသီမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှသိရသည်။ **ရိုးသန်းညွန့်**

## နိုင်ငံတကာ သတင်းများ

# တရုတ်သမ္မတ ရှီကျင့်ဖျင် ဂျီ-၂၀ ထိပ်သီးညီလာခံကာလ၌ အမေရိကန်သမ္မတ၊ ပြင်သစ်သမ္မတတို့နှင့် တွေ့ဆုံဆွေးနွေးမည်



**ပေကျင်း နိုဝင်ဘာ ၁၁**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ လာမည့် ရက်သတ္တပတ်အတွင်း ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးညီလာခံကာလ၌ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၊ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်တို့နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျီ-၂၀ ထိပ်သီးညီလာခံသို့ သမ္မတ ရှီကျင့်ဖျင်တက်ရောက်မည့် အစီအစဉ်၊ အမေရိကန်သမ္မတ၊ ပြင်သစ်သမ္မတတို့နှင့် တွေ့ဆုံဆွေးနွေးမည့်အစီအစဉ်ကို တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အမေရိကန်အစိုးရ တာဝန်ရှိသူများ၏အဆိုအရ သမ္မတရှီကျင့်ဖျင်သည်အမေရိကန်သမ္မတဂျိုးဘိုင်ဒင်နှင့် နိုဝင်ဘာ ၁၄ ရက်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲသည် အမေရိကန်သမ္မတရာထူးကို ဂျိုးဘိုင်ဒင်ရယူပြီးနောက် ပထမဆုံးအကြိမ်အဖြစ် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် လူချင်းတွေ့ဆုံဆွေးနွေးမှု ဖြစ်လာလိမ့်မည်ဖြစ်သည်။

သမ္မတဂျိုးဘိုင်ဒင်သည် သမ္မတဟောင်း အိုဘားမားအစိုးရ၏ ဒုတိယသမ္မတအဖြစ် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် နောက်ဆုံးတစ်ကြိမ် လူချင်းတွေ့ဆုံခဲ့ဖူးသည်။

လက်ရှိအချိန်တွင် တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံဆက်ဆံရေးမှာ တရုတ်(တိုင်ပေ) ပြဿနာကို အကြောင်းပြု၍ တင်းမာလျက်ရှိကြောင်း သိရသည်။ KKO

# အမ်အီးအေလေကြောင်းလိုင်းခရီးသည်တင်လေယာဉ် ဘော့ရွတ်လေဆိပ်အဆင်း သေနတ်ကျည်ထိမှန်

**ဘေရွတ် နိုဝင်ဘာ ၁၁**

အရှေ့အလယ်ပိုင်း လေကြောင်းလိုင်း(အမ်အီးအေ)၏ခရီးသည်တင် လေယာဉ်တစ်စင်းသည်လက်ဘနွန်နိုင်ငံ ဘေရွတ်လေဆိပ်သို့ နိုဝင်ဘာ ၁၀ ရက်တွင် ဆင်းသက်နေစဉ် မိုးပေါ်ထောင်ဖောက် လိုက်သော သေနတ်ကျည်တစ်တောင့် ထိမှန်ခံခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါခရီးသည်တင် လေယာဉ်သည် ဂျော်ဒန်နိုင်ငံမှ ပျံသန်းလာပြီးနောက်ဘေရွတ်နိုင်ငံတကာလေဆိပ်သို့ဆင်းသက်နေစဉ် သေနတ်ကျည် ထိမှန်ခံခဲ့ရခြင်းဖြစ်သည်။

သေနတ်ကျည် ထိမှန်မှုကြောင့် လေယာဉ်ပေါ် လိုက်ပါလာသူ မည်သူတစ်ဦးတစ်ယောက်မျှထိခိုက်ဒဏ်ရာမရခဲ့ကြောင်း အမ်အီးအေ လေကြောင်းလိုင်းက သတင်းထုတ်ပြန်ထားသည်။

ဘေရွတ် လေဆိပ်ဝန်းကျင်နယ်မြေများမှ လေထဲထောင်ပစ်ဖောက်ခဲ့သည့် သေနတ်ကျည်ဆန်များသည် ဘေရွတ်လေဆိပ်၌ ရပ်နားထားသည့် လေယာဉ်များကို ထိမှန်တတ်သော်လည်း ပျံသန်းနေဆဲလေယာဉ်တစ်စင်းအား ထိမှန်မှုမှာ ပထမဆုံးအကြိမ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သေနတ်ပိုင်ဆိုင်သူ များပြားသောလက်ဘနွန်နိုင်ငံ၌ ပွဲလမ်းသဘင်များ၊ နိုင်ငံရေးအခမ်းအနားများတွင် သေနတ်များမိုးပေါ်ထောင်ဖောက်လေ့ရှိသည်။

သို့သော် သေနတ်မိုးပေါ်ထောင်ဖောက်မှုအလေ့အထသည် ဘေရွတ်လေဆိပ်နှင့် လေယာဉ်များအတွက် အန္တရာယ်ရှိသည်ဖြစ်ရာ ယင်းအလေ့အထကို လက်ဘနွန်တာဝန်ရှိသူများအနေဖြင့် ပိတ်ပင်သင့်သည်ဟု အမ်အီးအေ လေကြောင်းလိုင်းက တိုက်တွန်းထားကြောင်း သိရသည်။ KKO

# အရှေ့တီမောကို အဖွဲ့ဝင်နိုင်ငံသစ်အဖြစ်လက်ခံရန် အာဆီယံခေါင်းဆောင်များ မူအားဖြင့်သဘောတူ

**ဖနွမ်းပင် နိုဝင်ဘာ ၁၁**

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ယနေ့တွင်ကျင်းပခဲ့သော အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) ထိပ်သီးညီလာခံ၌ အာဆီယံခေါင်းဆောင်များသည် အရှေ့တီမောကို ၁၁ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံရေးအတွက် မူအားဖြင့် သဘောတူခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ထို့ပြင် အရှေ့တီမောနိုင်ငံကို အဆင့်မြင့်အာဆီယံဆွေးနွေးပွဲများ၌လေ့လာသူအဖြစ် တက်ရောက်ခွင့်ပေးရန်လည်းအာဆီယံခေါင်းဆောင်များက သဘောတူခဲ့ကြသည်။




မိမိတို့အနေဖြင့် အရှေ့တီမောနိုင်ငံကို အာဆီယံ၏ ၁၁ နိုင်ငံမြောက်အဖွဲ့ဝင်အဖြစ် ဝင်ခွင့်ပေးရေးအတွက် မူအားဖြင့် သဘောတူခဲ့ကြကြောင်းအာဆီယံခေါင်းဆောင်များ၏ပူးတွဲကြေညာချက်၌ ဖော်ပြထားသည်။

အရှေ့တီမောနိုင်ငံသည် ကုလသမဂ္ဂက ကမကထပြုကျင်းပပေးသည့် လူထုဆန္ဒခံယူပွဲရလဒ်အရ ၁၉၉၉ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံမှ လွတ်လပ်ရေးရယူခဲ့သည်။

အရှေ့တီမော နိုင်ငံသစ်ကို ကုလသမဂ္ဂကလည်း ၂၀၀၂ ခုနှစ်တွင် လွတ်လပ်သည့်နိုင်ငံတစ်နိုင်ငံအဖြစ် တရားဝင်အသိအမှတ်ပြုခဲ့သည်။

သို့ရာတွင် အရှေ့တီမောသည် အာဆီယံ၌ အဖွဲ့ဝင်အဖြစ် ပါဝင်ရေးအတွက် ၂၀၁၁ ခုနှစ်မှ တရားဝင်လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

# မက္ကဆီကို၌ အရက်ဆိုင်သေနတ်ပစ်ခတ်မှုဖြစ်ပွား အနည်းဆုံး ကိုးဦးသေဆုံး၍ နှစ်ဦးဒဏ်ရာရရှိ

**မက္ကဆီကိုစီးတီး နိုဝင်ဘာ ၁၁**

မက္ကဆီကို နိုင်ငံအလယ်ပိုင်း ဂွါနာဂျူအာတိုပြည်နယ် အရက်ဆိုင်တစ်ဆိုင်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူကိုးဦးသေဆုံး၍ နှစ်ဦးဒဏ်ရာများရခဲ့ကြောင်း ရိုက်တာသတင်းဌာနက နိုဝင်ဘာ ၁၀ ရက်တွင် ဖော်ပြခဲ့သည်။

အပါဆီယိုအယ်လ်တိုအမည်ရှိ မြို့တွင်း အရက်ဆိုင်တစ်ဆိုင်တွင်းသို့ နိုဝင်ဘာ ၉ ရက်ညပိုင်းက သေနတ်ကိုင်လူတစ်စု ဝင်ရောက်လာပြီး ဆိုင်အတွင်းရှိနေသူများကို ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း မက္ကဆီကိုတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါသေနတ်ပစ်ခတ်မှုအတွင်း အမျိုးသား ငါးဦး၊ အမျိုးသမီးလေးဦးသေဆုံး၍ အမျိုးသမီးနှစ်ဦး သေနတ်ဒဏ်ရာများ ရရှိခဲ့သည်။

ဂွါနာဂျူအာတို ပြည်နယ်သည် ပြီးခဲ့သည့်နှစ်များအတွင်း မြိုင်ဘက်မူးယစ်ဂိုဏ်းများကြား နယ်မြေလုတိုက်ပွဲများနှင့် ရင်ဆိုင်ခဲ့ရသည်။

ပြီးခဲ့သည့်လကလည်း ယင်းပြည်နယ်ရှိ အိုင်ရာပူအာတိုမြို့ အရက်ဆိုင်တစ်ဆိုင်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူ ၁၂ ဦး သေဆုံးခဲ့ရသည်။

မက္ကဆီကိုသမ္မတ လိုပက်ဇ်အော်ဘရေဒေါ်သည် မူးယစ်ဂိုဏ်းများ၏ အကြမ်းဖက်မှုများကို လျှော့ချမည်ဟု ကတိပေးထားကြောင်း သိရသည်။

KKO



# ခါဆန်ဒေသ၏အနေအထား ပြောင်းလဲမှုမရှိကြောင်း ကရင်မလင်နန်းတော် ပြောရေးဆိုခွင့်ရှိသူ ပြောကြား

**မော်စကို နိုဝင်ဘာ ၁၁**

ရုရှားတပ်များ ခါဆန်မြို့မှ ပြန်လည်ဆုတ်ခွာမှုကြောင့် ခါဆန်ဒေသကြီး၏အနေအထားပြောင်းလဲသွားမည်မဟုတ်ကြောင်း ရုရှားအစိုးရပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ယနေ့တွင် ပြောကြားလိုက်သည်။

ခါဆန်ဒေသသည် ရုရှားအစိုးရက ရုရှားဖက်ဒရေးရှင်းအချုပ်အခြာပိုင်နယ်မြေအဖြစ်ကြေညာထားသော ယူကရိန်းဒေသကြီး ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ခါဆန်မြို့မှ ရုရှားတပ်များ ဆုတ်ခွာနေသည့်တိုင် ခါဆန်ဒေသကြီး၏ ရုရှားဖက်ဒရေးရှင်းအတွင်း ပါဝင်မှုအနေအထားအပြောင်းအလဲရှိလိမ့်မည်မဟုတ်ကြောင်း ဒီမီထရီပက်စကော့ဗ်က သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

မိမိတို့အနေဖြင့် ခါဆန်ဒေသ၏ အနေအထားကိုဥပဒေကြောင်းအရ အတည်သတ်မှတ်အဓိပ္ပာယ် ဖွင့်ဆိုပြီးသားဖြစ်ရာ ယင်းဒေသ၏ အခြေအနေအပြောင်းအလဲရှိလိမ့်မည်မဟုတ်ကြောင်း ဒီမီထရီပက်စကော့ဗ်က ဆက်လက်ပြောကြားခဲ့သည်။


ရုရှားနိုင်ငံသည် ယခုနှစ်စက်တင်ဘာလအတွင်း ခါဆန်ဒေသကြီးနှင့် အခြားယူကရိန်းဒေသများ၌ လူထုဆန္ဒခံယူပွဲများ ကျင်းပပြီးနောက် ယင်းဒေသများကို ရုရှားဖက်ဒရေးရှင်းအတွင်း ထည့်သွင်းလိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

ထို့ပြင် ခါဆန်မြို့ရှိ ရုရှားတပ်များအနေဖြင့်လည်း ဒီနီပရိုမြစ်တစ်ဖက်ကမ်းသို့ဆုတ်ခွာ၍ ခံစစ်ထိုင်မည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးက ကြေညာထားကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## အပူခံဒိုင်းဖြင့် အာကာသယာဉ်အရှိန်သတ်စနစ်ကို နာဆာ အောင်မြင်စွာစမ်းသပ်နိုင်ခဲ့



**ဝါရှင်တန် နိုဝင်ဘာ ၁၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)သည် အပူခံဒိုင်းဖြင့် အာကာသယာဉ်အရှိန်သတ်စနစ်ကို နိုဝင်ဘာ ၁၀ ရက်က အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ကြောင်း The Daily Mail သတင်းစာက နိုဝင်ဘာ ၁၀ ရက်က ရေးသားတင်ပြထားသည်။

LOFTID အမည်ရှိ အပူခံဒိုင်းဖြင့် အာကာသယာဉ်အရှိန်သတ်စနစ် စမ်းသပ်ယာဉ်ကို နိုဝင်ဘာ ၁၀ ရက်က United Launch Alliance ကုမ္ပဏီ၏ အက်တလပ်စ်-၅ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးနောက် LOFTID စမ်းသပ်ယာဉ်သည် ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၁၂၀၀ ခန့်တွင်ရှိသော ပတ်လမ်းအတွင်းသို့ ဝင်ရောက်ခဲ့သည်။

ထို့နောက် LOFTID စမ်းသပ်ယာဉ်သည် အပူခံဒိုင်းကိုဖြန့်ထုတ်၍ ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည် စတင်ဝင်ရောက်ခဲ့ပြီး ဟာဝိုင်အီကျွန်းအရှေ့ဘက် ပစိဖိတ်သမုဒ္ဒရာ ရေပြင်အတွင်းသို့ ဆင်းသက်ခဲ့ကြောင်း သိရသည်။

LOFTID စမ်းသပ်ယာဉ်ကို ကာဟာနာ-၂ အမည်ရှိ ရေယာဉ်တစ်စင်းက နှစ်ရက်အတွင်း ပြန်လည်ဆယ်ယူပေးမည်ဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် အင်္ဂါဂြိုဟ်ပေါ်သို့ အာကာသယာဉ်များဆင်းသက်ရာတွင် ဖြန့်ထုတ်၍ရသည့် အပူခံဒိုင်းကို အရှိန်သတ်ကိရိယာအဖြစ် အသုံးချနိုင်မှုရှိ၊မရှိ သိနားလည်ရေးအတွက် LOFTID စမ်းသပ်ယာဉ်ကို စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

## တရုတ်နိုင်ငံ၏ တီယန်ကျိုး-၄ အာကာသကုန်တင်ယာဉ် တီယန်ကောင်းအာကာသစခန်းမှ ပြန်လည်ခွာထွက်လာပြီဖြစ်

**ပေကျင်း နိုဝင်ဘာ ၁၁**

တရုတ်နိုင်ငံ၏ တီယန်ကျိုး-၄ အာကာသ ကုန်တင်ယာဉ်သည် တည်ဆောက် ပြီးစီးခဲ့ပြီဖြစ်သော တီယန်ကောင်း အာကာသစခန်းမှ နိုဝင်ဘာ ၁၀ ရက်က ပြန်လည်ခွာထွက်လာပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၀ ရက်က ရေးသားတင်ပြထားသည်။

တီယန်ကောင်း အာကာသစခန်းမှ ပြန်လည်ခွာထွက်လာသော တီယန်ကျိုး-၄ အာကာသကုန်တင်ယာဉ်သည် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ရှိနေစဉ် စမ်းသပ်မှုတချို့ လုပ်ဆောင်ဦးမည်ဖြစ်ကြောင်း သိရသည်။

ကိုယ်ထည်အလျား ၃၅ ပေရှိ တီယန်ကျိုး-၄ အာကာသကုန်တင်ယာဉ်သည် မကြာမီကာလအတွင်း မြေပြင်စခန်း၏ထိန်းချုပ်မှုဖြင့် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာမည်ဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။



တရုတ်နိုင်ငံသည် ရှန်ကျိုး-၁၄ အာကာသယာဉ်မှူး သုံးဦးအတွက် စားနပ်ရိက္ခာနှင့်အခြားပစ္စည်းကိရိယာများကို တီယန်ကောင်းအာကာသစခန်းသို့ပို့ဆောင်ထားရန် ယခုနှစ် မေ ၉ ရက်က တီယန်ကျိုး-၄ အာကာသကုန်တင်ယာဉ်ကို လောင်းမတ်ချ်-၇ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ရှန်ကျိုး-၅ အာကာသကုန်တင်ယာဉ်ကို လွှတ်တင်ရေးအတွက် ပြင်ဆင်လျက်ရှိသည်။

ရှန်ကျိုး-၁၅ အာကာသယာဉ်မှူးများအတွက် စားနပ်ရိက္ခာနှင့် အခြားအထောက်အပံ့များကို တီယန်ကောင်း အာကာသစခန်းသို့ ကြိုတင်ပို့ဆောင်ပေးမည့် တီယန်ကျိုး-၅ အာကာသကုန်တင်ယာဉ်ကို နိုဝင်ဘာ ၁၂ ရက်တွင် လွှတ်တင်ဖွယ်ရှိကြောင်း သိရသည်။

KKO

## အင်္ဂါဂြိုဟ်ဝင်ရိုးစွန်း၏ပုံစံကွဲပြားသော ခရမ်းလွန်ရောင်ခြည်အလင်းရောင်နှစ်မျိုးကို နာဆာ၏ MAVEN အာကာသယာဉ်က တစ်ပြိုင်တည်းလေ့လာစူးစမ်းနိုင်ခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၁၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ MAVEN အာကာသယာဉ်သည် အင်္ဂါဂြိုဟ်ဝင်ရိုးစွန်း၏ ပုံစံကွဲပြားသော ခရမ်းလွန်ရောင်ခြည် အလင်းရောင်နှစ်မျိုးကို တစ်ပြိုင်တည်း လေ့လာစူးစမ်းနိုင်ခဲ့ကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၀ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ အင်္ဂါဂြိုဟ်ဝင်ရိုးစွန်းအလင်းရောင်နှစ်မျိုးသည် ယခုနှစ် ဩဂုတ် ၂၇ ရက်က စတင်ခဲ့သော နေမှထုတ်လွှတ်လိုက်သည့်စွမ်းအင်အမှုန်စီးကြောင်းများ ရိုက်ခတ်မှုဖြစ်စဉ်ကြောင့် ပေါ်ထွက်လာခဲ့သော ဝင်ရိုးစွန်းအလင်းရောင်များဖြစ်ကြောင်း သိရသည်။

အင်္ဂါဂြိုဟ်ပတ်လမ်းအတွင်းရှိ အာကာသယာဉ်များအနက် MAVEN အာကာသယာဉ်တစ်စင်းတည်းသာ နေ၏လှုပ်ရှားမှုနှင့် အင်္ဂါဂြိုဟ်လေထုလွှာ၏ တုံ့ပြန်မှုတို့ကို တစ်ချိန်တည်းလေ့လာနိုင်စွမ်းရှိကြောင်း သိရသည်။

ဩဂုတ် ၂၇ ရက်က စတင်ခဲ့သည့် နေမျက်နှာပြင်စွမ်းအင်ပေါက်ကွဲမှုဖြစ်စဉ်အတွင်း ပေါ်ထွက်လာသော စွမ်းအင်အမှုန်စီးကြောင်းသည် အင်္ဂါဂြိုဟ်လေထုလွှာအတွင်း တိုးဝင်လာချိန်တွင် ဂြိုဟ်ဝင်ရိုးစွန်းနယ်မြေများ၌ အမျိုးအစားချင်းမတူသော ခရမ်းလွန်ရောင်ခြည် အလင်းရောင်များ ပေါ်ထွက်လာခဲ့ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

MAVEN အာကာသယာဉ်၏ IUVS ခေါ် ခရမ်းလွန်ရောင်ခြည် ပုံရိပ်ဖော်စနစ်သည် အဆိုပါအင်္ဂါဂြိုဟ်ဝင်ရိုးစွန်း အလင်းရောင်နှစ်မျိုးစလုံးကို လေ့လာနိုင်ခဲ့ကြောင်း နာဆာသိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

နာဆာအဖွဲ့သည် အင်္ဂါဂြိုဟ်လေထုလွှာလှုပ်ရှားမှုများကို လေ့လာရေးအတွက် ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် MAVEN အာကာသယာဉ်ကိုလွှတ်တင်ခဲ့ကြောင်း သိရသည်။

KKO

# HEALTH

## ကျောက်ကပ်ဆဲလ်များသေဆုံးမှု တားဆီးရာတွင် အမျိုးသမီးများ၌ မော်လီကျူးအဆင့်အားသာချက်ရှိနေ

**နယူးယောက် နိုဝင်ဘာ ၁၁**

ထိခိုက်ပျက်စီးနေသည့် ကျောက်ကပ်များ၏ဆဲလ်များ သေဆုံးမှုပုံစံတစ်မျိုးကို တားဆီးရာတွင် အမျိုးသမီးများ၌ မော်လီကျူးအဆင့် အားသာချက်တစ်ရပ် ရှိနေကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်း ဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၀ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ဂျွန်တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ကြွက်များ၌ Ferroptosis ခေါ် ကျောက်ကပ်ဆဲလ်များ ပျက်စီးမှုပုံစံတစ်မျိုးကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ စမ်းသပ်မှုတွင်ပါဝင်သော ကြွက်များအနက် အမများသည် Ferroptosis ဖြစ်စဉ်ကို မော်လီကျူးအဆင့်၌ ပိုမိုထိရောက်စွာကာကွယ်ထားနိုင်သည်ဟု သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ရကြောင်း သိရသည်။

NRF-2 ခေါ် အထက်ပါမော်လီကျူးအဆင့် ဇီဝယန္တရားသည် အမများတွင် လှုပ်ရှားတုံ့ပြန်မှုမြင့်မားတတ်ပြီး အထီးများတွင်မူ တက်စတိုစတာရုန်း ဟော်မုန်းကြောင့် NRF-2 မော်လီကျူးအဆင့် ဇီဝယန္တရား လှုပ်ရှားတုံ့ပြန်မှုမှာ ကျဆင်းနေတတ်သည်ဟု သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အထီးများ၏ကျောက်ကပ်ဆဲလ်များသေဆုံးမှုကို ဆေးဝါးအကူအညီဖြင့် NRF-2 မော်လီကျူး ဇီဝယန္တရားလည်ပတ်မှုကို လှုံ့ဆော်ပေးခြင်းဖြင့် ကာကွယ်နိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

KKO

## ကိုယ်လက်လှုပ်ရှားမှု အလုံအလောက်ပြုလုပ်ပါက စိတ်ကျဝေဒနာဖြစ်နိုင်ခြေကို ကာကွယ်နိုင်

**အီဒင်ဘတ် နိုဝင်ဘာ ၁၁**

ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်း အလုံအလောက်ပြုလုပ်ပေးပါက စိတ်ကျဝေဒနာ ဝင်နိုင်ခြေ၊ စိုးရိမ်သောက ဝင်နိုင်ခြေတို့ကို ကာကွယ်နိုင်ကြောင်း The Daily Mail သတင်းစာက နိုဝင်ဘာ ၁၀ ရက်က ရေးသားတင်ပြထားသည်။

လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်မှုကို စိတ်ကျဝေဒနာအတွက် ကုထုံးတစ်ရပ်အဖြစ် ဆေးပညာရှင်များက လက်ခံထားကြပြီးဖြစ်သည်။

သို့ရာတွင် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းကို လုံလုံလောက်လောက်ပြုလုပ်မှုသည် စိတ်ကျဝေဒနာ ဝင်ရောက်နိုင်ခြေ မြင့်မားသူများတွင်လည်း ၎င်းရောဂါ ဝင်ရောက်နိုင်မှုကို ကာကွယ်ပေးနိုင်ကြောင်း စကော့တလန်နိုင်ငံ ဂလပ်စဂိုတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

လူတိုင်းအနေဖြင့် ရက်သတ္တတစ်ပတ်လျှင် ၇၅ မိနစ်အချိန်ပေး၍ အားစိုက်ရသည့်လေ့ကျင့်ခန်းများပြုလုပ်ပါက စိုးရိမ်သောက ဝင်ရောက်မှုဖြစ်စဉ် ၁၉ ရာခိုင်နှုန်းခန့်ကို ကာကွယ်နိုင်ကြောင်း၊ အလားတူ ခွန်အားစိုက်ရသည့် လေ့ကျင့်ခန်းများကို ရက်သတ္တတစ်ပတ်လျှင် နှစ်နာရီခွဲနှင့် ငါးနာရီကြားထိ အချိန်ပေးလုပ်ဆောင်ခဲ့ပါက စိတ်ကျဝေဒနာနှင့် စိုးရိမ်သောက ဝင်ရောက်နိုင်ခြေ ၁၃ ရာခိုင်နှုန်းကို ထပ်မံ ကာကွယ်ပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

စကော့တလန် သုတေသနပညာရှင်များသည် လူပေါင်း ၃၇၀၀၀ ကျော်တို့၏ စိတ်ကျန်းမာရေးအခြေအနေများနှင့် လေ့ကျင့်ခန်းပြုလုပ်မှုပုံစံတို့ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။ KKO



နိုင်ငံတကာ
## အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၁၆) ပွဲကြိုသုံးသပ်ချက်
ML

**ဘရိုက်တန် Vs အေဗီလာ**

**ကစားမည့်ရက်/အချိန် ၁၃-၁၁-၂၀၂၂ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘရိုက်တန် ၀ - ၂ အေဗီလာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရိုက်တန် | - | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(နိုင်) |
| အေဗီလာ | - | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(ရှုံး) |

ဘရိုက်တန်ဟာ အိမ်ကွင်းကစားပုံတည်ငြိမ်တာကြောင့် နောက်ဆုံးအိမ်ကွင်းပွဲစဉ်မှာလဲ ချဲလ်ဆီးအသင်းကို ဂိုးပြတ်နိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။ လက်ရှိ အေဗီလာကတော့ အသင်းလိုက်ကစားအားကောင်းပေမဲ့ အဝေးကွင်းခံစစ်ပိုင်း ဆိုးရွားနေတာကြောင့် အခုပွဲစဉ်မှာလဲ ရှုံးကန်ရမှာပါ။ ဒါကြောင့် ဘရိုက်တန်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဘရိုက်တန် ၁ - ၀ အေဗီလာ**

## အီတလီစီးရီးအေ ပွဲစဉ် (၁၅) ပွဲကြိုသုံးသပ်ချက်များ
ML

**အတ္တလန်တာ Vs အင်တာမီလန်**

**ကစားမည့်ရက်/အချိန် ၁၃-၁၁-၂၀၂၂ (ည ၆း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အတ္တလန်တာ ၀ - ၀ အင်တာမီလန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အတ္တလန်တာ | - | ဝေး(နိုင်) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| အင်တာမီလန် | - | ဝေး(ရှုံး) | ဝေး(ရှုံး) | အိမ်(နိုင်) |

နောက်ဆုံးနှစ်ပွဲဆက် ရှုံးပွဲကြုံထားတဲ့ အတ္တလန်တာအသင်းဟာ အခု အိမ်ကွင်းမှာ နိုင်ပွဲရဖို့အတွက် မဖြစ်မနေကြိုးစားလာမှာပါ။ အင်တာမီလန်အသင်းအနေနဲ့ တိုက်စစ်ပိုင်းထက်မြက်နေပေမဲ့ နောက်ဆုံးအဝေးကွင်းနှစ်ပွဲဆက်မှာတော့ ဂိုးမရခဲ့ဘဲ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အိမ်ရှင်အားသာချက်ရှိတဲ့ အတ္တလန်တာအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - အတ္တလန်တာ ၂ - ၁ အင်တာမီလန်**

**ရိုးမား Vs တိုရီနို**

**ကစားမည့်ရက်/အချိန် ၁၃-၁၁-၂၀၂၂ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**တိုရီနို ၀ - ၃ ရိုးမား**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ရိုးမား | - | အိမ်(နိုင်) | အိမ်(ရှုံး) | ဝေး(သရေ) |
| တိုရီနို | - | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |

ရိုးမားအသင်းဟာ တိုက်စစ်ကစားသမားတွေ ခြေစွမ်းပိုင်းကျဆင်းနေတာကြောင့် ပြိုင်ပွဲစုံမှာ ရှုံးကန်နေရသလို နောက်ဆုံးအမှတ်ပေးနှစ်ပွဲမှာလဲ နိုင်ပွဲပျောက်ခဲ့တာဖြစ်ပါတယ်။ လက်ရှိ တိုရီနိုအသင်းကတော့ အဝေးကွင်းကစားအားကောင်းတာကြောင့် ရမှတ်မဆုံးရှုံးဖို့အတွက် ပြင်ဆင်လာမှာပါ။ ဒါကြောင့် အနည်းဆုံးသရေကစားမဲ့ တိုရီနိုနဲ့လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း - ရိုးမား ၁ - ၁ တိုရီနို**

## ကွာရာဘောင်းဖလား စတုတ္ထအဆင့်မဲခွဲပွဲတွင် လီဗာပူးနှင့် မန်စီးတီးအသင်းတို့ ထိပ်တိုက်တွေ့ဆုံ



**လန်ဒန် နိုဝင်ဘာ ၁၁**

ယနေ့ ယှဉ်ပြိုင်ခဲ့သည့် ကွာရာဘောင်းဖလားတတိယအဆင့် ပွဲစဉ်အပြီးတွင် မဲခွဲပွဲပြုလုပ်ခဲ့ရာ လက်ရှိချန်ပီယံ လီဗာပူးအသင်းက မန်စီးတီးအသင်းနှင့် ထိပ်တိုက်တွေ့ဆုံခဲ့ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လီဗာပူးအသင်းသည် တတိယအဆင့်တွင် အင်္ဂလန်လိဂ်ဝမ်းကလပ် ဒါဘီအသင်းနှင့် တွေ့ဆုံခဲ့သော်လည်း ပွဲကစားချိန်အတွင်း ဂိုးသွင်းယူနိုင်ခြင်းမရှိသဖြင့် ပင်နယ်တီအဆုံးအဖြတ်ခံယူ၍ စတုတ္ထအဆင့်သို့ တက်ရောက်နိုင်ခဲ့သကဲ့သို့ မန်စီးတီးအသင်းက ပရီးမီးယားလိဂ်ကလပ် ချဲလ်ဆီးအသင်းနှင့် ထိပ်တိုက်တွေ့ဆုံခဲ့ရာ ကစားကွက်ပိုင်းအသာဖြင့် နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သဖြင့် နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့ပြီးစတုတ္ထအဆင့်တွင် လီဗာပူးအသင်းကိုအဝေးကွင်းတွင် သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

တတိယအဆင့်တွင် အေဗီလာကို အိမ်ကွင်းတွင် လေးဂိုးနှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် မန်ယူအသင်းက ဘန်လေအသင်းနှင့်လည်းကောင်း၊ ပဲလေ့စ်ကို အနိုင်ရခဲ့သည့် နယူးကာဆယ်အသင်းက ဘုန်းမောက်အသင်းနှင့်လည်းကောင်း၊ ဝက်စ်ဟမ်းအသင်းကို ပင်နယ်တီဖြင့် အနိုင်ရခဲ့သည့် ဘလက်ဘန်းအသင်းက စပါးအသင်းကိုအနိုင်ရခဲ့သည့် နော်တင်ဟမ်နှင့်လည်းကောင်း၊ ရှက်ဖီးလ်(W)ကို အနိုင်ရခဲ့သည့် ဆောက်သမ်တန်က လင်ကွန်းအသင်းနှင့်လည်းကောင်း၊ ဝုဗ်အသင်းက ဂျီလင်အသင်းတို့နှင့်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

စတုတ္ထအဆင့် မဲခွဲမှုအပြီးတွင် ပရီးမီးယားလိဂ် အသင်းကြီးသုံးသင်းသာ ကျန်တော့သည့်အချိန်၌ မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေပြီး မန်ယူအသင်းသာ ပွဲစဉ်ချောင်၍ ဗိုလ်လုပွဲထိ တက်ရောက်နိုင်ရန် အခွင့်အရေးရှိနေသကဲ့သို့ စတုတ္ထအဆင့်ပွဲစဉ်များကို ကမ္ဘာ့ဖလားပြီးဆုံးချိန် လာမည့်ဒီဇင်ဘာ ၂၁ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။ML

## LIV Golf အမှုဆောင်ချုပ် ဂရေ့နော်မန်ကို ရာထူးမှ ထုတ်ပယ်မည်ဆိုသည့် သတင်းများအား ငြင်းဆို

**ရိုက်ယာ့ဒ် နိုဝင်ဘာ ၁၁**

အင်္ဂလန်နိုင်ငံ နက်စဖို့ဒ်အခြေစိုက် LIV Golf အဖွဲ့ချုပ်သည် အမှုဆောင်ချုပ်နှင့် ကော်မရှင်နာဖြစ်သူ ဩစတြေးလျနိုင်ငံသား ဂရေ့နော်မန်အား လက်ရှိရာထူးမှထုတ်ပယ်ကာ အခြားသောတာဝန်တစ်ခုကို ရွှေ့ပြောင်းပေးအပ်ရန် ပြင်ဆင်နေကြောင်း အင်္ဂလန်သတင်းစာများက ဖော်ပြခဲ့သော်လည်း Public Investment Fund က ငြင်းဆိုခဲ့သည်။

LIV Golf ဂေါက်သီးရိုက်အဖွဲ့ချုပ်ကို ၂၀၂၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး PGA Tour ကို အဓိကယှဉ်ပြိုင်ရန်အတွက် ရည်ရွယ်၍ တည်ထောင်လာခြင်းဖြစ်ပြီး ဆော်ဒီနိုင်ငံက ငွေကြေးထောက်ပံ့မှုများပြုလုပ်ထားသည့် ဂေါက်သီးရိုက်အဖွဲ့ချုပ်ဖြစ်သည်။

လက်ရှိ LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်သည့်ပြိုင်ပွဲဝင်များကိုလည်း ဂေါက်သီးရိုက်လောကသမိုင်းတစ်လျှောက် အမြင့်မားဆုံးသော ဆုကြေးငွေများချီးမြှင့်လျက်ရှိသည်။


PGA Tour က LIV Golf ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်သည့် ပြိုင်ပွဲဝင်များအား PGA Tour တွင် ယှဉ်ပြိုင်ခွင့်မပြုရန် စည်းမျဉ်းစည်းကမ်းသတ်မှတ်ထားသော်လည်း ကမ္ဘာ့အဆင့် ကစားသမားအများစုက LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

သို့သော် PGA Tour မှ တာဝန်ရှိသူများနှင့် မကြာခဏ ထိပ်တိုက်ရင်ဆိုင်နေသည့် LIV Golf အဖွဲ့ချုပ် အမှုဆောင်ချုပ်ဖြစ်သူ ဂရေ့နော်မန်အား ရာထူးမှ ထုတ်ပယ်ရန် အင်္ဂလန်မီဒီယာများက ဖော်ပြခဲ့ပြီးနောက် LIV Golf အဖွဲ့ချုပ်အား တည်ထောင်ထားသည့် ဆော်ဒီအခြေစိုက် Public Investment Fund ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းက အဆိုပါသတင်းများကို ငြင်းဆန်ခဲ့သည်။

LIV Golf ဂေါက်သီးရိုက်အဖွဲ့ချုပ်၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ မာဂျက်အယ်လ်ဆော်ရိုက "ဂရေ့နော်မန်ဟာ အဖွဲ့ချုပ်ရဲ့အမှုဆောင်ချုပ်နဲ့ ကော်မရှင်နာတစ်ဦးအဖြစ် ဆက်လက်ရှိနေမှာပါ။ မီဒီယာတွေမှာ ဖော်ပြနေသလို ဂရေ့နော်မန်ကို ရာထူးမှထုတ်ပယ်တာ ရာထူးရွှေ့ပြောင်းတာမျိုးလုပ်ဖို့ အစီအစဉ်မရှိပါဘူး။ ဒီကိစ္စနဲ့ပတ်သက်ပြီး ထွက်ပေါ်နေတဲ့ သတင်းတွေဟာ သတင်းအမှားတွေသာဖြစ်ပါတယ်" ဟု SI သတင်းဌာနသို့ ယနေ့တွင် ပြောကြားခဲ့သည်။

LIV Golf ဂေါက်သီးရိုက်အဖွဲ့ချုပ်သည် လူအခွင့်အရေးချိုးဖောက်ထားသည့် ဆော်ဒီနိုင်ငံမှ အဓိကငွေကြေးထောက်ပံ့ထားသည့် ပြိုင်ပွဲဖြစ်သည့်အတွက် ပြိုင်ပွဲအပေါ် ဝေဖန်မှုများ ပြုလုပ်ခံနေရပြီး ပြိုင်ပွဲဝင်များမှာလည်း PGA Tour ၏ အရေးယူမှုဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

AZL



## အီကွေဒေါအသင်းအတွက် ခံစစ်ကစားသမား ကက်စ်တယ်လို ကစားခွင့်ရှိသည်ဟု CAS ဆုံးဖြတ်

**ကွီတို နိုဝင်ဘာ ၁၁**

နိုင်ငံတကာ အားကစားခုံရုံး (CAS) က အီကွေဒေါအသင်းအတွက် ခံစစ်ကစားသမား ကက်စ်တယ်လို ပါဝင်ကစားခွင့်ရှိသည်ဟု ဆုံးဖြတ်ပေးခဲ့ကြောင်း The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၄ နှစ်ရှိ ကက်စ်တယ်လိုသည် ကိုလံဘီယာနိုင်ငံသား တစ်ဦးဖြစ်သော်လည်း ၎င်း၏ လက်ရွေးစင်အသင်း ကစားသမားဘဝကို အီကွေဒေါအသင်းတွင်သာ ပါဝင်ခဲ့ပြီး ပြီးခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ ပွဲစဉ်အားလုံးပါဝင်ကစားခဲ့ကာ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲယှဉ်ပြိုင်မည့် ကစားသမားစာရင်းတွင် ပါဝင်နေသူဖြစ်သည်။

ချီလီနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ပီရူးနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့က ကက်စ်တယ်လိုအနေဖြင့် ကိုလံဘီယာနိုင်ငံသား တစ်ဦးဖြစ်ပြီး အီကွေဒေါနိုင်ငံတွင် မွေးသက္ကရာဇ်နှင့် ကိုယ်ရေးအချက်အလက်များကို တရားမဝင်ပြုလုပ်ခဲ့ပြီးနောက် အီကွေဒေါအသင်းအတွက် ပါဝင်ကစားပေးနေမှုကြောင့် အီကွေဒေါအသင်းကို ကမ္ဘာ့ဖလားပြိုင်ပွဲမှ ထုတ်ပယ်ပေးရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့်နိုင်ငံတကာအားကစားခုံရုံးတို့တွင် တိုင်ကြားမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ကက်စ်တယ်လို၏ ဖြစ်ရပ်အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် အီကွေဒေါအသင်းအနေဖြင့် ပြစ်မှုမပြုလုပ်ခဲ့သည့်အတွက် ချီလီနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ပီရူးနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့၏ တောင်းဆိုမှုကို ပယ်ချခဲ့သကဲ့သို့ နိုင်ငံတကာအားကစားခုံရုံးကလည်း အီကွေဒေါအသင်းကို ကက်စ်တယ်လို၏အချက်အလက်များ မှားယွင်းနေသည့်အတွက် စတာလင်ပေါင် ၈၇၆၀၀ ပြစ်ဒဏ်ချမှတ်ခဲ့ပြီး အီကွေဒေါအသင်းကို ကမ္ဘာ့ဖလားပြိုင်ပွဲဆက်လက်ကစားခွင့်ပေးခဲ့ကာ ကက်စ်တယ်လို၏ကိုယ်ရေးအချက်အလက်များ ပြန်လည်ပြင်ဆင်ပြီးပါက ကစားခွင့်ရှိသည်ဟု ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း သိရသည်။

STA

## အားကစားသတင်း အတိုအထွာများ

- ❑ အေတီကိုအသင်းက ရောင်းချရန် ပြင်ဆင်နေသည့် ဂျာအိုဖီးလစ်ကို ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အငှားစာချုပ်ဖြင့် ခေါ်ယူရန် ဆုံးဖြတ်ထားသည်ဟု ပီအက်စ်ဂျီအသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။
- ❑ အေစီမီလန်အသင်းက ခံစစ်ကစားသမား ကာလူလူကို ၂၀၂၅ ခုနှစ်မှ စာချုပ်ကုန်ဆုံးမည်ဖြစ်သော်လည်း နောက်ထပ်သက်တမ်းနှစ်နှစ်တိုး၍ ၂၀၂၇ ခုနှစ်ထိ စာချုပ်သစ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။
- ❑ ဒိန်းမတ်အသင်းက ကမ္ဘာ့ဖလား လေ့ကျင့်ရေးဝတ်စုံတွင် "human rigths for all" စာတန်းပါသည့် ဝတ်စုံကို ဝတ်ဆင်ခွင့်ပြုရန် တောင်းဆိုခဲ့ရာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ပယ်ချခဲ့ကြောင်း သိရသည်။ ML

# ဆီးဂိမ်းပြိုင်ပွဲဝင်ရောက်မည့် ဘော်လီဘော၊ ဂူရှူး၊ ပြေးခုန်ပစ်နှင့် လက်ဝှေ့အားကစားအဖွဲ့တို့ တရုတ်နိုင်ငံတွင်သွားရောက်လေ့ကျင့်မည်



**ရန်ကုန် နိုဝင်ဘာ ၁၁**

ကမ္ဘောဒီးယားနိုင်ငံ၌ လာမည့် ၂၀၂၃ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်း) ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားနည်းများအနက်မှ ဘော်လီဘော၊ ဂူရှူး၊ ပြေးခုန်ပစ်နှင့် လက်ဝှေ့အားကစားအဖွဲ့များအနေဖြင့် ယခုလအတွင်း တရုတ်နိုင်ငံတွင်သွားရောက် လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဟု အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ သိရသည်။

တရုတ်နိုင်ငံသို့ သွားရောက်လေ့ကျင့်မှုပြုလုပ်မည့် အားကစားအဖွဲ့များ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း၌ ပြုလုပ်ခဲ့ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ အားကစားနည်းအလိုက်လက်ရွေးစင် အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ အားကစားအဖွဲ့များက ပြည်ထောင်စုဝန်ကြီးကို အားကစားနည်းအလိုက် မိတ်ဆက်မှုများ ပြုလုပ်ခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားခဲ့ရာတွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်တွင် အားကစားနည်း ၁၁ နည်းနှင့် ရန်ကုန်တွင် အားကစားနည်း ခြောက်နည်းစခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်နေကြောင်း၊ ဆီးဂိမ်းပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်လျာထားသည့် အားကစားနည်းများမှ ဘော်လီဘော၊ ဂူရှူး၊ ပြေးခုန်ပစ်နှင့် လက်ဝှေ့အားကစားနည်းမှအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမား အမျိုးသား ၅၂ ဦး၊ အမျိုးသမီး ၃၄ ဦးတို့သည် တရုတ်နိုင်ငံတွင် ပူးတွဲလေ့ကျင့်မှုပြုလုပ်ရန် ပထမအသုတ်အဖြစ် ယခုလအတွင်းသွားရောက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ STA

# စာချုပ်သစ်ကို ငြင်းပယ်၍ အသင်းမှထွက်ခွာရန်ဆုံးဖြတ်ထားကြောင်း တိုင်လီမန်ပြောကြား



**လန်ဒန် နိုဝင်ဘာ ၁၁**

ယခုနှစ် ဘောလုံးရာသီကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် လက်စတာ ကွင်းလယ်ကစားသမား တိုင်လီမန်က အသင်း၏ စာချုပ်သစ်ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ပြီး အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန်ဆုံးဖြတ်ထားကြောင်း CBS Sports က ယနေ့တွင် ဖော်ပြခဲ့သည်။

ကွင်းလယ်ကစားသမား တိုင်လီမန်သည် ပြီးခဲ့သည့်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင် ၃၂ ပွဲပါဝင်ခဲ့ရာ သွင်းဂိုးခြောက်ဂိုးနှင့် ဂိုးဖန်တီးမှု လေးကြိမ်ထိ ပြုလုပ်၍ ခြေစွမ်းပြသမှုကြောင့် အာဆင်နယ်အသင်း အပါအဝင် ဥရောပထိပ်သီးကလပ်အသင်းများ၏ ကမ်းလှမ်းမှုကို ခံခဲ့ရသော်လည်း စာချုပ်သက်တမ်းကုန်ဆုံးချိန်မှသာ အသင်းမှထွက်ခွာရန် ဆန္ဒရှိခဲ့ပြီး ယခုအခါ အသင်း၏ စာချုပ်သစ်ကမ်းလှမ်းမှုကို ငြင်းပယ်၍လာမည့် နွေရာသီတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန် ဆုံးဖြတ်ခဲ့သည်။

လက်ရှိတွင် အာဆင်နယ်အသင်း နည်းပြအာတီတာက တိုင်လီမန်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ချိတ်ဆက်နေသော်လည်း ကစားသမားက ပြန်လည်တုံ့ပြန်မှုမရှိဘဲ မည်သည့်ကလပ်အသင်းသို့ ပြောင်းရွှေ့မည်ကို ပြောကြားခဲ့ခြင်း မရှိကြောင်း သိရသည်။

အသက် ၂၅ နှစ်ရှိ တိုင်လီမန်က "အခုချိန်မှာ ကျွန်တော့်ရဲ့ စာချုပ်သစ်ကိစ္စနဲ့ ပတ်သက်လို့ အများကြီး မပြောချင်သေးပါဘူး။ ပြီးခဲ့တဲ့နွေရာသီကတော့ ကမ်းလှမ်းတဲ့ အသင်းတွေအများကြီးရှိပေမဲ့ အသင်းရဲ့ အနာဂတ်အစီအစဉ်ကြောင့် လက်စတာက ထွက်ခွာဖို့ ဆန္ဒမရှိခဲ့ပါဘူး။ ဒါပေမဲ့ကျွန်တော့်အတွက် ဆိုးရွားမှုတွေသာရှိခဲ့လို့ အသင်းမှာဆက်ရှိနေတာ အဓိပ္ပာယ်မရှိတော့ဘဲ နောင်တရမိပါတယ်။ ဒါကြောင့် စာချုပ်သစ်ကမ်းလှမ်းမှုကို ငြင်းပယ်ပြီး ထွက်ခွာဖို့ဆုံးဖြတ်ခဲ့တာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML

# Next Gen Finals တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ဂျက်ဒရပ်ပါ တက်ရောက်

**မီလန် နိုဝင်ဘာ ၁၁**

အီတလီနိုင်ငံ မီလန်မြို့တွင် ကျင်းပနေသည့်Next Gen Finals တင်းနစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်တစ်ပွဲအဖြစ် ပြိုင်ဘက်တင်းနစ်ကစားသမား ဂျက်ဒရပ်ပါနှင့် အီတလီတင်းနစ်ကစားသမားမူဆက်တီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျက်ဒရပ်ပါက (၄-၁၊ ၄-၀၊ ၄-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Ubitennis သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မူဆက်တီသည် ၂၀၂၂ ခုနှစ် တင်းနစ်ရာသီအတွင်း ပုံစံကောင်းရရှိနေသည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်သကဲ့သို့ Next Gen Finals တင်းနစ်ပြိုင်ပွဲတွင်လည်း ဗိုလ်စွဲရန် ရေပန်းစားနေသူဖြစ်ရာ ဂျက်ဒရပ်ပါက အကောင်းဆုံးပုံစံဖြင့် မူဆက်တီအား အနိုင်ရရှိခဲ့သည်။

မူဆက်တီသည် ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်မည့် တစ်ဦးတည်းသောအီတလီတင်းနစ်ကစားသမားအဖြစ် ထင်ကြေးပေးခံထားရသော်လည်း ပုံစံကောင်းပျောက်ဆုံး၍ ပြတ်သားသည့် ရလဒ်များဖြင့် ရှုံးနိမ့်ခဲ့သဖြင့် မွေးရပ်မြေတွင် ကျင်းပသည့်ပြိုင်ပွဲအား စိတ်ပျက်ဖွယ်ရာ ရလဒ်ဖြင့် အဆုံးသတ်ခဲ့ရသည်။

ဂျက်ဒရပ်ပါက "မူဆက်တီနဲ့ ကစားခဲ့တဲ့ပွဲစဉ်မှာ ကစားနိုင်ခဲ့တဲ့ ပုံစံဟာဒီနှစ်အတွင်း ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ပြိုင်ပွဲတွေအနက် အကောင်းဆုံး ကစားနိုင်ခဲ့တဲ့ ပွဲစဉ်ဖြစ်ပါတယ်။ ဒီလောက်ထိ ကစားနိုင်လိမ့်မယ်လို့ မမျှော်လင့်ထားပါဘူး။ မူဆက်တီဟာ ထိပ်တန်းလူငယ်ကစားသမားတစ်ဦးဖြစ်ပါတယ်။ ဒါပေမဲ့လည်း ရှေ့ပွဲတွေမှာ သူတော်တော်လေး ပင်ပန်းခဲ့ပုံရတယ်။ ပွဲပန်းနေတဲ့အတွက် ဒီပွဲစဉ်မှာသူကောင်းကောင်း မကစားနိုင်ခဲ့ဘူး။ သူသာအကောင်းဆုံး ပုံစံမှာရှိနေမယ်ဆိုရင် ကျွန်တော့်အနေနဲ့ သူ့ကိုအနိုင်ကစားဖို့ဆိုတာ မလွယ်ကူပါဘူး။ မူဆက်တီလိုကစားသမားကို အနိုင်ရပြီး ဆီမီးဖိုင်နယ်ဆင့်ကို တက်ရောက်ခွင့်ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၅) ပွဲကြိုသုံးသပ်ချက်များ

STA

**မိန့်ဇ် Vs ဖရန့်ဖတ်**

**ကစားမည့်ရက်/အချိန် ၁၃-၁၁-၂၀၂၂ (ည ၀၉း၀၀နာရီ)**

**နောက်ဆုံးတွေ့ ဆုံမှုရလဒ်**

**မိန့်ဇ် ၂ - ၂ ဖရန့်ဖတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **မိန့်ဇ်** | – | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |
| **ဖရန့်ဖတ်** | – | **ဝေး(နိုင်)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |

သုံးပွဲဆက်ရှုံးပွဲကြုံထားတဲ့ မိန့်ဇ်အသင်းရဲ့ခြေစွမ်းပိုင်းက အကျဘက်ရောက်နေလို့ အိမ်ကွင်းဆိုပေမဲ့ ရှုန်းကန်ရပါလိမ့်မယ်။ ဖရန့်ဖတ်အသင်းကတော့ သုံးပွဲနိုင်ပွဲရယူထားပြီး ခြေစွမ်းပိုင်းကလဲ ကောင်းမွန်နေလို့ခြေစွမ်းပိုင်းအသာနဲ့ဖိအားပေးနိုင်မှာပါ။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဖရန့်ဖတ်အသင်းပဲရလဒ်ကောင်းသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – မိန့်ဇ် ၀ – ၂ ဖရန့်ဖတ်**

**ဖရိုင်းဘတ် Vs ယူနီယံဘာလင်**

**ကစားမည့်ရက်/အချိန် ၁၃-၁၁-၂၀၂၂ (ည ၁၁း၀၀နာရီ)**

**နောက်ဆုံးတွေ့ ဆုံမှုရလဒ်**

**ဖရိုင်းဘတ် ၁ - ၄ ယူနီယံဘာလင်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဖရိုင်းဘတ်** | – | **ဝေး(သရေ)** | **အိမ်(နိုင်)** | **ဝေး(ရှုံး)** |
| **ယူနီယံဘာလင်** | – | **ဝေး(နိုင်)** | **ဝေး(ရှုံး)** | **အိမ်(သရေ)** |

ဖရိုင်းဘတ်အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်က ရှုံးပွဲကြုံတွေ့ထားတယ်ဆိုပေမဲ့ အိမ်ကွင်းကစားပုံကောင်းမွန်တဲ့အသင်းတစ်သင်းပါ။ လက်ရှိ ယူနီယံဘာလင်အသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းမတည်မငြိမ်ဖြစ်နေပြီး ရှုန်းကန်နေရပါတယ်။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ဖိအားပေးကစားလာမဲ့ ဖရိုင်းဘတ်အသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – ဖရိုင်းဘတ် ၂ – ၁ ယူနီယံဘာလင်**

# ပြင်သစ်လီဂူး ပွဲစဉ် (၁၅) ပွဲကြိုသုံးသပ်ချက်များ

STA

**ပီအက်စ်ဂျီ Vs အော်ဇေး**

**ကစားမည့်ရက်/အချိန် ၁၃-၁၁-၂၀၂၂ (ည ၀၆း၃၀နာရီ)**

**နောက်ဆုံးတွေ့ ဆုံမှုရလဒ်**

**အော်ဇေး ၀ - ၁ ပီအက်စ်ဂျီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ပီအက်စ်ဂျီ** | – | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **ဝေး(နိုင်)** |
| **အော်ဇေး** | – | **ဝေး(ရှုံး)** | **အိမ်(နိုင်)** | **ဝေး(သရေ)** |

လက်ရှိဒီနှစ်သင်းရဲ့ခြေစွမ်းပိုင်းက အတော်လေးကွာခြားမှုရှိနေပါတယ်။ အော်ဇေးအသင်းအတွက် အဝေးကွင်းမှာ သရေရလဒ်တောင်မျှော်လင့်ဖို့မဖြစ်နိုင်ပါဘူး။ လက်ရှိ ပီအက်စ်ဂျီအသင်းရဲ့ ခြေစွမ်းပိုင်းကလဲ အနိုင်ရယူဖို့မခက်ခဲနိုင်လို့ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ပီအက်စ်ဂျီ အသင်းရဲ့အနိုင်ရလဒ်က သေချာနေပါတယ်။

**အင်တာနက်ခန့်မှန်း – ပီအက်စ်ဂျီ ၃ – ၀ အော်ဇေး**

**လိုင်လီ Vs အန်ဂါ**

**ကစားမည့်ရက်/အချိန် ၁၃-၁၁-၂၀၂၂ (ည ၀၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ ဆုံမှုရလဒ်**

**အန်ဂါ ၁ - ၁ လိုင်လီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လိုင်လီ** | – | **အိမ်(နိုင်)** | **ဝေး(ရှုံး)** | **အိမ်(သရေ)** |
| **အန်ဂါ** | – | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** |

ငါးပွဲဆက် ရှုံးပွဲကြုံထားတဲ့ အန်ဂါအသင်းရဲ့ ခြေစွမ်းပိုင်းက ဆိုးရွားနေလို့ အခုပွဲစဉ်မှာလဲ ရှုန်းကန်ရပါလိမ့်မယ်။ လိုင်လီအသင်းကလဲ နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးထားလို့ အခုအိမ်ကွင်းပွဲစဉ်မှာတော့ နိုင်ပွဲပြန်လည်ရရှိအောင် ပြင်ဆင်လာမှာပါ။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးကစားလာမဲ့ လိုင်လီအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – လိုင်လီ ၂ – ၀ အန်ဂါ**

# ဆောင်းဦးရာသီမှာ ကျန်းမာရေးအတွက် သတိပြုစရာများ

ကြည်လင်မြင့်(မုံရွာ)



နံနက်စောစော အိပ်ရာထချိန်တွင် ခါတိုင်းနှင့်မတူ ချမ်းစိမ့်စိမ့်အရသာကို ခံစားရသည်။ ခါတိုင်း အမှတ်တမဲ့ မခြုံမိသောစောင်ကို ဦးခေါင်းထိဆွဲခြုံမိကြသည်။ ဆောင်းရာသီ၏ ရွှေ့ပြေးလက္ခဏာ အအေးဓာတ် ရောက်ရှိလာချေပြီ။

စာရေးသူ၏ ဆေးကုသမှုသက်တမ်းတစ်လျှောက် အတွေ့အကြုံများအရ ဆောင်းဦးကာလ နိုဝင်ဘာနှင့်ဒီဇင်ဘာလတို့တွင် လေဖြတ်သူ၊ ပါးရွဲ့ရောဂါဖြစ်သူ၊ လေဖြန်းသူ အများဆုံးဖြစ်သည်။ ထိုလများတွင် တန်ဆောင်တိုင်ပွဲနှင့် နှစ်သစ်ကူးပွဲများရှိခြင်းကြောင့် ညဥ့်နက်ချိန်ထိ အပြင်ထွက်လည်ပတ်သူများပြားသည်။

လူအများသည် နံနက်ပိုင်း၊ ညနေပိုင်းနှင့်ညဥ့်ဦးပိုင်းတွင် အအေးဓာတ်သိပ်မရှိသဖြင့် ပုံမှန်အဝတ်အစားဖြင့်သွားလာခြင်း၊ အပြင်ထွက်လည်ပတ်ခြင်းပြုလုပ်ရာမှ ညဥ့်နက်လာသောအခါ ရုတ်တရက် အအေးဓာတ်လွန်ကဲလာခြင်းကြောင့် အအေးပတ်ခြင်းကို သတိမမူမိဘဲ ဖြစ်ကြရသည်။

ပျော်ပွဲရွှင်ပွဲနှင့် ညဥ့်နက်ပိုင်း ဧည့်ခံပွဲများ၌ လူငယ်နှင့် လူလတ်ပိုင်းများ အရက်သေစာသောက်စားတတ်မှုများလည်း ရှိတတ်ကြသည်။ အရက်အရှိန်ကြောင့် အေးမှန်းမသိဘဲ အိပ်ပျော်သွားသောအခါ စောင်မခြုံဘဲ အိပ်ပျော်သွားတတ်ကြသည်။ ထိုအခါ နံနက်တွင် အိပ်ရာမှမထနိုင်တော့ဘဲ လေဖြတ်နေသူ များစွာတွေ့ရဖူးသည်။ သတိပြုကြရန်လိုသည်။ အထူးသဖြင့် မြန်မာ "တပေါင်းလ" တွင်ဖြစ်လေ့ရှိသည်။ နေ့ပူလို့ညချမ်း တပေါင်းလလသာရမ်းဟု အဆိုရှိသည်။

ဆောင်းဥတုတွင် ဒက္ခိဏာခေါ် တောင်ဝင်ရိုးစွန်းမှ နေထွက်သည်။ ကမ္ဘာနှင့်ဝေးကွာလှသဖြင့် နေထွက်ချိန် နောက်ကျသည်။ နေနှင့်ဝေးသဖြင့် တေဇောဓာတ်အရနည်းသည်။ ထိုအခါ တေဇောဓာတ်ကို ကြောက်ရွံ့သော အဖျားပိုးတို့ ထကြွကြလေသည်။

### နေရောင်ခြည်၏တန်ဖိုး

ရောဂါပိုးအတော်များများသည် နေရောင်ခြည်ကိုကြောက်ကြသည်။ နေရောင်ခြည်တွင် သေကြသည်။ ပူမှု၊ အေးမှု တေဇောပြုသည်။ တေဇောယုတ်က ရောဂါရသည်။ တေဇောသည် သက်စောင့်ဓာတ်ဖြစ်သည်။ သင်နေထိုင်သောအိမ်သည် နံနက်ခင်းနေရောင်ခြည်မရရှိလျှင် သင်၏အိမ်သားများသည် မကြာခဏ ဖျားနာကြလိမ့်မည်။ နေရောင်ခြည်က သင့်အိမ်သို့ မလာလျှင် သင်သည် နေရောင်ခြည်ရှိရာသို့ သွားရပေလိမ့်မည်။

နံနက်လင်း နေရောင်ခြည်ကို နာရီဝက်ခန့်ခံယူလိုက်ရုံဖြင့် သင့်အတွက် တစ်နေ့တာလုံလောက်သော တေဇောဓာတ်ကိုရရှိပြီးဖြစ်သည်။ ငွေမကုန်သော ဆေးတစ်ပါးမှာ နေရောင်ခြည်ပင်ဖြစ်သည်။

### ရေချိုးဖြင်းနည်းလမ်းများ

နံနက်ခင်းတွင် ရေကူးကန် စသည်တွင်နေရောင်ခြည်ခံ၍ ရေချိုးရခြင်းသည် အထူးကျန်းမာစေသည်။ အချို့မှာ ရေကူးလိုက်၊ နေပူဆာလှုံလိုက် ပြုကြသည်။ တောရွာများတွင် နေပူဆာလှုံပြီး ရေချိုးကြသည်။ ရေကို သစ်သားစည်ပိုင်းတွင်ထည့်ထားကာ နေလှန်းပြီးမှ သက်ကြီးရွယ်အိုများနှင့်ဂိလာနများကို ရေချိုးပေးကြသည်။

သက်ကြီးရွယ်အိုများ၊ မကျန်းမာသူ ဂိလာနများသည် စောစောရေမချိုးသင့်ပေ။ ဆောင်းတွင် နံနက် ၁၁ နာရီခန့်အတွင်း ရေချိုးခြင်းသည် အကောင်းဆုံးဖြစ်သည်။ အချို့ အားနည်းပြီး အချမ်းမခံနိုင်လျှင် သုံးရက်မှတစ်ကြိမ် ရေချိုးပေးလျှင်ဖြစ်သည်။ နေထန်းတစ်ဖျားကျော်မှ ရေချိုးပေးခြင်းသည် အပြစ်ကင်းသည်။ ကျန်းမာသူ လူငယ်များအတွက် နံနက်စောစောကပင် ရေချိုးနိုင်သော်လည်း အသက်ကြီးပိုင်း လူကြီးများသည် ရေချိုးဆင်ခြင်ရမည်။ "နွေကိုး၊ မိုးတစ်ဆယ်၊ ဆောင်းတစ်ဆယ့်တစ်"ဆိုသော စာချိုးအတိုင်းသာ ရေချိုးသင့်သည်။ နွေ ကိုးနာရီ၊ မိုး ၁၀ နာရီ၊ ဆောင်း ၁၁ နာရီ အတိအကျမဟုတ်သည့်တိုင် ထိုအချိန်ဝန်းကျင်သည် လူကြီးများအတွက် ရေချိုးချိန်ဖြစ်သည်။

မိမိကိုယ်မိမိ ကျန်းမာသည်ဟု ညနေ ၆ နာရီ အလုပ်မှပြန်လာပြီး ရေချိုးသူလူငယ် ကုမ္ပဏီဝန်ထမ်းတစ်ဦးသည် လွန်ခဲ့သောရက်ပိုင်းက ဖျားလာပြီး ခွင့်မရသဖြင့် အနားမယူဘဲ အလုပ်သွားခဲ့ကာ နောက်ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသည်ဟု သိရသည်။ သူ့အိမ်ရှိ လူကြီးများ၊ မိသားစုများပါ နေအိမ်အပြင်ထွက်ခွင့်မရဘဲ စောင့်ကြည့်ခြင်းခံကြရသည်။

ညနေဘက် နေဝင်ချိန် ရေချိုးခြင်းကို ရှေးဆရာကြီးများက ကန့်ကွက်ကြသည်။ ကျန်းမာရေးအတွက် ခွင့်မပြုကြပေ။ အရပ်သုံးစကား ရေချိုးမှားသည်ဆိုခြင်းမှာ ညနေနှင့်ညပိုင်း ရေချိုးသူများတွင် အဖြစ်များသည်ကို တွေ့ရသောကြောင့်ဖြစ်သည်။

ရေချိုးဆင်ခြင်ခြင်းသည် မမှားသောအရာဖြစ်သည်။ ကျန်းမာရေးမကောင်းသူ သက်ကြီးရွယ်အိုများ ညနေဘက်နှင့်ညဘက် ရေမချိုးခြင်းသည် အကောင်းဆုံးဖြစ်မည်ထင်သည်။ အကြောင်းကြောင်းကြောင့် မလွှဲမရှောင်သာ၍ ရေချိုးရမည်ဆိုလျှင်လည်း လျင်မြန်စွာချိုးပါ။ ရာသီဥတုအေးလျှင် ရေနွေးစပ်ပြီးချိုးပါ။

လူကြီးများ အအေးပတ်ခြင်းကို ကာကွယ်နိုင်ရန်အတွက် ရေချိုးပြီးလျှင် တေဇောဓာတ်ရစေရန် ချင်းပြုတ်ရည် ပူပူလေးသောက်ပေးပါ။ သို့မဟုတ် အလွယ်တကူအားဖြင့် ချင်းတက်ကိုပါးပါးလှီး ရေနွေးမတ်ခွက်တစ်လုံးတွင် စိမ်ထားပြီး အုပ်ထားပါ။ ရေချိုးပြီးသောအခါ ခပ်နွေးနွေး ကော်ဖီတစ်ခွက်စာခန့် သောက်ပေးပါ။

### ဥတုနှင့်သင့်အောင်နေပါ

ဆောင်းဦးရာသီတွင် လေဖြတ်သူ၊ ပါးရွဲ့သူ၊ လေဖြန်းသူ အတော်များသည်။ အကြောင်းမှာ အမှတ်တမဲ့ အအေးပတ်ခြင်းကြောင့်ဖြစ်သည်။ သက်ကြီးရွယ်အိုများသာမက အသက် ၄၀၊ ၅၀ ဝန်းကျင်လူလတ်ပိုင်းများပါ လေဖြတ်ကြသည်ကို တွေ့ရှိရသည်။

ပေါ့ပေါ့တန်တန်နေထိုင်ခြင်းကြောင့် လေဖြတ်ခြင်းသည် မူလအကြောင်းရင်းခံ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါရှိခြင်းကြောင့် လေဖြတ်ခြင်းထက် ပိုများသည်။ ထို့ကြောင့် ဥတုအကူးအပြောင်းတွင် မပေါ့ဆကြရန် လိုသည်။

### ဥတုနှင့်သင့်သောအစာ

အစာအာဟာရတို့ကို အရသာနှင့်ဓာတ်ခွဲလျှင် ချို၊ ချဉ်၊ ငန်၊ စပ်၊ ခါး၊ ဖန်ဟူ၍ အရသာ ခြောက်ပါးတွေ့ရမည်။ ထိုအရသာတို့ကို စုံအောင်စားရမည်ဆိုသော်လည်း ဥတုအကြိုက်ကိုလိုက်၍ ပိုကဲစားရမည့်အရသာလည်း ရှိသေးသည်။

ဥတုအကြိုက်မှာ နွေတွင် အချိုအရသာ။ မိုးတွင် အခါးအရသာ။ ဆောင်းတွင် အချဉ်အရသာဟု ဆိုသည်။ ရှေးက ဓာတ်စာဆရာကြီးများသည် ဤနည်းကိုအခြေခံ၍ ဓာတ်စာပေးလေ့ရှိသည်။

အချဉ်အရသာကိုအခြေခံ၍ ဆောင်းဦးရောက်သည်နှင့် မိုးတွင်ပေးခဲ့သော အခါးအရသာကိုဖြုတ်၍ဆောင်းအကြိုက် အချဉ်အရသာကို ပြောင်းပေးလေ့ရှိသည်။

၈။ ငါးချဉ်၊ ပုစွန်ချဉ်၊ နှမ်းဖတ်ချဉ်၊ မုန်လာချဉ်၊ ဟင်းဂလာချဉ်၊ ခံတက်ချဉ်များ စားသုံးနိုင်သည်။

၉။ သံပရာဖျော်ရည်၊ ရှောက်သီးဖျော်ရည်၊ ကမ္ဘလာသီးဖျော်ရည်များ သုံးဆောင်ပါ။

၁၀။ အသားဟင်းချက်လျှင် ရှောက်ရည်ညှစ်ထည့်ချက်ပါ သို့မဟုတ် ချဉ်စော်ကားသီး၊ မက်လင်ချဉ်သီးများ ထည့်ချက်ပါ။

၁၁။ ငါးသလောက်ပေါင်းကို ရှာလကာရည်အချဉ်ဖြင့်ရော၍ ပေါင်းပါက အနူးမြန်ပြီး အချဉ်ကဲသောအရသာဖြင့် စားကောင်းစေသည်။

### ဥတုဆိုးသောအခါ၊ အအေးလွန်သောအခါ

ရာသီဥတုဖောက်ပြန်၍ အအေးလွန်ကဲခြင်း၊ နှင်းများထူထပ်စွာကျခြင်း၊ နှင်းမိုးများရွာခြင်းများဖြစ်ခဲ့လျှင် အိမ်တွင်းမှအိမ်ပြင်သို့မထွက်ဘဲ အနွေးဓာတ်ရစေရန် မီးဖိုထားခြင်း၊ အပူပေးစက်ဖြင့် အနွေးဓာတ်ပေးထားခြင်းများ ပြုလုပ်ပါ။ အဖျားအနာကာကွယ်ရန်အတွက် အောက်ပါအချက်များကို လိုက်နာပါ-

၁။ အနွေးထည်များ ဝတ်ထားပါ။ လည်ပင်းတွင် ဦးနှောက်သို့ပို့သော သွေးကြောရှိသဖြင့် လည်ပင်အအေးမပတ်စေရန် မာဖလာ သိုးမွေးထည်ဖြင့် ပတ်ထားပါ။

၂။ ဦးခေါင်းငယ်ထိပ်အအေးပတ်လျှင် နှာစေးတတ်သဖြင့် ကလေးငယ်များမှအစ ခေါင်းစွပ် စွပ်ပေးထားပါ။

၃။ လူကြီးများ လက်ဖျား၊ ခြေဖျား အအေးမပတ်စေရန် ခြေအိတ်၊ လက်အိတ်များ ဆောင်ထားပါ။

၄။ အစားအသောက်မှန်သမျှကို ပူပူနွေးနွေး သုံးဆောင်ပါ။ အစားအသောက်အေးလျှင် ပြန်နွှေးပြီးမှ စားသောက်ပါ။

၅။ စားသောက်ချိန်တွင် ရေအေးနှင့်အချိုရည် မသောက်ဘဲ ရေနွေးကြမ်းသောက်လျှင် အကောင်းဆုံးဖြစ်ပါသည်။

၆။ ပတ်ဝန်းကျင်တွင် တုပ်ကွေး စသောကူးစက်နိုင်သည့် အဖျားအနာထူသောအချိန်များ၌ အပြင်ထွက်ပြီးပြန်လာလျှင် ချင်း၊ ထန်းလျက်ပြုတ်ရည် သို့မဟုတ် ကွမ်းရွက်ပြုတ်ရည်ကို မိသားစုလိုက်သောက်သုံးခြင်းဖြင့် အဖျားရောဂါများ ကူးစက်ခြင်းဘေးမှ ကာကွယ်နိုင်ကြောင်း တင်ပြလိုက်ရပါသည်။

**❖ ညနေဘက် နေဝင်ချိန်ရေချိုးခြင်းကို ရှေးဆရာကြီးများက ကန့်ကွက်ကြသည်။ ကျန်းမာရေးအတွက် ခွင့်မပြုကြပေ။ အရပ်သုံးစကား ရေချိုးမှားသည်ဆိုခြင်းမှာ ညနေနှင့်ညပိုင်းရေချိုးသူများတွင် အဖြစ်များသည်ကို တွေ့ရသောကြောင့်ဖြစ်သည်။ ရေချိုးဆင်ခြင်ခြင်းသည် မမှားသောအရာဖြစ်သည်။ ကျန်းမာရေးမကောင်းသူ သက်ကြီးရွယ်အိုများ ညနေဘက်နှင့်ညဘက် ရေမချိုးခြင်းသည် အကောင်းဆုံးဖြစ်မည်ထင်သည်။ အကြောင်းကြောင်းကြောင့် မလွှဲမရှောင်သာ၍ ရေချိုးရမည်ဆိုလျှင်လည်း လျင်မြန်စွာချိုးပါ။ ရာသီဥတုအေးလျှင် ရေနွေးစပ်ပြီး ချိုးပါ။ ❖**

### ဖေးရန်သင့်သောဓာတ်စာများ

၁။ ကင်ပွန်းချဉ်ရွက်ဟင်းချိုကို ပုစွန် သို့မဟုတ် ရေချိုငါး၊ ငါးပတ်၊ ငါးကြင်းတို့နှင့် ရောချက်ပါ။

၂။ ကင်ပွန်းချဉ်ရွက်ကို ကြော်စားပါ။

၃။ ချဉ်ပေါင်ရွက်နှင့်ပုစွန်ဆိတ်ကလေးဟင်း။

၄။ ချဉ်ပေါင်ကြော်။ မျှစ်အချိုနှင့်ရောကြော်လျှင်လည်း ရသည်။

၅။ ရှောက်သီးကို အခွံခွာ၊ အသားကိုမွှပြီး ရေစင်စင်ဆေး ပုစွန်ခြောက်ထောင်း၊ ကြက်သွန်ဖြူ၊ နီ တို့နှင့် ရောသုပ်စားပါ။ ပုစွန်ငါးပိနှင့် ငရုတ်သီးစိမ်းတို့ဖြင့်လည်း အစပ်သုပ်စားနိုင်သည်။

၆။ သံပရာသီးသနပ်၊ သံပရာချဉ်များစားပါ။

၇။ မုန်ညင်းရွက်ကို အချဉ်တည်ပြီး ဟင်းချက်စားပါ။ သုပ်စားပါ။

# ပန်းချီဆရာခုနစ်ဦး၏ 7 Collection အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်



**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ YaeKyaw Art Gallery တွင် ပန်းချီဆရာခုနစ်ဦး၏ 7 Collection အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ YaeKyaw Art Gallery မှ ပြခန်းမန်နေဂျာ မအင်ကြင်းဇော်ဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ 7 Collection အွန်လိုင်းပန်းချီပြပွဲကို နိုဝင်ဘာ ၁၇ ရက်မှ နိုဝင်ဘာ ၂၇ ရက်ထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ ပြသသွားမည်ဖြစ်ပြီး ပြခန်းသို့လည်း လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

"လက်ရှိ ပန်းချီလောကမှာ နာမည်ရပြီးသား ပရိသတ်ရှိပြီးသား ပန်းချီဆရာ၊ ဆရာမ ခုနစ်ယောက် ဒီနှစ်ထဲမှာ ရေးဆွဲထားတဲ့ လက်ရာတွေထဲက ကျွန်မတို့ Art Gallery ရဲ့ စိတ်ကြိုက်ပန်းချီကားတွေကို စုစည်းပြသသွားမှာပါ။ စုစုပေါင်း ပန်းချီကား ၃၅ ကားလောက်တော့ပြပါမယ်။ ထပ်တိုးလာဖို့လဲ ရှိပါတယ်။ ဆရာမ ဝင်းသန္တာရဲ့ ကားလေးတွေ ထပ်တိုးဖို့တော့ရှိပါတယ်"ဟု မအင်ကြင်းဇော်ဝင်းကက ပြောပြသည်။

7 Collection အွန်လိုင်းပန်းချီပြပွဲတွင် ဈေးကွက်ရှိ နာမည်ရပြီးဖြစ်သည့် ပန်းချီဝင်းသန္တာ၊ ပန်းချီ ခင်မောင်ဇော်၊ ပန်းချီ နီပိုဦး၊ ပန်းချီ လှဖုန်းအောင်၊ ပန်းချီ အောင်သွင်ဦး၊ ပန်းချီ မျိုးမြတ်မင်း၊ ပန်းချီ စိုင်းပြည့်စုံအေးတို့၏ ရေဆေး၊ ဆီဆေး အပါအဝင် လက်ရာစုံဖြင့် ဖန်တီးထားသည့် ပန်းချီကား ၃၅ ကား ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပန်းချီပြခန်းတွင် ပြသထားမည့် ပန်းချီကားများ၏အရွယ်အစားများမှာ (၂၄× ၃၀) လက်မ၊ (၂၄×၂၄) လက်မ၊ (၂၀×၃၀) လက်မ၊ (၁၈×၃၆) လက်မ၊ (၁၅× ၂၂) လက်မ၊ (၁၁×၁၅) လက်မစသည့် အရွယ်အစားစုံပန်းချီကားများပါဝင်ပြီး ဈေးနှုန်းအနေဖြင့် ငွေကျပ် ငါးသိန်းမှ ငွေကျပ် ၂၅ သိန်းထိရှိကြောင်း သိရသည်။

ASH

# John Wick-4 ဇာတ်ကား ပြသချိန်အကြာဆုံးဇာတ်ကားဖြစ်လာမည်

**နယူးယောက် နိုဝင်ဘာ ၁၁**

John Wick-4 ဇာတ်ကားသည် John Wick ဇာတ်ကားများအနက် ပြသချိန်အကြာဆုံးဇာတ်ကားဖြစ်လာလိမ့်မည်ဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။

John Wick ရုပ်ရှင်ကားများသည် အခြားရုပ်ရှင်ဇာတ်ကားတွဲများကဲ့သို့ပင် တစ်ကားထက်တစ်ကား ပြသချိန်ပိုကြာလာသည်။

ပထမဆုံး John Wick ဇာတ်ကားမှာ ပြသချိန် ၁ နာရီ ၄၁ မိနစ်သာရှိခဲ့သော်လည်း တတိယမြောက် John Wick ဇာတ်ကားမှာ ပြသချိန် ၂ နာရီ ၁၁ မိနစ်ထိ ရှိလာခဲ့သည်။

ထို့ပြင် မကြာမီကာလအတွင်း ရုံတင်ပြသတော့မည့် John Wick-4 ဇာတ်ကားမှာ John Wick ဇာတ်ကားများအနက် ပြသချိန်အကြာမြင့်ဆုံးဇာတ်ကား ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ဒါရိုက်တာ ချက်စတာဟဲစကီးက အတည်ပြုထားသည်။

John Wick-4 ဇာတ်ကားတွင် ကမ္ဘာကျော်မင်းသား ကီနူးရိဗ်ကပင် အဓိကဇာတ်ကောင် John Wick အဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး ၎င်းဇာတ်ကားကို ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်တွင် ရုံတင်ပြသရန်စီစဉ်ထားကြောင်း သိရသည်။ KKO




# ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ပိတောက်သား၊ ရင်းတိုက်သားတို့ဖြင့်ထုလုပ်ထားသည့် ပန်းပုရုပ်တုများ ဝင်ရောက်လာ

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ပိတောက်သား၊ ရင်းတိုက်သားတို့ဖြင့် ထုလုပ်ထားသည့် ပန်းပုရုပ်တုများ ဝင်ရောက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တော်ဝင်မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ပိတောက်သား၊ ရင်းတိုက်သားများဖြင့် ထုလုပ်ထားသည့် ပုံစံသစ်ပန်းပုရုပ်တုများမှာ ပိတောက်ကျိုးပေါင်းသားဖြင့် ထုလုပ်ထားသည့် အလျား ၁၇ လက်မ၊ အမြင့် ၁၁ လက်မ အရွယ်အစားရှိ ကျားမင်းရုပ်တုနှင့် ရင်းတိုက်သားဖြင့် ထုလုပ်ထားသည့် အလျား ၁၀ လက်မ၊ အမြင့် ၁၇ လက်မအရွယ်အစားရှိ ရွှေသမင်အုပ်ရုပ်တုများဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးမှ ရန်ကုန်တိုင်းဒေသကြီး ဈေးကွက်သို့ ဝင်ရောက်လာကြောင်း သိရသည်။

"ဒီလထဲမှာ အမှတ်တရလက်ဆောင်ပစ္စည်း ဈေးကွက်ထဲကို ပန်းပုရုပ်တုဒီဇိုင်းသစ်တွေ ဝင်လာပါတယ်။ ဒီလပထမပတ်က မန္တလေးကနေ ဈေးကွက်ထဲကို ဝင်လာတာဖြစ်ပါတယ်။ ပိတောက်ကျိုးပေါင်းသားနဲ့ ထုလုပ်ထားတဲ့ ကျားမင်းရုပ်တုနဲ့ ရင်းတိုက်သားနဲ့ ထုလုပ်ထားတဲ့ သမင်အုပ်ရုပ်တုတွေဖြစ်ပါတယ်။ ဈေးနှုန်းကလဲ တစ်ခုကို ငွေကျပ် ၉၀၀၀၀ လောက်ဖြစ်ပါတယ်။ လူစိတ်ဝင်စားမှုများပါတယ်"ဟု ဒေါ်ခင်မြင့်ခိုင်က ပြောပြသည်။



အဆိုပါ ပိတောက်ကျိုးပေါင်းသားဖြင့် ထုလုပ်ထားသည့် အလျား ၁၇ လက်မ၊ အမြင့် ၁၁ လက်မ အရွယ်အစားရှိ ကျားမင်းရုပ်တုဈေးမှာ ငွေကျပ် ၉၀၀၀၀ ဖြစ်ပြီး လက်ရှိတွင် ရုပ်တုအရေအတွက် ၁၅ ရုပ်ခန့်ရောင်းချထားကြောင်း၊ ရင်းတိုက်သားဖြင့် ထုလုပ်ထားသည့် အလျား ၁၀ လက်မ၊ အမြင့် ၁၇ လက်မအရွယ်အစားရှိ ရွှေသမင်အုပ်ရုပ်တုဈေးမှာလည်း ငွေကျပ် ၉၀၀၀၀ ဖြစ်ပြီး လက်ရှိတွင် ရုပ်တုအရေအတွက် ၂၀ ခန့်ရောင်းချထားကြောင်း သိရသည်။ ASH

# G 20 လျှို့ဝှက်သည်းဖိုအက်ရှင်ဇာတ်ကား၌ မင်းသမီး ဗိုင်အိုလာဒေးဗစ် ပါဝင်မည်ဖြစ်

**နယူးယောက် နိုဝင်ဘာ ၁၁**

ကမ္ဘာကျော်အော်စကာဆုရှင် လူမည်းအမျိုးသမီးသရုပ်ဆောင် ဗိုင်အိုလာဒေးဗစ်သည် G 20 အမည်ရှိ လျှို့ဝှက်သည်းဖိုအက်ရှင်ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။

G 20 ဇာတ်ကားတွင် မင်းသမီး ဗိုင်အိုလာဒေးဗစ်သည် G 20 ထိပ်သီးညီလာခံကို အကြမ်းဖက်သမားများ စီးနင်းချိန်တွင် G 20 ခေါင်းဆောင်များကို ကယ်တင်ရန် ကြိုးစားခဲ့ရသော အမေရိကန်အမျိုးသမီးသမ္မတ တေလာဆပ်တန် အဖြစ် သရုပ်ဆောင်မည်ဖြစ်သည်။

G 20 ဇာတ်ကားကို မက္ကဆီကိုအမျိုးသမီးဒါရိုက်တာ ပက်ထရစ်ရှာရစ်ဂျင်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ ပက်ထရစ်ရှာရစ်ဂျင်သည် The 33 နှင့် Miracles From Heaven ဇာတ်ကားများကို ရိုက်ကူးခဲ့သူဖြစ်သည်။

G 20 ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ နိုအာနှင့် လိုဂန်မီလာတို့က တာဝန်ယူရေးသားထားကြောင်း၊ အဆိုပါဇာတ်ကားကို Amazon ကုမ္ပဏီက Prime Video အွန်လိုင်းရုပ်ရှင်ထုတ်လွှင့်မှုစနစ်မှတစ်ဆင့် ပြသမည်ဖြစ်ကြောင်း သိရသည်။ KKO



# စစ်ကိုင်းမြို့တွင် ကျောက်စိမ်းကျောက်မျက်ဈေးပေါ်ပေါက်ရေး ဆောင်ရွက်သွားမည်

**စစ်ကိုင်း နိုဝင်ဘာ ၁၁**

စစ်ကိုင်းဒေသကြီး စစ်ကိုင်းမြို့တွင် ကျောက်စိမ်းကျောက်မျက်ဈေးပေါ်ပေါက်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ငါးထပ်ကြီးဘုရားကြီးအနီး ဘော်ဂါရပ်ကွက်မှ ကျောက်စိမ်းပုတီးလုပ်ငန်းရှင် ဦးအောင်ကြီးက ပြောပြ၍သိရသည်။

စစ်ကိုင်းမြို့တွင် ကျောက်စိမ်းပုတီးလုပ်ငန်းကို အဓိကအားဖြင့် ငါးထပ်ကြီးဘုရားအနီး ဘော်ဂါရပ်ကွက်တွင် လုပ်ကိုင်လျက်ရှိပြီး ကျောက်စိမ်းပုတီးလုပ်ငန်းလုပ်ကိုင်သူလုပ်ငန်းရှင်ဦးရေ ၁၀၀၀ ကျော်ရှိကာ တစ်နိုင်ငံလုံးသို့ ကျောက်စိမ်းပုတီးများ ဖြန့်ချိနေကြောင်း သိရသည်။

"ကျောက်စိမ်းပုတီးဆိုရင် စစ်ကိုင်းကပဲ။ ကျောက်စိမ်းပုတီးတွေရဲ့ ၉၀ ရာခိုင်နှုန်းက စစ်ကိုင်းက ထုတ်လုပ်တာချည်းပါ။ စစ်ကိုင်းကလွဲလို့ အခြားဘယ်နေရာကမှ များများစားစား မထုတ်လုပ်နိုင်သေးဘူး။ ဒါပေမဲ့ ဒီကနေ့ထိ စစ်ကိုင်းမှာ ကျောက်စိမ်းပုတီးအတွက် ကျောက်စိမ်းကျောက်မျက်ဈေးလို့ဟာမျိုးမရှိသေးဘူး။ မန္တလေးမှာ ကျောက်မျက်ဈေးရှိတဲ့အတွက် အဲဒီမှာပဲ အရောင်းအဝယ်သွားလုပ်နေရတဲ့ အနေအထားဖြစ်ပါတယ်။ စစ်ကိုင်းမြို့မှာ အဓိကထုတ်လုပ်နေတဲ့အတွက် ဈေးကွက်ရှိရင် ရောင်းသူကော ဝယ်သူပါ ဈေးနှုန်းအဆင်ပြေသွားနိုင်မှာ ဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော်တို့လုပ်ငန်းရှင်တွေ စုစည်းပြီးတော့ ဈေးကွက်ပေါ်လာဖို့ ကြိုးစားနေပါတယ်။ ဈေးကွက်ပေါ်လာရင် ပြည်ပကလုပ်ငန်းရှင်ကြီးတွေကို ဖိတ်ခေါ်ပြီးတော့ အကျိုးတူလုပ်နိုင်မယ်ဆိုရင် ကျွန်တော်တို့လဲ နည်းပညာရမယ်။ ဈေးကွက်ကလဲ ဒီထက်ကျယ်ပြန့်သွားမယ်"ဟု စစ်ကိုင်းမြို့ ငါးထပ်ကြီးဘုရားကြီးအနီး ဘော်ဂါရပ်ကွက် မှ ကျောက်စိမ်းပုတီးလုပ်ငန်းရှင် ဦးအောင်ကြီးက ပြောပြသည်။ ASH

# SAC Chairman Prime Minister Senior General Min Aung Hlaing addresses SAC Meeting 9/2022


Senior General Min Aung Hlaing addresses meeting 9/2022 of State Administration Council.

**Nay Pyi Taw November 11**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered an address at the SAC Meeting 9/2022 at the meeting hall of the SAC Chairman Office in Nay Pyi Taw this afternoon.

The meeting was also attended by SAC Vice-Chairman Deputy Prime Minister Vice-Senior General Soe Win, Council Secretary Lt-Gen Aung Lin Dwe, Council members General Mya Tun Oo, Admiral Tin Aung San, Lt-Gen Myo Myint Tun, Mahn Nyein Maung, U Thein Nyunt, U Khin Maung Swe, Daw Aye Nu Sein, Jeng Phang Naw Taung, U Moung Har, U Sai Lon Seng, Saw Denial, Dr Banyar Aung Moe, U Shwe Kyein, Lt-Gen Soe Htut and Lt-Gen Yar Pyae.

In his speech, the Senior General said ethnic armed organizations were invited to join the restoration of internal peace and 10 EAOs participated in the talks. Those EAOs comprise NCA signatories and non-NCA signatories. It was seen that all participant organizations showed their wishes to walk on the path of peace. The talks were based on the Constitution (2008) and the Nationwide Ceasefire Agreement-NCA. At the meeting, they were explained the measures to be taken under the law. As Hluttaw should be participated by relevant ethnic representatives, it is necessary to hold the elections in relevant regions and states. Ethnic representatives must participate in the Hluttaw and they must be capable of discussing the ethnic and region affairs. To be able to do so, PR system was explained for participation of ethnic people at the Hluttaw, and some organizations agreed it.

With regard to peace, further talks are being held with EAOs. It is expected to have an agreement in December. Remarkable progress can be seen in the peace talks. Collection of census and issuance of citizenship scrutiny cards are being undertaken in some ethnic areas. If so, the process can contribute to the compilation of voter list and so, election can be held in the ethnic areas left in the previous elections.

**Encouraging MSMEs for enhancement of the State economy**

The Senior General said that he went to regions and states as of September for enhancement of the State economy to hold meetings with MSME businesspersons so as to develop micro, small and medium scale enterprises. The Senior General underlined that he encourages State economy and domestic manufacturing. In so doing, encouragement is being given to agriculture and livestock based manufacturing for rural economic development.

Raw material plays a key role in manufacturing. Some raw materials are imported. The manufacturing based on domestic raw materials is the best. Hence, raw materials from agriculture and livestock farms must be used for production. The government aims to carry out manufacturing for enhancement of domestic economy, to ensure import substitute and increase export volume. In the past, domestic manufacturing was not encouraged, and importation was prioritized. As such, the trade deficit increased. So, the government is encouraging the domestic manufacturing.

Some reports mentioned requirement of loans for investment in MSMEs. The government disbursed ordinary loans and the loans for reoperating the businesses destroyed by the Covid-19. Reports were submitted to extend the term of loans. In order to ease their difficulties, the government extended the term of loan to be paid back. Moreover, the government disbursed loans for capital investment under the rules and regulations.

Human resources at middle, high and higher education standards need to be produced. Measures are being taken to conduct agricultural, livestock breeding and technical courses at high schools. In the second stage, agricultural, livestock and technical institutes will be operated. Plans can be made for them to go to university as they wish. Respective ministries are conducting training courses for human resources and so are the private institutes. And that can contribute towards a lot to MSMEs.

It is very beneficial to promoting MSMEs for national economic growth. The MSME industry has four sectors namely manufacturing, trade, service and others. There will be no trade without manufacturing. There will be no services without trade. Therefore, manufacturing is crucial. Agricultural and livestock breeding zones must be established in various regions and states to encourage production of goods based on MSMEs.

**Trade activities for promotion of national economy**

Every country has to try for their national economic development. Despite having economic prospects, our country is not in a position to export goods as much it expects. Trade involves border trade and maritime trade. Maritime transport constitutes about 75% of total trade. Border trade is about 25%. In border trade, agricultural and livestock products mainly go to neighbouring China and Thailand. So, a greater effort is necessary to promote national economy.

**Tatmadaw striving to ensure non-disintegration of national solidarity**

Only when the country is peace and tranquil, can businesses be operated. There were economic impacts in 2021 due to the Covid-19 pandemic and political crisis. The political crisis led to unrest, lootings, violence and bomb blasts. Arms and ammunition were seized from the terrorists. Although violence has decreased, some places still see acts of terrorism.

I have frequently said that the Tatmadaw is part of the country and part of the people. Tatmadaw members were born of the people. In the two previous government terms, the Tatmadaw cooperated as much as it could. The state of emergency now is in accord with the 2008 constitution. We are acting with least restraint based on the constitution. The state of emergency emerged not because of armed conflicts but because of a political issue. So the situation is different. Amicable cooperation between the people and the Tatmadaw is the best for the future of the country. Both the Tatmadaw and the people will always exist. United strength is the strength of the country. The Tatmadaw is striving to ensure non-disintegration of national solidarity.

In the efforts to revive national economy, there must be good transport routes for smooth commodity flow but no disturbances. There are still disturbances in some transport routes such as roads and railroads. So, the State has to take security measures.

**Plans underway for election**

When it comes to election, the final stage of the five-point road map has stated that upon accomplishing the provisions of the state of emergency, free and fair multiparty democratic elections will be held in line with the 2008 Constitution, and further work will be undertaken to hand over State duties to the winning party in accordance with democratic standards. Efforts are being made to hold the election as scheduled. In the three previous elections, voting took place in 325 townships, 323 townships and 315 townships respectively.

In holding the multiparty democracy general election, it is necessary to be a free and fair election. Therefore, only if an election that is true and acceptable to the people is held in all the regions, will the next government's tasks be successful. We are making efforts as much as we can to be able to resume the election. It is necessary to systematically form political parties. So, talks are being held with political parties. The parties need to be reliable to the people and their candidates need to become Hluttaw representatives who the people could trust and elect. Therefore, it is aimed to hold the election by PR system. I want members of the Council to discuss matters to be able to resume the election.

Then, members of the Council made suggestions on providing amendments on 2014 Counter-Terrorism Law as needed to be able to effectively take action against terrorist acts, ensuring correctness in original list of voters, forming supervisory teams led by chief ministers of regions and states to be able to conduct scrutiny tasks with momentum, forming election commission branches at different levels at the earliest, providing basic requirements in advance to successfully exercise proportional representation (PR) system , taking action against illegal jade mining, reviewing tax collection on gems and jade trade, grating permission on mining rare earth minerals with a set tax collection, providing capital for agricultural development and making arrangements for supply chains, making amendments on the law to be able to give a duty for long period to the Union Election Commission, ensuring success in holding the election, carrying out necessary tasks in advance for ensuring a true multiparty system and

*See Page 13*

# Delegation of Roscongress Investments Fund of Russian Federation pays courtesy call on Chairman of State Administration Council Prime Minister Senior General Min Aung Hlaing



Senior General Min Aung Hlaing receives Director SHATIROV Alexander Sergeevich.

**Nay Pyi Taw November 11**

A delegation led by Director SHATIROV Alexander Sergeevich of Rosscongress Investments Fund paid a courtesy call on Chairman of State Administration Council Prime Minister Senior General Min Aung Hlaing at the parlour of the Office of the Chairman of the State Administration Council in Nay Pyi Taw this afternoon.

The Senior General and the delegation frankly exchanged views on cooperation between the financial and monetary systems of the two countries, trade promotion, matters related to investment in Myanmar, the manufacturing and exports of value-added products from agriculture, livestock, minerals and natural resource raw materials of Myanmar, further promotion of friendly relations and cooperation and future tasks between the two countries.

After the discussions, the Senior General and the director of Roscongress Investments Fund exchanged gifts and posed for documentary photographs together with attendees.

Also present at the courtesy call were union ministers U Win Shein, U Tin Htut Oo, U Hla Moe, U Khin Maung Yee, Chairman Lt-Gen Nyo Saw of Myanmar Economic Corporation and officials while Director SHATIROV Alexander Sergeevich was accompanied by delegation members. 100



Senior General Min Aung Hlaing holds talks with delegation led by Director SHATIROV Alexander Sergeevich.

---

*From Page 12*

winning trust of the people, ensuring fresh water availability in Sagaing and Mandalay regions and considering a project to divert the flow of water to Myitnge River through building a spillway on Thanlwin River for adequate cultivation water, broadcasting events that won prizes at 16th Myanmar Traditional Cultural Performing Arts Completion on MRTV, providing assistance of the Union Government for development of MSMEs in Rakhine State, carrying out preemptive tasks in order that terrorist acts that can deter and disrupt the election will not occur, and holding Christmas Festival for 2022 in Nay Pyi Taw.

Next, the Secretary of the Council briefed on amendments and addenda on the political parties registration law and the attendees made suggestions.

In his concluding remarks, the Senior General said arrangements will be made in order that the judicial pillar will conduct supervisory to able to take effective action against terrorist acts and departments concerned are working on ensuring correctness and fullness in basic facts to successfully hold the election. Tasks of preparation are being carried out at different levels. The term on the Union Election Commission is already provided in the Constitution. If willing to amend it, that could be done at the Hluttaw only. Tasks to protect and prevent rare earth minerals from illegal mining will be taken. If cooperative syndicates are formed for agricultural products, the State could disburse loans. Assessment and study will be conducted for a project to build a spillway on the Thanlwin River. Reviews will be made in respect of the suggestions and discussions on amendment of the political parties registration law. MRTV will broadcast events that won prizes at 16th Myanmar Traditional Cultural Performing Arts Completion. Measures for security and rule of law will be effectively taken by the organizations concerned in regions and states including Nay Pyi Taw in order that Diamond Jubilee Independence Day could be held gloriously. Regarding repayment of foreign debts in the time of our government, US$ 1,495 million of State's earnings have been repaid. Without acquiring foreign loans and aid, such repayment could be made with the money from trading earnings, foreign investments and taxes. For the dignity of the State, foreign loans of the previous government are yearly repaid. Efforts will be made for promotion of domestic production and exports to ensure domestic economic development. Our government must aim at holding a free, fair and open election successfully. For this, all the officials are to work together to ensure smoothness in transportation and communication, rule of law and stability and peace.

100

---

# Cathode copper weighting 200 tons to be sold at Monywa mine site through auction this month

**Nay Pyi Taw November 11**

The Ministry of Natural Resources and Environmental Conservation stated that 200 tons of cathode copper will be sold at Monywa mine site in open tender in November.

The open tender will be held at 3 pm on 23 November for selling cathode copper at mine site of Mining Department.

The stocks in 10 ton lots each will be sold to industrial businesspersons.

The price for the stock will be set as unknown price qual to the London Metal Exchange-LME on the tender day. LME+Premium must be mentioned with US dollar, and the highest price will win the tender.

Tender winners must pay Myanmar kyat equal to US$ for the cathode copper lots on the open tender day.

Tender applications will be closed at 2 pm on 23 November 2022 and at 3 pm, the tender process will continue. For further information, dial 067-3409378 and 067-3409372. 336

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ဂျပန်နိုင်ငံက အသံထက်မြန်သောဟိုက်ပါဆောနစ်ဒုံးကျည်တီထွင်ရန် အစီအစဉ်ရေးဆွဲလျက်ရှိ



ဂျပန်နိုင်ငံသည် လေကြောင်းရန်ကာကွယ်ရေးလက်နက်များကို အဆင့်မြှင့်တင်ရန်နှင့် ၎င်း၏ကိုယ်ပိုင်အသံထက်မြန်သည့် ဟိုက်ပါဆောနစ်ဒုံးကျည်များကို ၂၀၃၀ ပြည့်နှစ်တွင် တီထွင်နိုင်ရန် အစီအစဉ်ရေးဆွဲလျက်ရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံသည် ၎င်း၏ လက်ရှိမြေပြင်မှ ဝေဟင်ပစ် ဒုံးကျည်တချို့ကို ပြန်လည်ဒီဇိုင်းဆွဲရန်စီစဉ်နေကြောင်း၊ အဆိုပါဒီဇိုင်းရေးဆွဲခြင်းသည် ဂျပန်၏ တန်ပြန်တိုက်ခိုက်ရေးစွမ်းရည်ကို လာမည့် ဆယ်စုနှစ်အတွင်းတိုးမြှင့်ရန် ပိုမိုကျယ်ပြန့်သော မဟာဗျူဟာမြောက် လုပ်ဆောင်ချက်တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း Kyodo News က နိုဝင်ဘာ ၇ ရက်တွင် ဖော်ပြခဲ့သည်။

ဂျပန်စစ်ဘက်သည် ၎င်း၏ Type-03 တာလတ်ပစ်ဒုံးကျည်ကို အဆင့်မြှင့်တင်မှုများ အပြီးသတ်လုပ်ဆောင်ထားပြီး မော်ဒယ်အသစ်များကို ၂၀၂၉ ခုနှစ်တွင် အမြောက်အမြားထုတ်လုပ်နိုင်စေရန် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း အဆိုပါကိစ္စနှင့်ရင်းနှီးသောသတင်းရင်းမြစ်ကို ကိုးကား၍ ရေးသားဖော်ပြထားသည်။

ပြန်လည်၍ ဒီဇိုင်းထုတ်လုပ်ခြင်းသည် ဂျပန်နိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးနှင့် ဒုံးကျည်ကာကွယ်ရေးကို ဘက်စုံတိုးတက်စေရန်ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ယခုနှစ်မကုန်မီ ထုတ်ပြန်မည့် ပြန်လည်ပြင်ဆင်ထားသော အမျိုးသားလုံခြုံရေးမဟာဗျူဟာတွင် ဖော်ပြထားကြောင်း ၎င်းသတင်းရင်းမြစ်က ဆက်လက်ပြောကြားသည်။

Mitsubishi က ဒီဇိုင်းထုတ်ထားသော Type-03 SAM လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို ဂျပန်နိုင်ငံကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့(JFSDF) တွင် ၂၀၀၃ ခုနှစ်က စတင်အသုံးပြုခဲ့သည်။ လက်ရှိတွင် စစ်ဆင်ရေးအကွာအဝေးစွမ်းဆောင်ရည်မှာ ၅၀ ကီလိုမီတာ(၃၁ မိုင်)ဖြစ်သည်။

သို့သော်လည်း အသံထက်မြန်သောဟိုက်ပါဆောနစ်ဒုံးကျည်များသည် အသံ၏အမြန်နှုန်းထက် ငါးဆကျော်သွားလာနိုင်ပြီး ပုံမှန်မဟုတ်သောလမ်းကြောင်းများအတိုင်း ပျံသန်းဝင်ရောက်လာနိုင်သောကြောင့် Type-03 နှင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များသည် လက်နက်များကို ခြေရာခံရန်နှင့် ဖျက်ချရန်ခက်ခဲသည်။ Type-03 သည် အသံထက်မြန်သောလက်နက်များ၏ပျံသန်းမှုလမ်းကြောင်းကို ခန့်မှန်းရန်နှင့် ၎င်းတို့ကို ခြေရာခံနိုင်သည့် အပြင် ရေဒါဖြင့် ထောက်လှမ်းနိုင်စေရန် ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း သတင်းရင်းမြစ်က Kyodo News သို့ ပြောကြားခဲ့သည်။ သို့သော်လည်း အဆိုပါအဆင့်မြှင့်တင်မှုများသည် နည်းပညာသစ်ကို တန်ပြန်ရန်လုံလောက်မှု ရှိ၊ မရှိ ရှင်းရှင်းလင်းလင်းမသိရသေးကြောင်း ၎င်းက ဆိုသည်။

စက်တင်ဘာလက ဂျပန်ကာကွယ်ရေးဝန်ကြီး Yasukazu Hamada နှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီး Lloyd Austin တို့ကြား တွေ့ဆုံပြီးနောက် အမေရိကန်သည် ကိုယ်ပိုင်ဟိုက်ပါဆောနစ်ဒုံးပျံကို မတီထွင်နိုင်သေးသောကြောင့် နှစ်ဖက်စလုံးက အသံထက်မြန်သော ဟိုက်ပါဆောနစ်လက်နက်များ သုတေသနပြုထုတ်လုပ်နိုင်ရေးပူးတွဲလုပ်ဆောင်မည်ဟု ကြေညာခဲ့ကြသည်။

အမေရိကန်ကဲ့သို့ပင် ဂျပန်နိုင်ငံသည် အဆိုပါစီမံကိန်းကို ရှေ့သို့ဆက်လက်လုပ်ဆောင်နေပြီး ၂၀၃၀ ပြည့်နှစ်တွင် အသံထက်မြန်သည့်ဒုံးကျည်တစ်စင်းကို တီထွင်ထုတ်လုပ်နိုင်ရန် မျှော်လင့်ထားကြောင်း၊ လာမည့် အမျိုးသားလုံခြုံရေးမဟာဗျူဟာတွင် ဂျပန်နိုင်ငံ၏ ဟန့်တားမှုစွမ်းရည်များ အားကောင်းလာစေရန် အဓိကအစီအစဉ်သုံးရပ် ပါဝင်မည်ဖြစ်ကြောင်း၊ အမေရိကန်ထုတ် Tomahawk ခရုဇ်ဒုံးကျည်များနှင့် အခြားသော တိုက်ပွဲဝင်စမ်းသပ်ထားပြီး စစ်လက်နက်ပစ္စည်းများဝယ်ယူမှုနှင့် ၎င်းကိုယ်ပိုင်လက်နက်စနစ်တချို့ကို အဆင့်မြှင့်တင်မှုများအပါအဝင် အသံထက်မြန်သော ဟိုက်ပါဆောနစ်ဒုံးကျည်အသစ်ကို တီထွင်ထုတ်လုပ်နိုင်ရေးတို့ဖြစ်ကြောင်း ပြီးခဲ့သည့်အပတ်က Nikkei သတင်းဌာနက အစီရင်ခံတင်ပြခဲ့သည်။

**Japan devises hypersonic plan–media ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်နိုင်ငံက လေကြောင်းပြပွဲတွင် အသံထက်မြန်သောဟိုက်ပါဆောနစ်ဒုံးကျည်သစ် YJ-21 ဟားရှင်းကို ပထမဆုံးအကြိမ်ထုတ်ဖော်ပြသ

တရုတ်နိုင်ငံက ၎င်း၏နောက်ဆုံးပေါ် အသံထက်မြန်သော ဟိုက်ပါဆောနစ်ဒုံးကျည်သစ် YJ-21 ဟားရှင်းကို နိုဝင်ဘာ ၈ ရက်ကပြုလုပ်ခဲ့သော လေကြောင်းပြပွဲတွင် ပထမဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့ကြောင်း South China Morning Post က ထုတ်ဖော်ပြခဲ့သည်။ တရုတ်(တိုင်ပေ)အရေးနှင့်ပတ်သက်၍ အမေရိကန်နှင့် တင်းမာမှုများမြင့်တက်နေချိန်တွင် အဆိုပါအသံထက်မြန်သောဒုံးကျည်သည် သတင်းစကားတစ်ခုအဖြစ် အမေရိကန်သို့ ပေးပို့လိုခြင်းလည်းဖြစ်သည်။

Zhuhai ကမ်းရိုးတန်းမြို့ရှိ Airshow China ဖွင့်ပွဲတွင် 2PZD-21 ဟု အမည်ပေးထားသည့် ဒုံးကျည်နှစ်စင်းကို Xian H-6K မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်၏ တောင်ပံအောက်တွင် မြင်တွေ့ခဲ့ရကြောင်း ဟောင်ကောင်အခြေစိုက် သတင်းစာက ဖော်ပြခဲ့သည်။ USS Abraham Lincoln သည် ကိုရီးယားကျွန်းဆွယ်အနီးရှိ ဂျပန်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်နေချိန်တွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ရေတပ်ဖျက်သင်္ဘောမှ YJ-21 ကို ဧပြီလအတွင်း စမ်းသပ်ပစ်ခတ်ခဲ့သည့် ဗီဒီယိုဖိုင်တွင် မြင်တွေ့ခဲ့ဖူးသည်။

အဆိုပါဟိုက်ပါဆောနစ်ဒုံးကျည်များသည် ၃၀၀ ကီလိုမီတာ အကွာအဝေးထို့ထက် ပိုနည်းသောအကွာအဝေးအတွင်း ပစ်ခတ် နိုင်သည့် ထရပ်ကား သို့မဟုတ် သင်္ဘောဖြင့်ပစ်လွှတ်သော CM-401 အသံထက်မြန်သည့် ဒုံးကျည်မျိုးကွဲများဟု အခြားမီဒီယာများ၏ အစီရင်ခံစာများတွင် ရေးသားထားကြသည်။

အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ Nancy Pelosi သည် ဩဂုတ်လတွင် တရုတ်(တိုင်ပေ)သို့ လာရောက်လည်ပတ်ခဲ့မှုကြောင့် တရုတ်နှင့် တရုတ်(တိုင်ပေ)တို့ အပြိုင်စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ကြသည်။ နောက်ပိုင်း လေကြောင်းပြပွဲကို ကျင်းပခဲ့ခြင်းဖြစ်ရာ အသံထက်မြန်သော ဟိုက်ပါဆောနစ်ဒုံးကျည်ကိုပြသခြင်းသည် တရုတ်(တိုင်ပေ)ကို အင်အားသုံး၍ပြန်လည်သိမ်းယူရန် ပေကျင်း၏အစီအစဉ်တွင် အမေရိကန်ကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်သတိပေးသည့် သတင်းစကားတစ်ရပ်လည်းဖြစ်သည်။ အမေရိကန်ပင်လယ်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေးစနစ်တစ်ခုမှ အသံထက်မြန်သော ဟိုက်ပါဆောနစ်ဒုံးကျည်သစ်ကို ကြားဖြတ်တားဆီးနိုင်ခြင်းမရှိကြောင်း သိစေလိုခြင်းဖြစ်သည်ဟု ကာကွယ်ရေးလေ့လာသုံးသပ်သူ Andrei Chang က သတင်းစာကို ပြောကြားခဲ့သည်။



တရုတ်(တိုင်ပေ)သည် တရုတ်ပြည်မကြီးနှင့် ငြိမ်းချမ်းသောနည်းလမ်းဖြင့် ပြန်လည်ပေါင်းစည်းနိုင်ရန် ရည်ရွယ်ထားကြောင်း ပေကျင်းက လူသိရှင်ကြားထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ဩဂုတ်လက ထုတ်ဝေသည့်စက္ကူဖြူစာတမ်းတွင် တရုတ်အစိုးရသည် အနုနည်းဖြင့် ပြန်လည်ပေါင်းစည်းနိုင်ရေး ကတိကဝတ်ပြုထားသော်လည်း လိုအပ်သည့် အရေးယူဆောင်ရွက်မှုအားလုံးကို ရွေးချယ်လုပ်ဆောင်နိုင်ခွင့်ကိုလည်း စွန့်လွှတ်ထားခြင်းတော့မရှိပေ။

YJ-21 သည် ရုရှားနိုင်ငံ၏ ချူကလီးယားစွမ်းရည်ရှိ Kh-47 Kinzhal အသံထက်မြန်သောဒုံးကျည်နှင့် ပုံစံတူပြီး အကွာအဝေး ၂၀၀၀ ကီလိုမီတာကျော်ထိ ပစ်ခတ်နိုင်သည်။ ရုရှားသည် Mach 12 အလျင်နှုန်းဖြင့် ပျံသန်းတိုက်ခိုက်နိုင်သော Kinzhal ဒုံးကျည်များကို ယူကရိန်းရှိ တည်ငြိမ်ပစ်မှတ်များ တိုက်ခိုက်ရန် တပ်ဖြန့်ထားသော်လည်း Single Strike တစ်ချက်ပစ်ရုံဖြင့် နစ်မြုပ်နိုင်စေမည့် စစ်သင်္ဘောများကို ပစ်ခတ်တိုက်ခိုက်ခြင်းမျိုး မရှိသေးပေ။

တရုတ်သမ္မတရှီကျင့်ဖျင်က တရုတ်နိုင်ငံ လေကြောင်းပြပွဲ အဖွင့်မိန့်ခွန်းတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအကျိုးစီးပွားများကို ပြတ်ပြတ်သားသားကာကွယ်ရန်အသင့်ရှိနေရေးအတွက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကို နိုဝင်ဘာ ၈ ရက်က ညွှန်ကြားခဲ့သည်။

**China flaunts new hypersonic missile ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ဒေးဒရဲမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာဧက ၃၀၀ စိုက်ပျိုးမည်



ယခင်နှစ်က အောင်မြင်ဖြစ်ထွန်းခဲ့သည့် နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ဒေးဒရဲ နိုဝင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာဧက ၃၀၀ ထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဒေးဒရဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒေးဒရဲမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာဧက ၃၀၀ ကို လာမည့် ဒီဇင်ဘာလပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါဆီထွက်သီးနှံနေကြာဧက ၃၀၀ ကို စိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သည့်နည်းပညာနှင့် စိုက်ပျိုးရေးသွင်းအားစုများကို ယခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလပထမပတ်က ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆီထွက်သီးနှံနေကြာစိုက်ကွက်တွေ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာတွေကို မစိုက်ပျိုးမီ စီမံဆောင်ရွက်ပေးထားပါတယ်။ ဆီထွက်သီးနှံနေကြာဧက ၃၀၀ ထိ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ နေကြာသီးနှံကို တစ်ဧကဆိုတစ်ဧက ထိရောက်ပြီး အပျက်အစီးမရှိစေဖို့အတွက် တောင်သူတွေအနေနဲ့ နေကြာမျိုးကောင်းမျိုးသန့်တွေကို များများထုတ်လုပ်နိုင်ဖို့ အရေးကြီးတဲ့အတွက် နေကြာမျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့ လုပ်ဆောင်ပေးနေပါတယ်။ ဒီနှစ်စိုက်ပျိုးမဲ့ နေကြာစိုက်ခင်းတွေကို အောင်မြင်ဖြစ်ထွန်းစေဖို့၊ အထွက်နှုန်းတိုးစေဖို့ ဆောင်ရွက်နေပါတယ်"ဟု ဒေးဒရဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံများ စိုက်ပျိုးနိုင်ရန်အတွက်နည်းပညာများ၊ လိုအပ်သောပံ့ပိုးမှုများ၊ မြေဆီလွှာပြုပြင်ခြင်းများ၊ စိုက်ပျိုးရေးသွင်းအားစုများ အသုံးပြုရေးနည်းစနစ်များ စသည့်လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ကျော်ကျော်လင်း**

# မောက်မယ်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မောက်မယ် နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မောက်မယ်မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများကို နိုဝင်ဘာ ၁၀ ရက် နံနက် ၁၁ နာရီ မိနစ် ၃၀ က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အိအိခင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မောက်မယ်မြို့နယ်အတွင်းရှိ နားသဲ (တောင်၊ မြောက်)၊ မိုက်ယွန်း (နောက်)-ပုန်းလောင်း ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် လအလိုက်ပြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်ရန်အတွက် သတ်မှတ်ချက်နှင့်အညီ အရင်းမပျောက်မတည်ရန်ပုံငွေထူထောင်ပေးရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းနှင့် မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများဆောင်ရွက်ရန် အတိုးနည်းချေးငွေများ လိုအပ်လျက်ရှိသည်ကို တွေ့ရှိရသည့်အတွက် ကျေးလက်ပြည်သူများ၏ လိုအပ်ချက်များကို ပြည့်ဆည်းပေးနိုင်ရန်အတွက်လည်းကောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



မောက်မယ်မြို့နယ်အတွင်းရှိ နားသဲ(တောင်၊ မြောက်)ကျေးရွာ၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် မိုက်ယွန်း(နောက်)-ပုန်းလောင်းကျေးရွာ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ စီဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ အဆိုပါကျေးရွာနှစ်ရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူစုစုပေါင်း ၁၃၅ ဦးကို ငွေကျပ် ၈၉၄ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အေးသူ**

# ဆိပ်ဖြူမြို့နယ် အုန်းမှင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဆိပ်ဖြူ နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုန်းမှင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၀ ရက် ညနေပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အုန်းမှင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လစဉ်ဖြည့်သွင်းရမည့်ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားရှိမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

အဆိုပါ အုန်းမှင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၂၂၉ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၁၃၆ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၇၂ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁၀ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၉၀ တို့ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄၇ သိန်းကို ထုတ်ချေးပေးထားကြောင်း ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**နွဲ့ယဉ်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၁-၁၁-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၁၈၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဇေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၈၀၀/၇၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၇၅ |
| မာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၇၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၅၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

☆ ကျောဖုံးမှအဆက်

**ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလိုသည့် သဘောထားများရှိသည်ကို တွေ့ရှိရ**ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးက ရှင်းလင်းပြောကြားစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက အကြံပြုဆွေးနွေးတင်ပြစဉ်။

လွှတ်တော်တွင် တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်ရမည်ဖြစ်ပြီး အဆိုပါကိုယ်စားလှယ်များအနေဖြင့် တိုင်းရင်းသားအရေး၊ ဒေသအရေးများကို စိတ်ပါဝင်စား၍ ဆွေးနွေးနိုင်သူများ ဖြစ်ရန်လိုအပ်၊ ပြည်သူနှင့် တပ်မတော် ချစ်ကြည်ရင်းနှီးစွာ ဆောင်ရွက်ခြင်းသည် တိုင်းပြည်၏ အနာဂတ်အတွက် အကောင်းဆုံးဖြစ်၊ တပ်မတော်သည် အမြဲတမ်းတည်ရှိနေမည်ဖြစ်သကဲ့သို့ ပြည်သူများသည်လည်း အမြဲတမ်းရှိနေမည်ဖြစ် . . .

**တိုင်းပြည်စည်းလုံးညီညွတ်မှု မပျက်ပြားစေရေး တပ်မတော်မှကြိုးပမ်းဆောင်ရွက်**

ပါတီများအနေဖြင့် ပြည်သူများက အားကိုးရသည့်ပါတီ၊ ရွေးချယ်ခံရသည့်ပါတီကိုယ်စားလှယ်သည်လည်း ပြည်သူက အမှန်ယုံကြည်စိတ်ချစွာဖြင့် ရွေးချယ်သည့် လွှတ်တော်အမတ်များဖြစ်ရန်လို၊

အကြမ်းဖက်လုပ်ဆောင်ချက်များအား ထိထိရောက်ရောက်အရေးယူနိုင်ရန် တရားရေးမဏ္ဍိုင်မှ ကြပ်မတ်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ် . . .






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက အကြံပြုဆွေးနွေးတင်ပြစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် **အကြမ်းဖက်လုပ်ဆောင်ချက်များကို ထိထိ**


## ၂၀၂၁-၂၀၂၂ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒိုင်း၊ ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် "က"အဆင့် ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားပုံများကို တိုက်ရိုက်ထုတ်လွှင့်မည်

၂၀၂၁-၂၀၂၂ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒိုင်း၊ ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် "က"အဆင့် ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲယှဉ်ပြိုင်ကစားပုံများကို နိုဝင်ဘာ ၁၄ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် MRTV HD Channel၊ MWD HD Channel၊ MWD Variety HD Channel နှင့် MWD Education, Knowledge & Sports HD Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာ ကြိုတင်အသိပေးအပ်ပါသည်။

➤ ➤ ➤



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး SHATIROV Alexander Sergeevich တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး SHATIROV Alexander Sergeevich တို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

၂၁ ရှေ့ဖုံးမှအဆက်

အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးညိုစော နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး SHATIROV Alexander Sergeevich နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီအစည်းအဝေး(၂/၂၀၂၂) ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၁**

အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဦးဆောင်၍ အရွယ်မရောက်သေးသူကလေးသူငယ်များကို စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ အစည်းအဝေး(၂/၂၀၂၂)ကို ယနေ့နံနက် ၁၀ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။



အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီအစည်းအဝေး(၂/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးအတွက် ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် အရွယ်မရောက်သေးသူကလေးသူငယ်များကို စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီကို စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ၂၀၀၄ ခုနှစ်မှ CTFMR နှင့် Plan of Action လက်မှတ်မရေးထိုးမီ ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်ထိ အရွယ်မရောက်သေးသူ ကလေးသူငယ် ၅၉၇ ဦးကို တပ်မတော်မှ နုတ်ထွက်ခွင့်ပေးခဲ့ပါကြောင်း၊ ထို့နောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာတွင် တပ်မတော်(ကြည်း) ပါဝင်နေခြင်းကို စာရင်းမှပယ်ဖျက်နိုင်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် Country Task Force on Monitoring and Reporting (CTFMR) တို့အကြား အရွယ်မရောက်သေးသူကလေးသူငယ်များကို စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းစီမံချက်(Plan of Action)ကို ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်တွင် လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါစီမံချက်အရ CTFMR နှင့်ပူးပေါင်းပြီး အရွယ်မရောက်သေးမီ မှားယွင်းစုဆောင်းခဲ့သည့် အသက်မပြည့်စစ်သည် ၁၀၂၉ ဦးကို တပ်မတော်မှ နုတ်ထွက်ခွင့်ပြုကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့နောက် CTFMR နှင့် အသက်မပြည့်ကြောင်း အတည်ပြုပြီးဖြစ်သည့် စစ်သည် ၂၈ ဦးကိုလည်း ၂၀၂၂ ခုနှစ် မေ ၁၃ ရက်တွင် မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးခဲ့ရာ ယခုအချိန်ထိ ၁၀၅၇ ဦးရှိပြီဖြစ်ပါကြောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ တပ်မတော်သို့တာဝန်ထမ်းဆောင်ရန် ဝင်ရောက်လာသော လူငယ်များကို စိစစ်ခဲ့ရာ အသက်မပြည့်သံသယဖြစ်ဖွယ် လူငယ် ၄၅ ဦးနှင့် ဆန္ဒမပါသူဦးရေ ၁၄၀ စုစုပေါင်း ၁၈၅ ဦးကို လက်ခံခြင်းမပြုဘဲ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်စေလွှတ်ခဲ့ပါကြောင်း၊ သံသယစစ်သည် ၇၉ ဦးကို CTFMR နှင့် အမှုတွဲတိုက်ဆိုင်စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မှန်ကန်ပါက နုတ်ထွက်ခွင့်ပြုနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တို့တွင် CTFMR မှ ထပ်မံပေးပို့လာသည့် သံသယဖြစ်ဖွယ်စစ်သည် ၁၂ ဦးကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိတွင် တပ်မတော်အနေဖြင့် တပ်သားသစ်စုဆောင်းရေးကဏ္ဍတွင် အရွယ်မရောက်သေးသူကလေးသူငယ်များကို စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် CTFMR တို့သဘောတူသတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း စုဆောင်းလျက်ရှိပါကြောင်း၊ အသိပညာပေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မတီအစည်းအဝေးများကို ပုံမှန်ကျင်းပလျက်ရှိပြီး ကော်မတီအနေဖြင့် တပ်မတော်အတွင်း ကလေးစစ်သားအသုံးပြုမှုမရှိစေရေး ကော်မတီ၏ရည်မှန်းချက်အတိုင်း ဆောင်ရွက်လျက်ရှိသကဲ့သို့ ဆက်လက် အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်းနှင့် အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်း CTFMR သို့ အသိပေးအကြောင်းကြားလျက်ရှိပါကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ကော်မတီဝင်များနှင့်ကိုယ်စားလှယ်များက အရွယ်မရောက်သေးသူကလေးသူငယ်များကို စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး လုပ်ငန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှေ့လုပ်ငန်းစဉ်များအပေါ် အကြံပြုဆွေးနွေးခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

အဆိုပါ အစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဝင်များနှင့်သက်ဆိုင် ရာရုံး ၊ ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြိမ်(၄၀)နှင့် (၄၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများအပြီး ထုတ်ပြန်ခဲ့သည့် တူညီဆန္ဒ (၅)ချက် အကောင်အထည်ဖော်ခြင်းအပေါ် အာဆီယံခေါင်းဆောင်များ၏ ပြန်လည်သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်များကို မြန်မာနိုင်ငံက ကန့်ကွက်

အကြိမ်(၄၀)နှင့် (၄၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့ခြင်းနှင့် အဆိုပါအစည်းအဝေးများအပြီး တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ခြင်းဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ ပြန်လည်သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်အား ထုတ်ပြန်ခဲ့ခြင်းကို နိုင်ငံခြားရေးဝန်ကြီးဌာနက တွေ့ရှိရပါသည်။

အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့၏ တောင်းဆိုမှုအရ အာဆီယံပဋိညာဉ်စာတမ်းအပိုဒ်(၅)ပါ ပြဋ္ဌာန်းချက်ဖြစ်သည့် အဖွဲ့ဝင်နိုင်ငံများအကြား အဆင့်တူ တန်းတူကိုယ်စားပြုရေး "မူ"နှင့် သွေဖည်၍ မြန်မာနိုင်ငံက နိုင်ငံရေးအရ ကိုယ်စားမပြုသည့် ပုဂ္ဂိုလ်ကိုသာ အကြိမ်(၄၀)နှင့် (၄၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ဖိတ်ကြားခဲ့ပါသည်။ မြန်မာနိုင်ငံသည် အာဆီယံပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များနှင့် အခြေခံမူများကို တိကျစွာလေးစားလိုက်နာလျက်ရှိပြီး တာဝန်သိ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် အာဆီယံ၏ အရေးကိစ္စရပ်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသဖြင့် ယခုကဲ့သို့ မြန်မာနိုင်ငံကို တန်းတူရည်တူ မဆက်ဆံခြင်းနှင့် ခွဲခြားဆက်ဆံသည့်လုပ်ရပ်အပေါ် လက်ခံနိုင်ခြင်းမရှိသဖြင့် ဖော်ပြပါ အစည်းအဝေးများသို့ မြန်မာနိုင်ငံမှ ကိုယ်စားပြုတက်ရောက်ခြင်းမပြုခဲ့ပါ။

ယင်းတူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ခြင်းဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ ပြန်လည်သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်တွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ဖော်ပြချက်များသည် ဖြစ်စဉ်အမှန်တရားနှင့်ကင်းကွာလျက်ရှိခြင်း၊ အာဆီယံ၏တူညီဆန္ဒ(၅)ချက်အပေါ် မြန်မာနိုင်ငံက ကြိုးစားအားထုတ်ဆောင်ရွက်ပေးခဲ့မှုများကို အပြုသဘောဆောင်ဖော်ပြမှုမရှိခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းနှင့် ထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံကို ချန်လှပ်ထားပြီး အာဆီယံ ကိုးနိုင်ငံဖြင့်သာ ဆွေးနွေးသဘောတူညီခဲ့ခြင်းသည် အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့် ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမဟုတ်သဖြင့် မြန်မာနိုင်ငံအနေဖြင့် တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ခြင်းဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ ပြန်လည်သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်များကို လက်ခံမည်မဟုတ်ကြောင်းနှင့် ပြတ်သားစွာပယ်ချသည်။

မြန်မာနိုင်ငံသည် အာဆီယံ၏ တာဝန်သိအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ခြင်းကို လက်ရှိအာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်နှင့် အပြုသဘောနီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတွင်း ထာဝရငြိမ်းချမ်းရေးရရှိစေရန်ရည်ရွယ်လျက် မြန်မာအစိုးရသည် အပစ်အခတ်ရပ်စဲရေးကို တစ်ဖက်သတ် ကြေညာလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုဖိတ်ခေါ်ပြီး နိုင်ငံ့အကြီးအကဲကိုယ်တိုင်တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိခြင်း၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများကို လိုအပ်သည့်နေရာများသို့ခွဲခြားမှုမရှိဘဲ မျှတစွာပေးအပ်ရေးအတွက် အာဆီယံလူသားချင်းစာနာထောက်ထားမှုကူညီရေးညှိနှိုင်းမှုဗဟိုဌာန (AHA Centre)နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်း စသည့်သိသာထင်ရှားသည့် တိုးတက်မှုများစွာရှိသည်ကို လျစ်လျူရှုထားခြင်းအပေါ် များစွာ စိတ်ပျက်မိပါသည်။

ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏တာဝန်ကိုထမ်းဆောင်လျက်ရှိသည့် မြန်မာအစိုးရနှင့် တပ်မတော်ကိုရည်ညွှန်းဖော်ပြရာတွင် မသင့်လျော်သည့် သုံးနှုန်းဖော်ပြချက်များကို ပြင်းထန်စွာ ကန့်ကွက်သည်။

ယင်းကဲ့သို့ မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် အဖျက်အမှောင့်လုပ်ရပ်များ၊ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်၍ ဖျက်ဆီးလျက်ရှိသည့် NUG နှင့် PDF အမည်ခံ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရန် ရည်ညွှန်းပြောကြားချက်များကို စိတ်ပျက်စွာတွေ့ရှိရပါသည်။ ထိုကဲ့သို့ တရားမဝင်၊ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်းသည် အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံရာရောက်သည့်အပြင် အာဆီယံပဋိညာဉ်စာတမ်း စာပိုဒ်(၂) ပါ အခြေခံ "မူ"များကိုလည်းကောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံနှင့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများကိုလည်းကောင်း ဖောက်ဖျက်ရာရောက်ပါသည်။ သို့ဖြစ်၍ အကြမ်းဖက်အဖွဲ့အစည်းများနှင့် မည်သည့်ပုံစံ၊ မည်သည့်နည်းလမ်းနှင့်မဆို ဆက်သွယ်ဆောင်ရွက်ရန် ကြိုးပမ်းခြင်းကို မြန်မာနိုင်ငံက ပြင်းထန်စွာရှုတ်ချကန့်ကွက်သည်။

တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ခြင်းသည် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ရာ အချိန်ကန့်သတ်ချက်ဖြင့် ဖိအားပေး၊ အကျပ်ကိုင်သည့် ချဉ်းကပ်မှုမျိုးသည် အကျိုးမရှိနိုင်သည့်အပြင် လက်ရှိပူးပေါင်းဆောင်ရွက်မှုများအပေါ် ဆိုးကျိုးသက်ရောက်မှုများကိုပင် ဦးတည်သွားစေနိုင်သည်။

မြန်မာနိုင်ငံက တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်နေမှုသည် တိုးတက်မှုမရှိဟု အကြောင်းပြလျက် အာဆီယံအစည်းအဝေးများတွင် မြန်မာနိုင်ငံပါဝင်မှုကို ပိုမိုကန့်သတ်ပိတ်ပင်ရန် ကြိုးစားခြင်းသည် အာဆီယံအသိုက်အဝန်း အကောင်အထည်ဖော်ခြင်းကို အတားအဆီးဖြစ်စေသည့်အပြင် အာဆီယံ၏ စည်းလုံးညီညွတ်မှု၊ အရေးပါအရာရောက်မှု၊ မိသားစုစိတ်ဓာတ်ကို ပျက်ပြားစေမည်ဖြစ်သည်။ မြန်မာနိုင်ငံက အာဆီယံအဖွဲ့သို့ ဝင်ရောက်ခဲ့သည့် ၁၉၉၇ ခုနှစ်မှစတင်၍ အာဆီယံအသိုက်အဝန်းအကောင်အထည်ဖော်မှုတွင် မြန်မာနိုင်ငံက တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့မှုများကို လျစ်လျူရှုမျက်ကွယ်ပြုခြင်းကို ဝမ်းနည်းစွာတွေ့ရပြီး ယင်းလုပ်ရပ်များသည် မြန်မာအစိုးရ၏ ဒီမိုကရေစီပြန်လည်ဖော်ဆောင်နေမှုကို အဟန့်အတားဖြစ်စေပါမည်။

အာဆီယံအစည်းအဝေးများတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းနည်းလမ်းကိုလည်း အာဆီယံပဋိညာဉ်စာတမ်း စာပိုဒ်(၂၀)ပါ "ဆွေးနွေးခြင်းနှင့် တူညီဆန္ဒ"ပါ အခြေခံမူများအတိုင်း အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံလုံး ပါဝင်သည့် ဆွေးနွေးညှိနှိုင်းခြင်းနှင့် တူညီဆန္ဒဖြင့် ဆုံးဖြတ်ခြင်း "မူ"ကိုသာလျှင်လက်ခံသည်။ သို့ဖြစ်၍ ကာယကံရှင်နိုင်ငံ ပါဝင်ခြင်းမရှိသည့် ဆွေးနွေးဆုံးဖြတ်ချက်များကို လက်မခံပယ်ချသည်။

အာဆီယံအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့် အခြေခံမူများကို လေးစားလိုက်နာလျက် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် ထပ်လောင်းအသိပေးအပ်သည်၊ ယင်းသို့ဆောင်ရွက်ခြင်းကြောင့် အာဆီယံ၏စည်းလုံးညီညွတ်မှုနှင့် ဗဟိုအချက်အချာကျပြီး အရေးပါအရာရောက်မှုအပေါ် ဆိုးကျိုးသက်ရောက်မှုများသာ ဖြစ်စေမည်ဖြစ်ကြောင်း သတိပေးဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်**

# တပ်မတော်တပ်ရင်း၊တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲအတူတကွသုံးဆောင်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင် ကျိုင်းတောင်းမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ သင်တန်းသားများနှင့်အတူ ဂုဏ်ပြုစားပွဲ အတူတကွ သုံးဆောင်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၁**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ်(Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်နှင့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျိုင်းတောင်းမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ အရာရှိ၊ စစ်သည်များနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ လက်ရည်တစ်ပြင်တည်း သုံးဆောင်ကြသည်။ အလားတူ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများအသီးသီး ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာ သုံးဆောင်ခဲ့ကြသည်။

ထို့အတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ကွပ်ကဲမှုများအလိုက် တပ်ရင်း၊တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ နေ့လယ်စာ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

# တစ်တင်း ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ ၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ငွေကျပ် ၆၃၀၀၀၀ သတ်မှတ်

**အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ကြေညာချက်**
**ကြေညာချက်အမှတ်(၁/ ၂၀၂၂)**
**၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်**

၁။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသော ဈေးနှုန်းနှင့်ဈေးကွက်ဖြစ်ပေါ်စေရေးအတွက် စိုက်ပျိုးထုတ်လုပ်မည့် စပါးသီးနှံအတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

၂။ အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိ၍ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် တစ်တင်း ၄၆ ပေါင်ကိုက် စပါး တင်း ၁၀၀ ၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ငွေကျပ် ၆၃၀၀၀၀ သတ်မှတ်လိုက်သည်။

၃။ ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအပေါ်တွင်ဖြစ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအောက်တွင်ဖြစ်ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဖြစ်ပါသည်။ ယခုသတ်မှတ်သော အခြေခံရည်ညွှန်းစပါးဈေးနှုန်းသည် ၂၀၂၂ ခုနှစ် မိုးစပါးနှင့် ၂၀၂၃ ခုနှစ် နွေစပါးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၄။ အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန်အခက်အခဲရှိသော တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များသို့ဖြစ်စေ၊ အသင်းချုပ်ရုံးချုပ် ဖုန်း၊ ၀၁-၂၃၀၁၁၂၈၊ ၀၁-၂၃၀၁၁၂၉၊ ၀၁-၂၁၈၂၆၆ သို့ဖြစ်စေ ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်**
**အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ခင်လှိုင် တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူနေသူ တစ်ဦး၏ ကျန်းမာရေး တိုးတက်မှု အခြေအနေများကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၁**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ခင်လှိုင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်ကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးသည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အသီးသီးသွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၁၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၀၁၈ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၅၀၅၄ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ဒေသခံပြည်သူ ၁၈၅ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ကျောင်းသား၊ ကျောင်းသူ ၂၇၂ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ Mask များ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်း နှင့် Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးစဉ်။



ဆရာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် အဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

# မြစ်ကြီးနားမြို့ (၄၁)ကြိမ်မြောက် ဝိနယသဒ္ဓမ္မပါလ စာမေးပွဲကြီးကြပ်ရေး ဆရာတော်ကြီးများကို လှူဖွယ်ဝတ္ထုနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ကျင်းပပြုလုပ်မည့် (၄၁)ကြိမ်မြောက် ဝိနယသဒ္ဓမ္မပါလစာမေးပွဲကို ပရိယတ္တိသာသနာနုဂ္ဂဟ ဆရာတော်ကြီးများအဖွဲ့က ကြီးကြပ်၍ နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ စာမေးပွဲကြီးကြပ်ရေး ဆရာတော်ကြီးများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် အဖွဲ့ဝင်များက မြစ်ကြီးနားမြို့ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၌ သွားရောက်ဆက်ကပ်လှူဒါန်းသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များကို ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ သံဃာတော်များကို နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် နယ်မြေခံဆေးအဖွဲ့က သံဃာတော်များကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် အသက်နှစ်လမှ တစ်နှစ်ခွဲအောက် ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေး



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း အသက် နှစ်လမှ တစ်နှစ်ခွဲအောက် ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၁**

နေပြည်တော်တိုင်း စစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် အသက်နှစ်လမှ တစ်နှစ်ခွဲအောက် ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းကို ယနေ့ညနေပိုင်းတွင် တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ(ခုတင်-၃၀၀)၌ ပြုလုပ်ရာ ဆရာဝန်များ၊ သူနာပြုများက တပ်ရင်း၊ တပ်ဖွဲ့များမှ ကလေးငယ် ၇၂ ဦးတို့ကို ပေါင်ချိန်ခြင်း၊ ကာကွယ်ဆေး တိုက်ကျွေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ကလေးငယ်များကို အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# လားရှိုးမြို့ရှိ နတ်ရေကန် သောဘိတာရာမပရိယတ္တိစာသင်တိုက်အတွင်း တည်ထားကိုးကွယ်တော်မူသော ကံဘုန်းရှင်ရွှေအိုးကြီးစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာကျင်းပ



လားရှိုးမြို့ရှိ ကံဘုန်းရှင်ရွှေအိုးကြီးစေတီတော်မြတ်ကြီးအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး ရွှေထီးတော်တင်လှူစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ နတ်ရေကန်သောဘိတာရာမ ပရိယတ္တိစာသင်တိုက်အတွင်း တည်ထားကိုးကွယ်တော်မူသော ကံဘုန်းရှင်ရွှေအိုးကြီးစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်၌ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်း/မြောက်)ဥက္ကဋ္ဌ ဦးမျိုးကျော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နတ်ရေကန်သောဘိတာရာမကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဘိတထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်များနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်၊ အရန်ရွှေထီးတော်များနှင့် ရွှေထီးတော်ဆိုင်ရာပစ္စည်းများကို ပန်းရထားဖြင့်ပင့်ဆောင်ကာ ရွှေထီးတော်မြတ်ကို တင်လှူပူဇော်ကြသည်။ ယင်းနောက် သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းကို ဆက်လက်ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နတ်ရေကန်သောဘိတာရာမပရိယတ္တိစာသင်တိုက်အတွင်း တည်ထားကိုးကွယ်သည့် ဘုရားရှင်၏အသွေးအသားမှဖြစ်သော ဓာတ်တော်များနှင့် ရဟန္တာအရှင်သူမြတ်များ၏ ဓာတ်တော်များထားရှိသည့် ဓာတ်တော်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဓာတ်တော်များအား ဖူးမြော်ကြည်ညိုကာ သံဃာတော်များကို နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးအောင်ကျော်စိုးအား ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ငပုတောမြို့နယ် ကျုံကူးတိုက်နယ်ရှိ ကျုံကူးရွာ စိတ္တသုခဘုန်းတော်ကြီးကျောင်းတွင် အခြေပြု၍ ဒေသခံပြည်သူ ၁၂၃၃ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၈၈ ဦး၊ ခွဲစိတ်ရောဂါ ၇၅ ဦး၊ သားဖွား၊ မီးယပ်ရောဂါ ၆၃ ဦး၊ ကလေးရောဂါ ၄၉ ဦး၊ အရိုးရောဂါ ၁၂၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ဦးရေ ၇၀၊ မျက်စိရောဂါ ၄၇၈ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၈၂ ဦး၊ စုစုပေါင်း ၁၂၃၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ တစ်ဦး၊ မျက်စိခွဲစိတ်လူနာ ၁၉ ဦးတို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ခြောက်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၉ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၂၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၆၄ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ အထူးကုဆေးအဖွဲ့က ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ရွှေလင်းယုန်ဆရာတော်ထံ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်း လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# တောင်ငူခရိုင် ရွှေကျင်နိကာယဝိနည်းစာတော်ပြန်ပွဲ နှစ်ရာပြည့်အထိမ်းအမှတ် မဟာထေရပူဇာ သက်တော်ရှည်ဆရာတော်ကြီးများကို ပူဇော်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရွှေကျင်နိကာယ ဝိနည်းစာတော်ပြန်ပွဲ နှစ်ရာပြည့်အထိမ်းအမှတ် မဟာထေရပူဇာ သက်တော်ရှည် ဆရာတော်ကြီးများအား ပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဝိသုဒ္ဓါရုံသိမ်ဉူးကျောင်းမှော်ရုံ၌ ပြုလုပ်ရာ ပြည်မြို့ ဝိသုဒ္ဓါရုံဇာရာဏသီကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနာဂဝံသ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဝိသုဒ္ဓါရုံဇာရာဏသီကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များထံ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ၎င်းနောက် သက်တော်ရှည်ဆရာတော်ကြီးများ ဖြစ်တော်မူသော ပြည်မြို့ ဝိသုဒ္ဓါရုံဇာရာဏသီကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနာဂဝံသ သက်တော် ၉၀ နှစ်၊ ဝိသုဒ္ဓါရုံဇာရာဏသီကျောင်းတိုက် နာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သာသနဓဇ သီရိပဝရဓမ္မာစရိယ ပါဠိပါရဂူ ဘဒ္ဒန္တဓမ္မရသ သက်တော် ၁၀၂ နှစ်နှင့် တောင်ငူမြို့ ရတနာဂုဏ်မြင့်ဘုန်းတော်ကြီးကျောင်း ဦးစီးပဓာနနာယက ရွှေလင်းယုန်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအရိယာဘိဝံသ သက်တော် ၈၇ နှစ်တို့အား မဟာထေရပူဇာအဖြစ် ရှိခိုးဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဩဝါဒကထာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၉ ရက်က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၂ ရက် မှ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၈ ရက်ထိ လုပ်ငန်း အသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်တစ်ဦး၊ မဂ္ဂဇင်းနှစ်ဦးနှင့် အထွေထွေ ၁၂ ဦး ပေါင်း ၁၅ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူနှစ်ဦးကိုလည်းကောင်း၊ အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှစ၍ ယနေ့ထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၂၁၆ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၉၈ ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၃၁၂ ဦးကို အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ကချင်ပြည်နယ် မိုးမောက်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများထောင်ထားသည့် မိုင်းများကို အများပြည်သူ ဘေးအန္တရာယ်မရှိစေရေး ဖယ်ရှားရှင်းလင်း


မိုးမောက်မြို့ အခြေခံပညာအထက်တန်းကျောင်းရှေ့၌ KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်းများကို တွေ့ရစဉ်။


မိုးမောက်မြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ သစ်ပင်၌ KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်ရီမုမိုင်းကို တွေ့ရစဉ်။


KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးစဉ် မီးရှို့ဖျက်ဆီးခဲ့သည့် နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံမီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းမီးငြိမ်းသတ်ကြစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၁**

ကချင်ပြည်နယ် မိုးမောက်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်း၌ မိုးမောက်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းရှေ့ လမ်းဆုံနေရာသို့ရောက်ရှိစဉ် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် ရီမုမိုင်းသုံးလုံးကို တွေ့ရှိခဲ့သဖြင့် အများပြည်သူများ အန္တရာယ်မရှိစေရေး မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အခြေခံပညာအထက်တန်းကျောင်း၏ ပင်မစာသင်ဆောင်မှလည်းကောင်း၊ လမ်း၏ ညာဘက်ခြမ်း မီတာ ၃၀ ခန့်အကွာ လူနေအိမ်များမှ အကာအကွယ်ယူ၍ လည်းကောင်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်လာခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ပြီး အပြန်အလှန်ထိတွေ့မှု ဖြစ်ပွားခဲ့ရာ အကြမ်းဖက်သမားများသည် အရှေ့မြောက်ဘက်နှင့် အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အဆိုပါ မိုးမောက်မြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ကျောင်းဝင်းအတွင်းရှိ သစ်ပင်တွင်ကပ်၍ ထောင်ထားသည့် ဒေသန္တရလက်လုပ်ရီမုမိုင်း တစ်လုံးကို ထပ်မံသိမ်းဆည်းရမိခဲ့ပြီး အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့ ဆုတ်ခွာရာ လမ်းကြောင်းတစ်လျှောက်ရှိ နေအိမ်အချို့ကို မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံမီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ယခုကဲ့သို့ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်းမကြီးများပေါ်၌ လည်းကောင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအတွင်း၌လည်းကောင်း မိုင်းထောင်ဖောက်ခွဲမှုများနှင့် လူနေအိမ်နှင့် စာသင်ကျောင်းများကို အကာအကွယ်ယူ တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်မှုလုပ်ရပ်ကျူးလွန်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် ဒေသအတွင်း လှုပ်ရှားသွားလာလျက်ရှိသည့် ဒေသခံပြည်သူများ အန္တရာယ်မဖြစ်စေရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် နယ်မြေလုံခြုံအေးချမ်းတည်ငြိမ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်း၊ ဓာတုကုန်ကြမ်းပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



**နေပြည်တော် နိုဝင်ဘာ ၁၁**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လက်ပံလှ-စဉ့်ကူး ယာယီစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်နှစ်စီးပေါ်၌ ကုန်ပစ္စည်းများအောက်တွင် သိုဝှက်သယ်ဆောင်လာသော တရားမဝင် ကျွန်းတံခါးချပ်ဆိုဒ်စုံ၊ ကျွန်းတံခါးကျည်းပေါင်နှင့် ကျွန်းခွဲသားဆိုဒ်စုံ ၄ ဒသမ ၉၂၉ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၇၁၅၂၀ နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် Nissan Diesel အမျိုးအစား မော်တော်ယာဉ်နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၅၈၇၁၅၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၏ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၁၀ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဘုရားပန်းအိုးများ၊ Plastic Resin များ၊ မော်တော်ကားအင်ဂျင်များ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၁၈၇၅၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ်တစ်တွဲနှင့် Mitsubishi Fuso အမျိုးအစားမော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၈၁၈၇၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ကိုးမှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၈၄၅၂၇၀ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိရသည်။ **(သတင်းစဉ်)**

## မိဘပြည်သူများသို့ အသိပေးထုတ်ပြန်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ-၆၆/၆ (အထစ)နှင့်ပတ်သက်၍ အခက်အခဲများ သက်ဆိုင်ရာမြို့နယ်လဝက ရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း ၁၉-၉-၂၀၂၂ ရက်မှစတင်၍ အသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါထုတ်ပြန်ချက်၏အပိုဒ်(၁) (င)နှင့် (၂) (ယ)တွင် အောက်ဖော်ပြပါ အတိုင်းအသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်-

အပိုဒ်(၁) (င)

နိုင်ငံသားစိစစ်ရေးကတ် တစ်ခုထက်ပို၍ လက်ဝယ်ကိုင် ဆောင်ထားရှိခြင်းမပြုရ။ ကိုင်ဆောင်ထားခြင်းရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် အမြန်သွားရောက်အပ်နှံရမည်။ ၁-၁၁-၂၀၂၂ ရက်ထိ ကတ်အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူသော နိုင်ငံသားကတ်ကိုသာအတည်ပြု၍ ယခင်ကတ်အပိုများကို ပယ်ဖျက်စာရင်းသွင်းပါမည်။

အပိုဒ်(၂)(ယ) ပုံစံ၆၆/၆ (အထစ)

တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ အမြန်သွားရောက်သတင်းပို့ ဖြေရှင်းရမည်။ (ဥပမာ-ပုသိမ်တွင် အထစပြုလုပ်ထားသော်လည်း ရန်ကုန်တွင် အထစထပ်မံပြုလုပ်ထားရှိခြင်း)၊ ၁-၁၁-၂၀၂၂ ရက်ထိ ပုံစံ၆၆/၆(အထစ) အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူထားသော ပုံစံ၆၆/၆(အထစ)ကိုသာ အတည်ပြု၍ ယခင်ပုံစံ ၆၆/၆ (အထစ)များကို ပယ်ဖျက်စာရင်းသွင်းပါမည်။

၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ ၅၂ သန်းကျော်ကို စာရင်းသွင်းပြီးဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ၊ ပုံစံ ၆၆/၆အိမ်ထောင်စုလူဦးရေစာရင်းများကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများကို နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာခဲ့ပါသည်။

၄။ အဆိုပါအသိပေးထုတ်ပြန်ချက်နှင့်ပတ်သက်၍ ၁-၁၁-၂၀၂၂ ရက်ထိ ဆောင်ရွက်နိုင်ကြောင်းကြေညာထားသော်လည်း ပြည်သူများ၏ ပညာရေးအောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေစာရင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေ ပိုင်ဆိုင်မှုများ၊ တယ်လီဖုန်းစသည့်ဆက်သွယ်ရေးလုပ်ငန်းများနှင့် သက်ဆိုင်နေသဖြင့် ပိုမိုသိရှိလာရောက်ဆောင်ရွက်နိုင်ရေးအတွက် ရက်သတ္တနှစ်ပတ်တိုး၍ ၁၅-၁၁-၂၀၂၂ ရက်ထိ လာရောက်ဆောင်ရွက်နိုင်ရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်**
**ပြည်သူ့အင်အားဝန်ကြီးဌာန**

# လေးစားမှုရှိခြင်း

မေတ္တာမိုးနှင်း(ပဲခူး)

ကမ္ဘာဦးအစလူသားဟု ဖြစ်တည်လာကတည်းက လူသားတို့သည် တစ်ဦးတစ်ယောက်တည်းခွဲထွက်နေထိုင်ခဲ့ကြသည်မဟုတ်။ လူသားမျိုးနွယ်စုများထဲမှ တူညီရာအုပ်စုဖွဲ့၍ အတူတကွပေါင်းသင်းနေထိုင်ကြခြင်းဖြစ်သည်။ မိသားစုအဖြစ်သော်လည်းကောင်း၊ ဆွေရင်းအပေါင်းအသင်းအဖြစ်သော်လည်းကောင်း၊ အသင်းအဖွဲ့အနေဖြင့်သော်လည်းကောင်း တစ်ဦးကိုတစ်ဦး အမှီသဟဲပြု၍ နေထိုင်ကြခြင်းဖြစ်သည်။ တစ်ဦးကိုတစ်ဦး အမှီသဟဲပြု၍အုပ်စုဖွဲ့နေထိုင်ကြရာတွင် မတူကွဲပြားသောအုပ်စုများအဖြစ်လည်းတည်ရှိနေကြသည်။ မည်သို့ပင်ရှိစေကာမူ လူသားဟူသော တူညီခြင်းသည်ကား ငြင်းဆန်၍မရသော အမှန်တရားပင်ဖြစ်သည်။ ထိုသို့ အုပ်စုဖွဲ့နေထိုင်ကြသည့်အခါ အရေးကြီးဆုံးအချက်မှာ တစ်ဦးကိုတစ်ဦး"လေးစားမှု" ရှိခြင်းသည် အလွန်လိုအပ်ပေသည်။ တစ်နည်းအားဖြင့်ဆိုသော် လူသားတို့ကြားတွင် အသက်အရွယ်၊ လူမျိုးမရွေး အချင်းချင်းလေးစားမှုရှိခြင်းသည် အကောင်းဆုံးသောဆုလာဘ်ပင်ဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများတွင် "ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား" ဟူသောလူမှုရေးကျင့်ဝတ်ဖြစ်သည့် မြန်မာမှုဟန်ပန်ရှိနေပေသည်။ လူသားဟူသည်ကား အသက်အရွယ်၊ အခြေအနေ၊ နေရာဒေသအရ ကွဲပြားခြားနားသော ပုံပန်းသွင်ပြင်၊ ပြောဆိုနေထိုင်မှုရှိကြသည်။ အသက်အရွယ်အားဖြင့် မိမိထက် တစ်နေ့တစ်ရက်ကြီးသူများကို ရိုသေကိုင်းရှိုင်းကြရမည်။ ဂါရဝါစ ဟူသော မင်္ဂလာတရားတော်နှင့်အညီ နေထိုင်ခြင်းသည်သာလျှင် မြတ်သောနေထိုင်ခြင်း၊ အသက်ရှင်ခြင်းမည်ပေ၏။ ထို့ကြောင့် ရိုသေထိုက်သူကိုရိုသေကြရမည်။ ရွယ်တူလေးစားဟုဆိုရာ၌ မိမိနှင့် အသက်မတိမ်းမယိမ်း ရွယ်တူများကို ရိုင်းပျစွာဆက်ဆံခြင်း၊ ကိုယ်ထိလက်ရောက်ပြုမူခြင်းများမပြုရပေ။ တစ်ဦးနှင့်တစ်ဦး ကိုယ်ချင်းစာတရားဖြင့် ဆက်ဆံနေထိုင်ကြရမည်။ သူနှင့်ကျွန်တော်၊ သူနှင့်ကျွန်မဟူသောနှိုင်းယှဉ်ချက်တို့ဖြင့် ကိုယ်ချင်းစာတရားကိန်းအောင်းရန် လေ့ကျင့်ကြရပေမည်။ ငယ်သူကို သနားဟုဆိုရာ၌ မိမိထက်အသက်အရွယ်ငယ်သောသူများအပေါ် စေတနာ၊ မေတ္တာ၊ အကြင်နာတရားတို့ဖြင့် ဆက်ဆံကြရမည်။ ဖေးမနှစ်သိမ့်မှုဖြင့် လမ်းညွှန်ပြသကြရမည်။ သို့မှသာ လေးစားမှုရှိခြင်းဟူသော လူသားဆန်သည့်အပြုအမူများဖြင့် လူတစ်ဦးနှင့်တစ်ဦးကြား အေးချမ်းသော ဆက်ဆံရေးများရှိနေပေလိမ့်မည်။

**ပတ်ဝန်းကျင်အပေါ်လေးစားမှု**

လူသားဆိုသည်မှာ ပတ်ဝန်းကျင်နှင့်ကင်းကွာ၍ နေထိုင်ကြရသည်မဟုတ်။ အိမ်နီးချင်းဟူသော မိတ်သင်္ဂဟနှင့် သဟဇာတဖြစ်အောင်နေထိုင်ကြရသည်။ အိမ်နီးချင်းကောင်းလျှင် ဆွေမျိုးထက်ပင်ပေါင်းသင်း၍ ပိုသင့်လျော်သည်။ အိမ်နီးချင်းဟုဆိုရာ၌ မိမိနှင့်ကပ်လျက်ရှိသော အနေအထားကို ဆိုလိုခြင်းမဟုတ်ချေ။ မိမိအိမ်၊ မိမိလမ်း၊ မိမိရပ်ကွက်၊ မိမိမြို့ရွာရှိ ဆက်စပ်လျက်ရှိသော နယ်မြေအပိုင်းအခြားအားလုံးကို ဆိုလိုပေသည်။ ပတ်ဝန်းကျင်ကောင်းဖြစ်ရန်အတွက် မိမိကိုယ်တိုင်လည်း ကောင်းမွန်စွာနေထိုင်ရန် လိုအပ်သည်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေးစသော လူမှုကိစ္စအဝဝတွင် နှီးနှောဖလှယ်ခြင်း၊ မျှတစွာစဉ်းစားဆုံးဖြတ်ခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး ရင်းနှီးဖော်ရွေသော လေးစားမှုရှိရမည်။ မိမိ မိသားစု၊ မိမိဆွေမျိုးဟူသော တစ်ကိုယ်ကောင်းဆန်သည့်စိတ်သည် ပတ်ဝန်းကျင်အပေါ် လေးစားမှုကို လျော့ပါးစေသည်။ မိမိခြံဝင်း၊ မိမိအိမ်အတွင်း၌ မိမိ၏ လွတ်လပ်ပိုင်ခွင့်ဟူ၍ သတ်မှတ်ပြီး ထင်တိုင်းကြဲနေရမည်မဟုတ်ပေ။ မိမိ၏စိတ်ဆန္ဒထက် မိမိပတ်ဝန်းကျင်၏အပေါ်တွင် ကိုယ်ချင်းစာတရားထားရှိရပေမည်။ ပတ်ဝန်းကျင်အပေါ်လေးစားမှုဖြင့် မိမိတို့၏စိတ်ပိုင်းဆိုင်ရာကို ထိန်းချုပ်နိုင်မှုသာလျှင် ပတ်ဝန်းကျင်ကောင်းများဖြစ်ပေါ်လာပြီး ငြိမ်းချမ်းသောလူ့အဖွဲ့အစည်းတစ်ခုဖြစ်ပေါ်လာပေလိမ့်မည်။

**လုပ်ငန်းခွင်အတွင်းလေးစားမှု**

လုပ်ငန်းခွင်အတွင်းလေးစားမှုသည် ပို၍အရေးကြီးသည်။ လူသားဟူသည် အသက်မွေးဝမ်းကျောင်းအတွက် မည်သည့်အလုပ်တစ်ခုကိုမဆို လုပ်ကိုင်၍ အသက်ရှင်နေထိုင်ကြရခြင်းဖြစ်သည်။ မိမိဘဝရှင်သန်ရေးအတွက် မိမိလုပ်ကိုင်နေသောလုပ်ငန်းခွင်အပေါ် လေးစားမှုရှိကြရမည်။ လုပ်ငန်းခွင်၏အချိန်ကို မလေးစားဘဲ နောက်ကျခြင်း၊ မိမိဖြစ်ချင်သည့် ဆန္ဒတစ်စုံတစ်ရာအတွက်အချိန်ဖြုန်း၍ အလုပ်ခွင်တွင် လစ်ဟင်းခြင်းတို့သည် လုပ်ငန်းခွင်သာမက မိမိကိုယ်တိုင်၏ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေးများပါ လျော့ပါးသွားခြင်းဖြစ်သည်။ မိမိအပေါ်လည်း လုပ်ဖော်ကိုင်ဖက်များက လေးစားမှုမရှိတော့ဘဲ လျစ်လျူရှုခြင်း၊ ပြစ်တင်ရှုတ်ချခြင်းတို့ကို ခံစားရပေမည်။ လုပ်ငန်းခွင်တွင် မိမိလုပ်ကိုင်ရမည့်အလုပ်ကို အချိန်၊ အရေအတွက်၊ မိမိ၏စွမ်းရည်တို့ဖြင့် ပေါင်းစပ်၍ လေးစားစွာ လုပ်ကိုင်ဆောင်ရွက်လျှင် မိမိ၏ဘဝတိုးတက်ရုံသာမက စိတ်ပိုင်းဆိုင်ရာချမ်းသာခြင်း၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာခြင်းဟူသော သုခများကို ခံစားကြရပေလိမ့်မည်။ လုပ်ငန်းခွင်အတွင်း လေးစားမှုတွင် အလုပ်ရှင်၊ မိမိထက်ရာထူးကြီးသူ၊ ငယ်သူ၊ အလုပ်သမားအချင်းချင်းအပေါ်တွင်လည်း လေးစားမှုရှိကြရမည်။ မိမိ၏အလုပ်ရှင်သည် မိမိ၏ "ထမင်းရှင်" ပင်ဖြစ်သည်။ ထိုသူအပေါ်လေးစားမှုမရှိလျှင် မိမိနေ့စဉ်စားသုံးနေသောအစာအာဟာရတို့သည် အဆိပ်ကဲ့သို့ ပူပြင်းနေပေလိမ့်မည်။ မိမိ၏ ဝမ်းစာရေးအတွက် အလုပ်ရှင်၏ ဉာဏ်ရည်ဉာဏ်သွေး၊ ကြိုးစားမှုတို့ကို အခြေခံ၍ အလုပ်လုပ်ကိုင်ရသောကြောင့် အလုပ်ရှင်ဟူသည် အဘယ်သောအကြောင်းအရာအခြေအနေ၌ ဖြစ်စေ အလုပ်သမားတို့၏ ကျေးဇူးရှင်ပင်ဖြစ်ပေသည်။ လုပ်ငန်းခွင်အတွင်းတွင် အလုပ်သမားအချင်းချင်း လေးစားမှုရှိကြရမည်။ မိမိထက် ရာထူးကြီးသောသူ၏ ဆိုဆုံးမစကားကို နာခံကြရမည်။ လုပ်ငန်းကျွမ်းကျင်ဟူသော အတိုင်းအတာတွင် ကွာခြားမှုရှိသောကြောင့် မိမိထက်ရာထူးကြီးသူကို မိမိနှင့်ယှဉ်၍ ပြန်လည်ခွန်းတုံ့ပြန်ခြင်းမျိုးသည် လုပ်ငန်းခွင်ပဋိပက္ခကိုဖြစ်ပေါ်စေသည်။ ရာထူးကြီးမားသူများကလည်း မိမိထက်လုပ်ငန်းကျွမ်းကျင်မှု နည်းပါးသောသူများကို ဆဲဆိုကြိမ်းမောင်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှိမ့်ချဆက်ဆံခြင်းများ မပြုသင့်ပေ။ မိမိသည်လည်း အောက်ခြေအဆင့်မှ ကြိုးစားအောင်မြင်လာရသည်ကို သတိပြု၍ ကိုယ်ချင်းစာတရားဖြင့် ဆက်ဆံပြောဆိုကြရပေမည်။

လုပ်ငန်းခွင်ဟူသည်ကား လည်ပတ်ခြင်းဟူသော သဘောရှိ၏။ လည်ပတ်ခြင်းတွင် အထက်အောက်ညီမျှမှုရှိမှသာလျှင် သံသရာစက်ဝိုင်းဟူသော လုပ်ငန်းခွင်သည် အောင်မြင်မှုအပေါင်းနှင့်သာယာပေလိမ့်မည်။ ထို့ကြောင့် လုပ်ငန်းခွင်အတွင်း အချင်းချင်း လေးစားမှုရှိခြင်းသည် ဘဝစက်ဝိုင်းအတွက် အဓိကဇာတိချက်ကဲ့သို့ အရေးကြီးလှပေသည်။ အလုပ်သမားတစ်ဦးချင်းစီမှသည် လူ့စွမ်းအားအရင်းအမြစ်အားလုံး စွမ်းရည်ထက်မြက်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် လုပ်ငန်းခွင်အတွင်းလေးစားမှုကိုအရေးပေးကြရပေမည်ဖြစ်သည်။

**လူ့ဘောင်အဖွဲ့အစည်းအပေါ်လေးစားမှု**

လူ့ဘောင်အဖွဲ့အစည်းဆိုရာ၌ လူသားအားလုံးနှင့် သက်ဆိုင်ပေသည်။ လူသားဟုဖြစ်တည်ကတည်းက လူသားတို့၏ မွေးရာပါအရည်အသွေးအရ ဗီဇစရိုက်တို့ကွဲပြားမှုရှိသော်လည်း ဘဝဖြစ်တည်မှု တူညီကြသည်။ လူသားတိုင်းတွင် မွေးရာပါလူ့အခွင့်အရေးများ ရှိပေသည်။ လူသားအချင်းချင်း မလေးစားလျှင် တစ်ပါးသူ၏ အခွင့်အရေးကို ဟန့်တားနှောင့်ယှက်ရာရောက်ပေသည်။ တစ်ပါးသူ၏အခွင့်အရေးကိုထိခိုက်စေခြင်းသည် လူသားမဆန်သောအပြုအမူပင်ဖြစ်သည်။ အဖွဲ့အစည်းဟူသည်ကား စိတ်ဓာတ်၊ စည်းကမ်း၊ ပညာအစရှိသောအရာများထဲမှ အများဆုံးသောတူညီရာကို အခြေခံ၍ စုစည်းထားသော အစုအပေါင်းပင်ဖြစ်သည်။ မတူကွဲပြားခြင်းလည်း အနည်းငယ်ရှိပေလိမ့်မည်။ လူ့လောကတွင် အကောင်းနှင့်အဆိုးသည် အမြဲဒွန်တွဲနေပေသည်။ ထိုကောင်းခြင်း၊ ဆိုးခြင်းများအပေါ် ကိုယ်ချင်းစာနားလည်ပါမှ လေးစားခြင်းအဆင့်သို့ရောက်ရှိပေလိမ့်မည်။ တစ်ဦးနှင့်တစ်ဦး လေးစားမှုသာလျှင် အဖွဲ့အစည်းဟူသည် စည်းလုံးညီညွတ်၍ ရေရှည်တည်မြဲပေလိမ့်မည်။

အဖွဲ့အစည်းဟူသည်ကား ခံယူချက်၊ ယုံကြည်ချက်၊ အရည်အသွေးဟူသောအချက်များ တူညီမှုအပေါ်မူတည်၍ ဖွဲ့စည်းထားခြင်းဖြစ်သည်။ ထိုအချက်များအပေါ် မိမိ၏စိတ်ဆန္ဒတစ်စုံတစ်ရာဖြင့် ဖောက်လွဲဖောက်ပြန် မိမိသာအမှန်ဟု တစ်ယူသန်ပြု၍မရချေ။ အဖွဲ့အစည်းအတွင်းတွင်ရှိသော အဖွဲ့ဝင်အားလုံး၏ စိတ်ဆန္ဒကိုအတတ်နိုင်ဆုံးညှိယူကြရသည်။ ထိုသို့ ညှိယူပြီးမှသာလျှင် ဆုံးဖြတ်ချက်တစ်စုံတစ်ရာကို အခိုင်အမာဆုံးဖြတ်ကြရသည်။ အဖွဲ့ဝင်အားလုံး လက်ခံနိုင်သော ဆုံးဖြတ်ချက်လည်းဖြစ်ရပေမည်။ ဤသို့စည်းလုံးညီညွတ်၍ အကောင်းဆုံးသောဆောင်ရွက်နိုင်ခြင်းသည် တစ်ဦးအပေါ်တစ်ဦး လေးစားမှုရှိခြင်းပင်ဖြစ်သည်။ လေးစားမှုရှိခြင်းသည် လူသားအများစု စိတ်ချမ်းမြေ့စေသောအချက်ပင်ဖြစ်သည်ကို လူတိုင်းနားလည်ကျင့်သုံးကြရပေမည်။

**မိမိကိုယ်ကိုလေးစားမှုရှိခြင်း**

တစ်ပါးသူအပေါ်လေးစားမှုရှိခြင်း ပြည့်ဝရန်အတွက် မိမိကိုယ်ကိုဦးစွာလေးစားကြရမည်။ အဘယ်သို့လေးစားမှုကိုကျင့်ကြံမည်နည်း။ လူသားဟုရပ်တည်ကတည်းက လူသားတိုင်းလူသားတစ်ယောက်၏ တာဝန်ကို ကျေပွန်ကြရမည်။ လူ့ဘဝသည် တစ်ခဏတာဟုဆိုသော်လည်း လူသား၏ တာဝန်သည်ကား တစ်နေ့တာအတွက်၌ပင် များပြားမှုရှိနေသည်။ "အချိန်နှင့်အမျှ ပြောင်းလဲနေသောလောကကြီး"ဟု အသိအမှတ်ပြုလျှင် မိမိ၏ပိုင်ဆိုင်သောအချိန်များကို လေးစားရမည်။ အချိန်တိုင်းကိုအကျိုးရှိစွာအသုံးချကြရမည်။ မိမိပိုင်ဆိုင်သော စွမ်းဆောင်ရည်များကို ဖွင့်လှစ်ပြသကြရမည်။ သို့မှသာ မိမိကိုယ်မိမိ ယုံကြည်မှု ပိုမြင့်မားလာပေလိမ့်မည်။ မိမိပတ်ဝန်းကျင်သည်လည်း မိမိ၏စွမ်းဆောင်ရည်ကြောင့် အရောင်လက်လာလိမ့်မည်။ ဤအချက်သည် မိမိကိုယ်ကို ယုံကြည်လေးစားခြင်းရလဒ်ပင်ဖြစ်သည်။ ထို့ပြင် မိမိ၏ "ကိုယ်နှုတ်နှလုံး" သုံးပါးစလုံးအပေါ်တွင် လေးစားမှုရှိရမည်။ ဤသည်မှာ ကာယကံ၊ ဝစီကံ၊ မနောကံဟူသော ကံသုံးပါးကို စောင့်ထိန်းခြင်းပင်ဖြစ်သည်။ ကံသုံးပါးကို စောင့်ထိန်းနိုင်ပါက ကိုယ်ချင်းစာတရားပြည့်ဝသူဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် မိမိကိုယ်ကို လေးစားမှုရှိသလို တစ်ပါးသူအပေါ်လည်း လေးစားမှုရှိပေလိမ့်မည်။ ငြိမ်းချမ်းသော လောကလူ့ဘောင်ဖြစ်ရန်အတွက် မိမိကိုယ်ကိုလေးစားမှုရှိခြင်းသည် အရေးကြီးဆုံးပင်ဖြစ်သည်။

**လေးစားမှုကိုတန်ဖိုးထားပါ**

လူသားတိုင်းသည် အသွေးအသားဖြစ်တည်မှုဖြင့် တည်ဆောက်ထားကြသည်။ ထိုအသွေးအသားတို့သည် စိတ်ခံစားချက်တို့နှင့်အတူ လည်ပတ်ပြောင်းလဲနေပေသည်။ လည်ပတ်ပြောင်းလဲမှုနှင့်အတူ အပြုအမူတို့သည်လည်း ကွဲပြားခြားနားသွားကြတော့သည်။ လူသားတိုင်းသည် ကိုယ်ကျန်းမာခြင်း၊ စိတ်ချမ်းသာခြင်းဟူသော အကျိုးတရားများနှင့်ပြည့်စုံလိုကြသည်။ စိတ်ချမ်းသာ၍ ကိုယ်ကျန်းမာမှသာလျှင် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကိုဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ ထိုသို့ စိတ်ချမ်းသာ ကိုယ်ကျန်းမာရန် ငြိမ်းချမ်းသော လူ့ဘောင်အဖွဲ့အစည်းလိုအပ်သည်။ ငြိမ်းချမ်းသော လူ့ဘောင်အဖွဲ့အစည်းဖြစ်ရန်အတွက် လူသားတိုင်းသည် အရာရာတိုင်းအပေါ်တွင် "လေးစားမှု" ရှိကြရပေမည်။ ထို့ကြောင့် လူသားတိုင်းသည် သက်ရှိ၊ သက်မဲ့ဟူသော အရာအားလုံးအပေါ်တွင် လေးစားမှုကို တန်ဖိုးထား၍ ပြောဆိုပြုမူဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

❖ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများတွင် "ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား" ဟူသော လူမှုရေးကျင့်ဝတ်ဖြစ်သည့် မြန်မာမှုဟန်ပန်ရှိနေပေသည်။ လူသားဟူသည်ကား အသက်အရွယ်၊ အခြေအနေ၊ နေရာဒေသအရ ကွဲပြားခြားနားသော ပုံပန်းသွင်ပြင်၊ ပြောဆိုနေထိုင်မှုရှိကြသည်။ အသက်အရွယ်အားဖြင့် မိမိထက် တစ်နေ့တစ်ရက် ကြီးသူများကို ရိုသေကိုင်းရှိုင်းကြရမည်။ ဂါရဝါစဟူသော မင်္ဂလာတရားတော်နှင့်အညီ နေထိုင်ခြင်းသည်သာလျှင် မြတ်သော နေထိုင်ခြင်း၊ အသက်ရှင်ခြင်းမည်ပေ၏။ ❖

# ကမ္ဘာ့ရာသီဥတုဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်များ

မေဇင်ထွန်း

လွန်ခဲ့သော ဆယ်စုနှစ်များစွာအတွင်း အစိုးရများသည် ကမ္ဘာကြီးပူနွေးလာမှုကို နှေးကွေးစေရန် စုပေါင်းကတိပြုခဲ့ကြသည်။ ကမ္ဘာကြီးသည် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များကို ရင်ဆိုင်နေရပြီး ပိုမိုဆိုးရွားလာမည်ဟု မျှော်လင့်ကာ သံတမန်ရေးအရ တင်းမာနေသော်လည်း ရာသီဥတုဆိုင်ရာနိုင်ငံတကာ သဘောတူစာချုပ်များ ချုပ်ဆိုခဲ့ကြသည်။ ကျိုတိုပရိုတိုကောနှင့် ပါရီသဘောတူညီချက်မှတစ်ဆင့် နိုင်ငံများသည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကိုလျှော့ချရန် သဘောတူညီခဲ့ကြသော်လည်း လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏသည် ဆက်လက်မြင့်တက်နေပြီး ကမ္ဘာကြီးအဖို့ စိုးရိမ်ဖွယ်ရာနှုန်းဖြင့် အပူချိန်များ မြင့်တက်စေလျက်ရှိသည်။ အကယ်၍ ကမ္ဘာကြီးသည် ထိုအတိုင်း ဆက်လက်ပူပြင်းနေမည်ဆိုပါက ရာသီဥတုဆိုင်ရာ မငြိမ်မသက်မှုများဖြစ်သော ပင်လယ်ရေမျက်နှာပြင် သိသိသာသာမြင့်တက်ခြင်း၊ စံချိန်တင်မိုးခေါင်ခြင်း၊ ရေလွှမ်းမိုးခြင်းနှင့် ဇီဝမျိုးစိတ်များဆုံးရှုံးခြင်းအပါအဝင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကပ်ဘေးများ ကျရောက်ခြင်းတို့ဖြစ်စေနိုင်ကြောင်း သိပ္ပံပညာရှင်များက သတိပေးထားသည်။

ထို့ကြောင့် ပါရီသဘောတူညီချက်ကို ၂၀၁၅ ခုနှစ်တွင် လက်မှတ်ရေးထိုးပြီးကတည်းက နိုင်ငံအများအပြားသည် COPs ဟုခေါ်သော ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံများကို နှစ်စဉ်ကျင်းပကာ ၎င်းတို့၏ရာသီဥတုဆိုင်ရာ ကတိကဝတ်များကို ခိုင်မာစေခဲ့သည်။ နိုင်ငံများက ၂၀၂၂ ခုနှစ်တွင် ကျင်းပသည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံ (COP27) ၌ အီဂျစ်တွင်ဖြစ်ပေါ်နေသော ရာသီဥတုကပ်ဘေးများကို ပို၍ပင်ရည်မှန်းချက်ထားဆောင်ရွက်ရန် ကတိပြုခဲ့ကြသည်။ သို့သော်လည်း လက်ရှိကတိကဝတ်များသည် ကမ္ဘာကြီးပူနွေးလာမှုကပ်ဘေးကို တားဆီးရန် သို့မဟုတ် ၎င်း၏အကျိုးဆက်များနှင့် လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်ရန် မလုံလောက်သေးကြောင်း ကျွမ်းကျင်သူများက ဆိုထားသည်။

စက်မှုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အခြားတစ်ဖက်တွင် လေထုညစ်ညမ်းမှုကိုဖြစ်စေသည့်အပြင် ကမ္ဘာ့အပူချိန်၊ ကမ္ဘာ့လေထုနှင့် ကမ္ဘာ့ရေထုသဘာဝပတ်ဝန်းကျင်ဆိုင်ရာ သဟဇာတဖြစ်မှုများကိုလည်း ဆိုးရွားစွာ ထိခိုက်လာစေသည်။

ရာသီဥတုဆိုင်ရာ သဘောတူစာချုပ်များ ဖြစ်ပေါ်လာရပုံကိုဆိုရမည်ဆိုလျှင် ၁၉၅၂ ခုနှစ်တွင် ငါးရက်တာကြာမြင့်သည့် အဝါရောင်မြူမှုန်မြူဆိုင်းအခဲများကြောင့် လန်ဒန်နိုင်ငံသား ၄၀၀၀ သေဆုံးခဲ့ရသည်။ ထိုဖြစ်ရပ်ကြောင့် ၁၉၅၆ ခုနှစ်က အင်္ဂလန်ပါလီမန်တွင် လေထုသန့်ရှင်းရေးဆိုင်ရာဥပဒေတစ်ရပ်ကို သတ်မှတ်ပြဋ္ဌာန်းနိုင်ခဲ့သည်။ ထိုပြဋ္ဌာန်းခဲ့သည့် ဥပဒေသည် Clean Air Act 1956 ဖြစ်ပြီး ကမ္ဘာပေါ်တွင် ပထမဆုံး လေထုညစ်ညမ်းမှုဆိုင်ရာဥပဒေဖြစ်သည်။

ထို့နောက် ၁၉၆၃ ခုနှစ်က နယူးယောက်မြို့တွင် လေထုညစ်ညမ်းလွန်းလှသည့်အတွက်ကြောင့် လူပေါင်း ၃၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသည်။ ၎င်းဖြစ်ရပ်ကြောင့် အမေရိကန်နိုင်ငံသည် လေထုသန့်ရှင်းရေးအက်ဥပဒေ Clean Air Act 1963ကို ၁၉၆၃ ခုနှစ်၌ ကွန်ဂရက်လွှတ်တော်ထဲတွင် သတ်မှတ်ပြဋ္ဌာန်းနိုင်ခဲ့သည်။ သို့သော်လည်း ၎င်းဥပဒေက အကျိုးသက်ရောက်မှု သိပ်မရှိသည့်အတွက် ပိုမိုပြင်းထန်သော ဥပဒေတစ်ရပ်ကို ၁၉၇၀ ပြည့်နှစ်၌ ပြဋ္ဌာန်းသတ်မှတ်ခဲ့သည်။

လေထုညစ်ညမ်းမှု၏ အကျိုးဆက်ကြောင့် အိုဇုန်းလွှာအပေါက်သည် တဖြည်းဖြည်းကြီးမားကျယ်ပြန့်လာသည်။ ထိုသည်မှာ လူသားတို့၏ဖန်တီးထုတ်ယူခဲ့သည့် ဓာတ်ငွေ့များကြောင့် အိုဇုန်းလွှာပျက်စီးရခြင်းဖြစ်သည်။

လူသားတို့နေ့စဉ်ရှူရှိုက်နေသော လေထုအလွှာသည် ထရိုပိုစဖီးယား လေထုအလွှာဖြစ်သည်။ ၎င်းအလွှာထဲတွင် နိုက်ထရိုဂျင် ၇၈ ရာခိုင်နှုန်းပါဝင်ပြီး အောက်ဆီဂျင် ၂၁ ရာခိုင်နှုန်းပါဝင်သည့်အပြင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့၊ အာဂွန်ဓာတ်ငွေ့နှင့် ရေငွေ့စုပေါင်းပါဝင်နှုန်း ၁ ရာခိုင်နှုန်းစီရှိကြသည်။

လေထုညစ်ညမ်းမှုကို အဓိကဖြစ်စေသောစက်ရုံများမှထွက်ရှိလာသည့် ဓာတ်ငွေ့များတွင် ကာဗွန်ဒိုင်အောက်ဆိုက်၊ ဆာလဖာအောက်ဆိုက်၊ နိုက်ထရိုဂျင်အောက်ဆိုက်၊ ငွေ့ပျံလွယ်အော်ဂန်းနစ်ဒြပ်ပေါင်း (Volatile Organic Compounds, VOCs) များပါဝင်ပြီး လေထုထဲရှိ သီးခြားဒြပ်များ (Suspended Particulate Matter)၊ အောက်ဆီဂျင်ပါ ဓာတုပုံဆောင်အငွေ့များ (Photochemical Oxidants)၊ ရေဒီယိုသတ္တိကြွပစ္စည်းများမှာ ကင်ဆာရောဂါနှင့် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်ဖြစ်ပေါ်စေနိုင်သည်။




COP27 သို့ တက်ရောက်လာသော နိုင်ငံ့ခေါင်းဆောင်များကို တွေ့ရစဉ်။

၁၉၈၈ ခုနှစ်တွင် တည်ထောင်ခဲ့သည့် Intergovernmental Panel on Climate Change (IPCC) အဖွဲ့သည် ကမ္ဘာမြေကြီး၏အပူချိန်မြင့်တက်လာခြင်း၏အဓိကအကြောင်းရင်းမှာ အစိမ်းရောင်ဖန်လုံအိမ်အာနိသင်ရှိသည့် ဓာတ်ငွေ့များ (Green House Gases)ကြောင့်ဟု ဆိုထားသည်။ ၎င်းဖန်လုံအိမ်ဓာတ်ငွေ့များထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်း၊ နိုက်စ်ထရိုက်စ်အောက်ဆိုက်နှင့် ကာဗွန်မိုနော့ပ်ဆိုက်တို့ပါသည်။ ၎င်းဓာတ်ငွေ့အများစုသည် စက်ရုံများ၊ ပို့ဆောင်ဆက်သွယ်ရေးယာဉ်များမှ အများဆုံးပေါ်ထွက်လာခြင်းဖြစ်သည့်အပြင် ကမ္ဘာ့အပူချိန်ပြောင်းလဲလာမှုနှင့်အတူ ဖန်လုံအိမ်ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို ထိန်းညှိလျှော့ချပေးနိုင်သည့် သစ်တောများ ပြုန်းတီးလာခြင်းတို့နှင့်လည်း သက်ဆိုင်နေသည်။ ၎င်းဖန်လုံအိမ်ဓာတ်ငွေ့များကြောင့် လွန်ခဲ့သည့် ဆယ်စုနှစ်ကထက် ကမ္ဘာမြေ၏ ယေဘုယျအပူချိန်သည် ပိုမြင့်သည်ထက်မြင့်လာသည်။

**ကမ္ဘာ့အပူချိန် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အောက်ကို ထိန်းထားရခြင်းရည်ရွယ်ချက်**

လက်ရှိအရှိန်အဟုန်ဖြင့် ကမ္ဘာလုံးဆိုင်ရာအပူချိန် ဆက်လက်မြင့်တက်နေပါက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကပ်ဘေးဆိုးကျိုးများ ကြုံတွေ့ရနိုင်ကြောင်း သိပ္ပံပညာရှင်များက သတိပေးထားသည်။ IPCC ၏ ၂၀၂၁ ခုနှစ် အကဲဖြတ်မှုအရ ကမ္ဘာ၏ ပျမ်းမျှအပူချိန်သည် စက်မှုဖွံ့ဖြိုးမှုများ မရှိသေးမီကာလကထက် ၁ ဒသမ ၁ ဒီဂရီစင်တီဂရိတ်ခန့် မြင့်တက်လာသည်။ ထို့ကြောင့် နိုင်ငံပေါင်းခြောက်ဆယ်ကျော်မှ သိပ္ပံပညာရှင်နှစ်ရာကျော်က နိုင်ငံများသည် ဓာတ်ငွေ့ထုတ်လွှတ်မှု ရုတ်ခြည်းလျှော့ချလိုက်သည့်တိုင် လာမည့် ဆယ်စုနှစ်နှစ်ခုအတွင်း ကမ္ဘာကြီးပူနွေးမှု ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်သို့ရောက်ရှိမည် သို့မဟုတ် ကျော်လွန်လာမည်ဟု ခန့်မှန်းထားသည်။ IPCC အစီရင်ခံစာတွင် ကမ္ဘာလုံးဆိုင်ရာအပူချိန် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ပူလာချိန်၌ ဖြစ်ပေါ်မည့် ပြင်းထန်သောသက်ရောက်မှုများကို အကျဉ်းချုပ်ဖော်ပြခဲ့သည်။ ၎င်းတို့မှာ-

**အပူလှိုင်းများ**

ဒေသအများအပြားသည် ပူပြင်းသောနေ့ရက်များကို ပိုမိုခံစားရပြီး ကမ္ဘာတစ်ဝန်းရှိ လူများ၏ ၁၄ ရာခိုင်နှုန်းခန့်သည် အနည်းဆုံး ငါးနှစ်လျှင်တစ်ကြိမ် အပူဒဏ်ပြင်းထန်သောကာလများနှင့် ထိတွေ့နေကြရကြောင်း ဖော်ပြထားသည်။

**မိုးခေါင်ခြင်းနှင့် ရေကြီးခြင်း**

ကမ္ဘာတစ်ဝန်းရှိဒေသများသည် မိုးခေါင်ရေရှားမှုနှင့် ရေလွှမ်းမိုးမှုဒဏ်ကို ပိုမိုခံရနိုင်ဖွယ်ရှိပြီး လယ်ယာစိုက်ပျိုးရေး ပိုမိုခက်ခဲလာ၍ သီးနှံအထွက်နှုန်းကျဆင်းစေကာ အစာရေစာပြတ်လပ်မှုကို ဖြစ်စေသည်။

**ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်း**

လာမည့်ဆယ်စုနှစ်များအတွင်း ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုကြောင့် သန်းနှင့်ချီသော လူများနေထိုင်ရာ ကမ်းရိုးတန်းဒေသများ နစ်မြုပ်သွားနိုင်သည်။ အထူးသဖြင့် ကျွန်းနိုင်ငံငယ်များတွင် ပိုမိုဖြစ်နိုင်ဖွယ်ရှိသည်။

ထို့အတွက် ရာသီဥတုဆိုင်ရာသဘောတူစာချုပ်များကို ချုပ်ဆို၍ ကမ္ဘာကြီးပူနွေးလာမှုကပ်ဘေးကို တားဆီးရန် ကြိုးပမ်းခဲ့ကြသည်။

**မွန်ထရီရယ်ပရိုတိုကော၊ ၁၉၈၇**

ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရန် မရည်ရွယ်သော်လည်း မွန်ထရီရယ်ပရိုတိုကောသည် အဆိုပါပြဿနာနှင့်ပတ်သက်သည့် အနာဂတ်သံခင်းတမန်ခင်းအတွက် စံနမူနာဖြစ်လာသော သမိုင်းဝင်သဘာဝပတ်ဝန်းကျင်ဆိုင်ရာသဘောတူညီချက်တစ်ခုဖြစ်သည်။ ကမ္ဘာ့နိုင်ငံတိုင်းသည် ကလိုရိုဖလိုရိုကာဗွန် (CFCs) ကဲ့သို့သော အိုဇုန်းလွှာကို ပျက်စီးစေသော ဓာတုပစ္စည်းများ ထုတ်လုပ်ခြင်းကို ရပ်တန့်ရန် တောင်းဆိုသည့် သဘောတူစာချုပ်ကို နောက်ဆုံးတွင် အတည်ပြုခဲ့သည်။ အဆိုပါ ပရိုတိုကောသည် အိုဇုန်းလွှာပျက်စီးစေသော ဓာတ်ပစ္စည်းများ၏ ၉၉ ရာခိုင်နှုန်းခန့်ကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ ဟိုက်ဒရိုဖလိုရိုကာဗွန် (HFCs) ထုတ်လုပ်မှုကို လျှော့ချရန်နှင့် ဖန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လုပ်မှုကို လျှော့ချရန် သဘောတူညီခဲ့ကြသည်။

**၁၉၉၂ ခုနှစ် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း (UNFCCC)**

အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၉၇ နိုင်ငံက အတည်ပြုထားသည့် အဆိုပါသဘောတူညီချက်သည် ရာသီဥတုပြောင်းလဲမှုကို ပြတ်သားစွာကိုင်တွယ်ဖြေရှင်းရန် ပထမဆုံးသော ကမ္ဘာ့သဘောတူညီချက်ဖြစ်သည်။ လေထုအတွင်း ဖန်လုံအိမ်ဓာတ်ငွေ့များစုစည်းမှုကို တည်ငြိမ်စေရန်ရည်ရွယ်၍ နိုင်ငံတကာဆွေးနွေးပွဲများ Conference of the Conference သို့မဟုတ် COPကိုနှစ်စဉ်ကျင်းပခဲ့သည်။

**ကျိုတိုပရိုတိုကော၊ ၂၀၀၅**

ကျိုတိုပရိုတိုကောကို ၁၉၉၇ ခုနှစ်တွင် လက်ခံကျင့်သုံးခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် အသက်ဝင်ခဲ့သည်။ ၎င်းတွင် ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရန်လိုအပ်ပြီး နိုင်ငံများ၏တိုးတက်မှုကို စောင့်ကြည့်ရန် စနစ်တစ်ခုကို ထူထောင်ခဲ့သည်။ အမေရိကန်နိုင်ငံသည် ၁၉၉၈ ခုနှစ်တွင် အဆိုပါသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သော်လည်း နောက်ပိုင်းတွင် ပြန်လည်နုတ်ထွက်ခဲ့သည်။

**ပါရီသဘောတူညီချက်၊ ၂၀၁၅**

ယနေ့ထိ အထင်ရှားဆုံး ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုဆိုင်ရာ သဘောတူညီချက်၊ ပါရီသဘောတူညီချက်သည် နိုင်ငံတိုင်းတွင် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးကတိများ ချမှတ်ရန်လိုအပ်သည်။ အစိုးရများသည် စက်မှုလုပ်ငန်းများမစခင် အဆင့်များထက် အပူချိန် 2°C (3.6°F) မြင့်တက်ခြင်းမှ ကာကွယ်ရန်နှင့် 1.5°C (2.7°F) အောက်တွင်ထားရှိရန် နိုင်ငံတကာအစိုးရများသည် ရည်မှန်းချက်များချမှတ်ထားသည်။ ၎င်းသည် ရာစုနှစ်၏ဒုတိယတစ်ဝက်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏကို ကမ္ဘာလုံးဆိုင်ရာ အသားတင်ထုတ်လွှတ်မှု net zeroသို့ ရောက်ရှိရန်လည်း ရည်မှန်းထားသည်။

ဖန်လုံအိမ်အာနိသင်ရှိသည့် ဓာတ်ငွေ့များ လျှော့ချနိုင်ရေးအတွက် နိုင်ငံတကာ စာချုပ်များထဲမှ တစ်ခုဖြစ်သော ကျိုတိုနိုင်ငံတကာသဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရာသီဥတုနှင့်ပတ်သက်သည့် စာချုပ် (Kyoto Protocol) ကို ၁၉၉၇ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် ကျိုတိုမြို့၌ စတင်အကောင်အထည်ဖော်ခဲ့ကြသည်။ ၎င်းကျိုတိုစာချုပ်သည် UNFCCC အောက်တွင်ရှိသည့် နိုင်ငံတကာသဘာဝပတ်ဝန်းကျင်နှင့်သက်ဆိုင်သော ရာသီဥတုဆိုင်ရာစာချုပ်ဖြစ်သည်။ ၎င်းစာချုပ်တွင် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရန် သဘောတူထားသည့်နိုင်ငံပေါင်း ၁၉၁ နိုင်ငံရှိသည်။ ၎င်းတို့ထဲမှ သတ်မှတ်ထားသောပမာဏကို လျှော့ချရန် သဘောတူလက်မှတ်ထိုးထားသည့် နိုင်ငံပေါင်းသည် ၈၃ နိုင်ငံရှိသည်။

ကျိုတိုစာချုပ်၏ အဓိကရည်ရွယ်ချက်မှာ ဖန်လုံအိမ်ဓာတ်ငွေ့ကို လျှော့ချရန်နှင့် ကမ္ဘာ့ရာသီဥတုကို မပြောင်းလဲစေဘဲ လူသားများအတွက် အန္တရာယ်မဖြစ်အောင် တတ်နိုင်သလောက် ကာကွယ်တားဆီးရန်ဖြစ်သည်။

ထိုသို့ရာသီဥတုဆိုင်ရာ သဘောတူစာချုပ်များကို သဘောတူလက်ခံသည့် စာချုပ်အုပ်စုတွင် ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ နိုင်ငံတိုင်းအနေဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့များ(GHGs) ကို တတ်နိုင်သည့်ဘက်က လျှော့ချခြင်းဖြင့် နိုင်ငံတွင်းလေထု၊ ရေထု၊ မြေထု သန့်ရှင်းရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

**Global Climate Change Agreements: Successes and Failures ကို ဘာသာပြန်ဆိုပါသည်။**

0 w kv M @

# အမုန်းနဲ့ပျိုးရသောပန်း

ခင်ဇော်(သီတာကုန်းပြင်)




(၁)

"ထွန်းမောင်ရေ မနက်ဖြန် မင်းအလုပ်လာရင် ငါ့အိမ်ကနေအတူသွားမယ်သူငယ်ချင်း။ မနက်ပိုင်း ဦးသာစိန်အိမ်က ရေမြောင်းဖော်မယ်။ ညနေဘက် ဒေါ်အေးပုအိမ်မှာ မြက်ရှင်းပေးကြမယ်"

ထွန်းမောင်နှင့် ဌေးလွင်တို့နှစ်ဦးသည် မြို့၏ မလှမ်းမကမ်းတွင်ရှိသော ဆင်းရဲသားရပ်ကွက်တွင် အတူနေထိုင်ကြသည့် သူငယ်ချင်းများဖြစ်သည်။ နေ့စဉ် မြို့ပေါ်ရပ်ကွက်များကိုလှည့်လည်၍ ကြုံရာကျပန်းအလုပ်များလုပ်ကိုင်ရင်း အသက်မွေးကြသူများဖြစ်သည်။ ညနေပိုင်းအလုပ်သိမ်းချိန်ဖြစ်သောကြောင့် ဌေးလွင်က မနက်ဖြန်လုပ်ကိုင်မည့်အလုပ်များကို ထွန်းမောင်အား ကြိုတင်ပြောကြားထားခြင်းဖြစ်ပေသည်။ ထွန်းမောင်တို့မိသားစုတွင် ဇနီးသည်က သားငယ်မွေးပြီး သုံးနှစ်ခန့်တွင် ဆုံးပါးသွားခဲ့သည်။ သားသမီးသုံးယောက်ကို သူသာအဖေ၊ သူသာအမေဘဝဖြင့် ရှာဖွေကျွေးမွေးစောင့်ရှောက်ခဲ့ရသည်။ သမီးကြီး စန္ဒာက မိခင်မရှိတော့ကတည်းက ကျောင်းထွက်ပြီး အိမ်မှုကိစ္စလုပ်ခဲ့ရသည်။ သားလတ်စိုးရန်နိုင်က ဆယ်တန်းအရောက်တွင် အပေါင်းအသင်းစုံသဖြင့် စာမလိုက်နိုင်တော့ဘူးဟူသောအကြောင်းပြချက်ဖြင့် ထွန်းမောင် အတန့်တန့်တားမြစ်သည့်ကြားက ကျောင်းထွက်ခဲ့သည်။ သားငယ်လေးကတော့ ရှစ်တန်းဖြစ်သည်။ ပညာထူးချွန်သူဖြစ်၍ ထွန်းမောင်အတွက် ခွန်အားဖြစ်စေသည်။ ထွန်းမောင်တို့မိသားစုတွင် သူ၏ ဝင်ငွေကလေးဖြင့်သာ ဘဝရပ်တည်နေကြရသည်။ သားလတ်စိုးရန်နိုင်က အသက် ၂၀ လူလွတ်ဆိုသော်လည်း ဘာတစ်ခုမျှအားမကိုးရ။ တစ်နေ့တစ်နေ့ အပေါင်းအသင်းများနှင့် အရက်ကလေးတမြမြဖြင့် အပြင်မှာအချိန်ကုန်သည်။ ညနေဘက်ပြန်လာလျှင် အစ်မဖြစ်သူချက်သည့် ထမင်းဟင်းက ပျော့သလိုလို၊ ငန်သလိုလို ပြစ်တင်ပြောဆိုတတ်သေးသည်။ ထွန်းမောင် သူ့သားကိုအမျိုးမျိုးဆုံးမကြည့်သည်။ သို့သော် ဆုံးမတုန်းခဏသာ ခေါင်းညိတ်ပြီး ပို့နေမြဲ၊ ကျားနေမြဲသာဖြစ်သည်။ မိသားစုတစ်ခုလုံး မိမိဝင်ငွေကိုသာ အားကိုးနေရသည်ဖြစ်၍ ထွန်းမောင်အတွက် ယောင်လို့တောင် မဖျားမနာရဲပေ။ သူ့လက်လှုပ်မှ သူ့သားသမီးများအားလုံး ပါးစပ်လှုပ်ရမည်မဟုတ်ပါလား။

(၂)

"မင်းသား အပြင်မှာဖဲတွေရိုက်နေတယ်လို့ ငါကြားတယ် ထွန်းမောင်။ မင်းသားကို မင်းဆုံးမပေးအုံး။ တော်ကြာ မဖြစ်သင့်တာတွေဖြစ်ကုန်အုံးမယ်။ အရက်ဆိုင်မှာ ဟိုဘက်လမ်းက တင်စိုးရဲ့သားနဲ့ စိုးရန်နိုင် အော်ကြီးဟစ်ကျယ်ရန်ဖြစ်နေတာ မနေ့ကငါတွေ့ခဲ့တယ် ထွန်းမောင်"

အပေါင်းအသင်းတချို့မှတစ်ဆင့် သိခဲ့ရသော သူ့သား စိုးရန်နိုင်၏သတင်းများက ထွန်းမောင်၏ နားကွဲမတတ်ပင်ဖြစ်သည်။ သမီးကြီးနှင့် သားငယ်မှာ လိမ္မာရေးခြားရှိသလောက် သားလတ်အတွက်တွေးရင်း ရင်မောနေမိသည်။ တစ်နေ့တစ်နေ့ ရပ်ကွက်နေရာစုံ လှည့်ပြီးအလုပ်လုပ်ရင်း အချိန်ကုန်ရသူမို့ သူ့အတွက် သားသမီးများနှင့်စုံလင်စွာတွေ့ဆုံရချိန်သည် ညစာစားချိန်ပင်ဖြစ်သည်။ ညစာထမင်းဝိုင်းတွင် ထွန်းမောင်သည် စိုးရန်နိုင်ဘက်လှည့်ပြီးပြောလိုက်သည်။

"သားလတ် မင်းအလုပ်တစ်ခုခုလုပ်ပါလားကွာ အဖေရှာပေးမယ်"

"မလုပ်ချင်ပါဘူး အဖေ။ အဖေတို့အလုပ်က တအားပင်ပန်းတာ"

သားလတ်၏ငြင်းဆိုသောစကားသံကြောင့် သူ့အစ်မစန္ဒာက ကြားဝင်၍ပြောပြန်သည်။

"မပင်ပန်းဘဲ အချောင်ပိုက်ဆံဘယ်ကရမှာလဲ မောင်လေးရယ်။ နည်းနည်းတော့ ကိုယ့်ဘက်ကခွန်အားတော့စိုက်ရမှာပေါ့။ အဖေတောင် တို့ငယ်ငယ်ကတည်းက အခုချိန်ထိ မပင်မပန်းနဲ့ရှာကျွေးခဲ့တာ ပင်ပန်းလိုက်တာလို့ ဘယ်နှခါညည်းတွားခဲ့ဖူးလို့လဲ။ အဖေ့ကိုလဲသနားအုံး"

"ဩော်. . . အစ်မရယ် ငါက မပင်မပန်းဘဲ ပိုက်ဆံများများရတဲ့အလုပ်မျိုးလုပ်ချင်တာ။ ချွေးထွက်မဲ့အလုပ်မျိုးစိတ်မဝင်စားဘူး။ အခုတော့ မလုပ်သေးဘူး။ တစ်နေ့နေ့တော့ ငါအလုပ်လုပ်မှာပါ"

စိုးရန်နိုင်၏စကားများကြောင့် အစ်မဖြစ်သူသည် ဖြစ်ပေါ်လာသည့်ဒေါသကိုထိန်းသိမ်းရင်း သက်ပြင်းရှည်တစ်ခုချလိုက်သည်။ သားထံမှကြားရသော ဒီစကားများက သူ့အကြိမ်ကြိမ်နားထောင်ဖူးသဖြင့် ကိုထွန်းမောင်အတွက် အထူးအဆန်းမဟုတ်တော့ပေ။ သို့သော် လောင်းကစားကိစ္စများကိုတော့ အချိန်မီတားဆီးရမည်မှာ သူ့တာဝန်ဖြစ်သည်။ ထိုလောင်းကစားနှင့်ပတ်သက်ပြီး အခြားဒုစရိုက်အလုပ်များ ကပ်ပါလာမှာ သူအလွန်စိုးရိမ်သည်။

"မင်းဖဲတွေရိုက်နေတယ်လို့ အဖေကြားတယ်။ ပိုက်ဆံတွေဘယ်ကရလာတာလဲ"

"သားသူငယ်ချင်းဆီက ခဏလှည့်တာပါ အဖေရယ်။ မယုံသွားမေးကြည့်ပါ။ တစ်ခါတလေ အပျင်းပြေလေးဆော့တာပါ"

"အေး သူများဆီက ခဏချေးတာဆိုရင်တော့ ဘာမဖြစ်ပါဘူး။ ပိုက်ဆံဆိုတာ သမ္မာအာဇီဝကျကျ ရှာဖွေတာပဲကောင်းတယ် ငါ့သား။ သူများမျက်ရည် ပေါက်ကြီးငယ်ကျမှ ကိုယ့်ဝမ်းဝမယ်ဆိုတဲ့အလုပ်မျိုးကိုတော့ တစ်သက်လုံးမလုပ်မိစေနဲ့။ ကိုယ်စားတဲ့ထမင်းတစ်လုတ်ဟာ ဖြူစင်ဖို့အရေးကြီးတယ်။ ဒီမယ် သားတို့သမီးတို့ အဖေ့တစ်သက် သူများရဲ့ပစ္စည်းကို မတော်လောဘနဲ့ယူပြီး သားတို့၊ သမီးတို့ကို တစ်ကြိမ်တစ်ခါမျှ အပူစာနဲ့မကျွေးခဲ့ဖူးဘူး။ ငွေကြေးမပြည့်စုံပေမဲ့ အဖေ့ရဲ့ကိုယ်ကျင့်တရားက ဖြူစင်တယ်။ သားတို့၊ သမီးတို့ကိုလဲ အဖေ့လိုဖြူစင်စေချင်တယ်"

"ဟုတ်ကဲ့ပါ ဖေကြီး။ ကြိုးစားပါ့မယ်"

ထွန်းမောင်၏စကားများကို သမီးကြီးနှင့်သားငယ်လေးက စိတ်ဝင်တစားနားထောင်ရင်း ကတိပေးကြသည်။ စိုးရန်နိုင်ကတော့ စိတ်မဝင်စားသည့်ဟန်ဖြင့် ထမင်းကိုအမြန်စား၍ မီးဖိုချောင်ထဲဝင်သွားသည်။

(၃)

"ထွန်းမောင်ရေ သွားကြမယ်ဟေ့။ မိုးတောင်ချုပ်နေပြီ။ တို့နှစ်ယောက်ကို အလှူရှင်တွေမျှော်နေတော့မယ်"

အိမ်ရှေ့က ဌေးလွင်၏ခေါ်သံကြောင့် ထွန်းမောင်စားလက်စညစာထမင်းကို အမြန်ကုန်အောင်စားလိုက်ပြီး သမီးကြီးကို မှာစရာရှိတာမှာလိုက်သည်။

"သမီးရေ ဒီည အဖေ ရပ်ကွက်ဓမ္မာရုံမှာ မနက်ဆွမ်းလောင်းဖို့သွားကူလုပ်လိုက်အုံးမယ်။ ၁၁ နာရီလောက်မှပြန်ရောက်မယ်။ တံခါးတွေပိတ်သာထားနော်။ အဖေပြန်ရောက်မှနှိုးမယ်"

"ဟုတ်ကဲ့ အဖေ"

သမီးကြီးကိုမှာပြီး ဌေးလွင်နှင့် ခပ်သွက်သွက်ထွက်လာခဲ့သည်။ လမ်းတွင် အိမ်သို့ပြန်လာသော သူ့သားစိုးရန်နိုင်နှင့်တွေ့သည်။

"ဟာ အဖေ မိုးချုပ်မှ ဌေးကြီးသုတ်ပျာနဲ့ဘယ်သွားကြမလို့လဲ"

"မနက်ဖြန်ရပ်ကွက်ဆွမ်းလောင်းဖို့ ဓမ္မာရုံမှာ သွားကူလုပ်မလို့။ စောစောပြန်နော်သား။ အိမ်မှာ မင်းအစ်မကြီးနဲ့ ညီလေးကို စောင့်ရှောက်လိုက်အုံး။ အဖေ ၁၁ နာရီလောက်ပြန်ရောက်မယ်"

"စိတ်ချ အဖေ။ သား အခုပြန်တော့မှာ"

"အေး အေး"

ဆွမ်းချက်ဓမ္မာရုံသို့ သူတို့နှစ်ဦးရောက်တော့ ရပ်ကွက်က လူအတော်များများရောက်ရှိနေကြပြီဖြစ်သည်။ ထွန်းမောင်က ထင်းဂိုဒေါင်ထဲကထင်းများကို သယ်ထုတ်ပေးသည်။ ရေပုံးနှစ်ပုံးဖြင့် ရေတုံကင်က ရေကိုဆွဲပေးသည်။ ဌေးလွင်က အိုးခွက်ပန်းကန်များ ဆေးကြောနေသည်။ အမျိုးသမီးများက ချက်ပြုတ်ကြော်လှော်နေကြသည်။ ထွန်းမောင်တစ်သက် ငွေကုန်ကြေးကျခံ၍ အလှူအတန်းများ မပြုလုပ်ခဲ့ဖူးပါ။ သူ့ဘဝက စားဖို့တောင်အနိုင်နိုင် ရှာစားနေရတာ မဟုတ်လား။ သူ့အတွက် လှူနိုင်တာဆိုလို့ ဝေယျာဝစ္စ အလှူပင်ရှိသည်။ ထို့ကြောင့် အလှူပွဲတိုင်း အလှူရှင် စိတ်ချမ်းသာစေရန် အောက်ခြေသိမ်းအလုပ်မျိုးစုံကို အပင်ပန်းခံပြီး သူလုပ်ပါသည်။ ရေသယ်ရင်း မီးဖိုချောင်အဝင်ဝတွင် ခြေဖနောင့်ဖြင့်နင်းမိသည့်အရာ တစ်ခုကြောင့် ထွန်းမောင်ခြေထောက်ကိုကြွပြီးကြည့်မိရာ ပြတ်နေသော ရွှေဆွဲကြိုးတစ်ကုံးဖြစ်နေသည်။ ဓမ္မာရုံအတွင်း ချက်ပြုတ်လုပ်အားပေးနေကြသည့် အမျိုးသမီးတစ်ဦးဦးက ပြုတ်ကျသည့်ဆွဲကြိုးဖြစ်မှန်း ထွန်းမောင်သိလိုက်သည်။ ထွန်းမောင် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ သူ ဆွဲကြိုးကောက်ယူလိုက်သည်ကို မည်သူမျှမြင်တွေ့ရဟန်မရှိချေ။ ဒီဆွဲကြိုးက သူ့မိသားစုစားဝတ်နေရေးအတွက် အတိုင်းအတာတစ်ခုထိအကူအညီရနိုင်မှန်း ထွန်းမောင်သိပါသည်။ သို့သော် သူများအပူစာနှင့် ဘယ်တော့မှ သူ့မိသားစုကိုမကျွေးဘူးဆိုသည့် သူ့လက်စွဲတော်စကားအတိုင်း ဆွဲကြိုးကောက်ရကြောင်းကို လူသိရှင်ကြားပြောပြ၍ ပိုင်ရှင်ဖြစ်သူ မအေးစန်းကို ပြန်လည်အပ်နိုင်ခဲ့သည်။

"ကျေးဇူးတင်လိုက်တာ ထွန်းမောင်ရယ်။ ဒီခေတ်မှာ နင့်လိုရိုးဂုဏ်ရှိတဲ့သူ တော်တော်ရှားသွားပြီသိလား"

"ဥစ္စာခနဆင်းရဲလို့ အပါယ်မကျဘူး။ ကိုယ်ကျင့်တရားဆင်းရဲရင်တော့ အပါယ်ကျမယ် မအေးစန်းရေ။ ဘဝပေးကုသိုလ်ကြောင့် ကျွန်တော်ဆင်းရဲပေမဲ့ ကိုယ်ကျင့်တရားမဆင်းရဲအောင် အထူးသတိထားနေပါတယ်။ ကိုယ်ကျင့်တရားဟာ ကျွန်တော်တို့ဆင်းရဲသားတွေအတွက် အကောင်းဆုံးအရင်းအနှီးပါပဲဗျာ"

"သာဓုပါ ထွန်းမောင်ရယ်။ အဲဒီစိတ်ထားကြောင့် နင်တစ်နေ့ကြီးပွားအုံးမှာပါ"

မအေးစန်း၏မှတ်ချက်စကားက ထွန်းမောင်ရင်ထဲ အေးချမ်းသွားသလို ခံစားမိပါသည်။ ချက်ပြုတ်ပြင်ဆင်မှုများပြီးစီးပြီဖြစ်သဖြင့် နံနက်ဆွမ်းကူလောင်းရန် ဌေးလွင်က ဓမ္မာရုံတွင် အိပ်ကျန်ခဲ့သည်။ အလှူရှင်နှင့် အသိမိတ်ဆွေများကိုနှုတ်ဆက်ကာ ထွန်းမောင်တစ်ဦးတည်း လက်နှိပ်ဓာတ်မီးတစ်လက်ဖြင့် ပြန်လာခဲ့သည်။

(၄)

"ကယ်ကြပါအုံးရှင် ကယ်ကြပါအုံး။ ကျွန်မပိုက်ဆံအိတ်လုသွားလို့ပါ။ ကူညီကြပါအုံး"

အမျိုးသမီးတစ်ဦး၏အော်ဟစ်သံကြောင့် အသံလာရာဘက်ကို အပြေးသွားပြီး ထွန်းမောင်ကြည့်မိသည်။ ဟိုဘက်ရပ်ကွက်ထဲက ညပိုင်းလမ်းဘေးအကြော်ရောင်းသည့် မကျင်တင်တို့သားအမိဖြစ်နေမှန်း သိရသည်။ သူ့ပိုက်ဆံအိတ်ကို လုပြေးသော လူငယ်နှစ်ယောက်ကိုလည်း လမ်းမီးရောင်အရှိန်ကြောင့် ထွန်းမောင်သဲကွဲစွာမြင်လိုက်ရသည်။ အကြော်သည် မကျင်တင်ကတော့ ထိုလူငယ်များကို သိဟန်မတူ။ မကျင်တင်နှင့်အတူ သူ့သမီးလေးက အဖော်ဈေးရောင်းလိုက်လာခြင်းဖြစ်လိမ့်မည်။ မကျင်တင်၏အော်သံကို ကြားရသည့် ရပ်ကွက်ထဲကလူများ ဝိုင်းအုံရောက်လာသည်။ မကျင်တင်ကတော့ သူ့ပိုက်ဆံအိတ်ကို အလွန်နှမြောနေပုံရသည်။ ရှိုက်ကြီးတငင်ငိုကြွေးနေသည်။

"ကူညီပေးကြပါအုံး။ ကျွန်မအရင်းလေးတွေပြုတ်ပါပြီ။ ပိုက်ဆံအိတ်ထဲမှာ ကျွန်မသမီးနားကပ်ကလေးလဲ ပါသွားပါတယ်ရှင်။ ကျွန်မတို့သားအမိမှာ ချမ်းသာတာဆိုလို့ မစားရက်မသောက်ရက်စုပြီးလုပ်ထားတဲ့ ဒီနားကပ်တစ်ရန်ပဲရှိတာပါ ဟီး ဟီး"

မကျင်တင်က သူ့ခံစားချက်ကိုပြောရင်း အော်ဟစ်ငိုသည်။ သမီးလေးကလည်း သူ့နားကပ်ဆုံးရှုံးလိုက်ရပြီဖြစ်ကြောင်းသိရချိန်တွင် တရှုပ်ရှုပ်ဖြင့်ငိုပြန်သည်။

စာမျက်နှာ ၂၇ သို့ ➤

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်းနှင့် မုန်ညင်းဧက ၁၀၀၅၀၀ စိုက်ပျိုးရန် လျာထား



**မုံရွာ နိုဝင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်းနှင့်မုန်ညင်း ဧက ၁၀၀၅၀၀ စိုက်ပျိုးရန် လျာထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်းဧက ၇၅၀၀၀ နှင့် မုန်ညင်းဧက ၂၅၅၀၀ စုစုပေါင်း ဧက ၁၀၀၅၀၀ စိုက်ပျိုးရန်လျာထားကြောင်း၊ ပန်းနှမ်းနှင့်မုန်ညင်း လျာထားမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ဧက ၆၂၁၀၊ တမူးခရိုင်တွင် ၉၂၁၁ ဧက၊ ကလေးခရိုင်တွင် ၁၃၀၇၆ ဧက၊ ခန္တီးခရိုင်တွင် ၂၃၆ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၇၁၉ ဧက၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၁၈၈၇ ဧက၊ မုံရွာခရိုင်တွင် ၈၂ ဧက၊ ယင်းမာပင်ခရိုင်တွင် ၆၇၉၀ ဧက၊ ရွေဘိုခရိုင်တွင် ၅၃၄ ဧက၊ ကန့်ဘလူခရိုင်တွင် ၁၁၆၁၁ ဧက၊ စစ်ကိုင်းခရိုင်တွင် ၁၇၀၉ ဧက၊ ကသာခရိုင်တွင် ၂၃၆၆၇ ဧက၊ ကောလင်းခရိုင်တွင် ၂၄၇၆၈ ဧကတို့ဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ ပန်းနှမ်းဧက ၇၀၀၀၀ ကျော် နဲ့ မုန်ညင်းဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့တော့ လျာထားတယ်။ ပန်းနှမ်းနဲ့ မုန်ညင်းကို နှစ်စဉ် စိုက်ပျိုးမှုတွေရှိတယ်။ ပန်းနှမ်းဆီအဖြစ် အသုံးပြုကြတယ်။ မုန်ညင်းကို ဆီအဖြစ်လုပ်တယ်။ ဆေးအဖြစ်သုံးကြတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ပန်းနှမ်းနှင့် မုန်ညင်းစိုက်ပျိုးမှုအနေဖြင့် နှစ်စဉ် ပုံမှန်စိုက်ပျိုးကြပြီး ပန်းနှမ်းနှင့်မုန်ညင်းကို ကသာနှင့် ကောလင်းမြို့နယ်တို့တွင် အများဆုံး စိုက်ပျိုးလေ့ရှိကြောင်း သိရသည်။

(၂၀၆)

# မြေပုံမြို့နယ် ခေါင်းဖြူကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မြေပုံ နိုဝင်ဘာ ၁၁**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ခေါင်းဖြူကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစောနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ခေါင်းဖြူကျေးရွာ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစောက သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီစေရေး ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

မြေပုံမြို့နယ်အတွင်း ခေါင်ကျေးဖြူရွာ ကျေးလက်ကုန်ထုတ်လမ်း အရှည် သုည ဒသမ ၄ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေကိုးလက်မရှိ ဖြန့်ကျောက်မြေခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဒသမ ၅၉၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် နေလအားမာန် ကုမ္ပဏီက ဇွန် ၆ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၀ ရက်ထိ ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးပါက အိမ်ခြေ ၁၄၂ အိမ်၊ လူဦးရေ ၆၇၇ တို့၏ လမ်းပန်းဆက်သွယ်ရေးများ လွယ်ကူအဆင်ပြေမည်ဖြစ်ကြောင်း မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစောက ပြောပြ၍ သိရသည်။

**ကိုသန်း**

## ချစ်သော လယ်ယာမြေ

\- ချစ်သော လယ်ယာမြေ၊
ပြည့်ဝမ်းစာ ဖူလုံရေး
ဖြည့်ပေးလို့နေ၊
ဆန်စပါးတို့ အထွက်တိုးစေ
ဖျက်ပိုးတွေ မဝင်အောင်ပ၊
ပြုစုပုံ စည်းစနစ်နဲ့
နည်းသစ်ကိုချ။

\- ချစ်သော လယ်ယာမြေ၊
ခေတ်နဲ့အညီ ကုန်ထုတ်လမ်း
ဖြောင့်တန်းလို့နေ၊
ဆည်မြောင်းမှ သွယ်တဲ့ရေ
လယ်ယာမြေ နုန်းနုပွား၊
စိုက်ပျိုးပုံ လမ်းအသစ်က
ပန်းဖြစ်စေသား။

\- ချစ်သော လယ်ယာမြေ၊
ကန်သင်းပေါင်ရိုးတစ်လျှောက်
ဖြိုးမောက်လို့ဝေ၊
ပွတ်ခဲလို့ ဝင်းမှည့်နေ
နှင်းပွင့်ကြွေတဲ့ ရာသီအစ၊
ဆည်ရေဝင် အပေါက်ပိတ်လို့
ကောက်ရိတ်ပါကြ။

\- ချစ်သော လယ်ယာမြေ၊
ရိတ်ခြွေစက်သံ တဒုန်းဒုန်း
ကွင်းလုံးညံနေ၊
စပါးက ရတနာရွှေ
သုံးစွဲငွေ မပူပန်ရေး၊
အထွက်အဝင် တွက်ခြေကိုက်လို့
ပျော်လိုက်ပါ့လေး။ ။

**ဇော်မင်း(ပင်းကြိုင်း)**

➤ စာမျက်နှာ ၂၆မှအဆက်

"ဒီကောင်တွေ တော်တော်အတင့်ရဲတဲ့ကောင်တွေပဲ"

"ဒီလမ်းမှာဖြစ်တာ ခဏခဏပဲ။ သက်ဆိုင်ရာကို အသိပေးထားမှဖြစ်မယ်"

"မရှိဆင်းရဲသားတွေရဲ့ ထမင်းလုတ်ကိုမှ လုစားရတယ်လို့ကွာ။ တောက် အောက်တန်းစားတွေ"

"သူများအပူစားစားမိရင်တော့ တစ်သက်လုံး အကုသိုလ်အပူအဟပ်ခံရမှာသေချာတယ်"

လူစုစုမြင်သဖြင့် ရောက်လာကြသည့်လူအုပ်ထဲမှ တစ်ယောက်တစ်ပေါက် ပြောဆိုကြသည့်အသံများဖြစ်သည်။ ထိုအချိန် ကင်းလှည့်သည့် ရဲဆိုင်ကယ်နှစ်စီးရောက်လာသည်။ ရဲသားတစ်ဦးကို မကျင်တင်က ဖြစ်ကြောင်းကုန်စင် ပြောပြနေသည်။ အေးချမ်းလှသည့်ညအချိန် ထွန်းမောင်၏နဖူးတွင် ချွေးများပြန်နေသည်။ တစ်ခုခုကိုဆုံးဖြတ်ချက်ချရန် ချီတုံချတုံဖြစ်နေခြင်းဖြစ်သည်။ ယခုအချိန်တွင် ဒီကိစ္စကို ရှေ့ငုံ့နှုတ်ဆိတ်နေမိလျှင် သူ့ဘဝတစ်လျှောက်လုံး အရိပ်အမည်းကြီးတစ်ခုက အမြဲကပ်ပါနေလိမ့်မည်။ နောင်တမီးလျှံများ တစ်သက်လုံးအလောင်ခံနေရမည်။ ဝေဝါးနေသော သူ၏စိတ်ကိုစုစည်းကာ မှန်ကန်သောဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပြီး လူအုပ်ကြီးအနား တစ်လှမ်းချင်းတိုးသွားလိုက်သည်။

"စောစောက လုသွားတဲ့တရားခံကို ကျွန်တော်သိပါတယ်။ ကျွန်တော့်နောက်လိုက်ခဲ့ကြပါ"

ထွန်းမောင်၏စကားကြောင့် မကျင်တင်နှင့်လူအုပ်ကြီးမှာ ပျော်ရွှင်သွားပုံရသည်။ ထို့နောက် ရဲသုံးယောက်နှင့် မကျင်တင်တို့သားအမိကို ဦးဆောင်ကာ သူတို့လမ်းထဲဝင်လာခဲ့သည်။ အိမ်ရှေ့တွင် သမီးကြီးက ထွန်းမောင်ပြန်အလာကို စောင့်နေလျက်ရှိပြီး နောက်ကရဲများကိုမြင်ရသည်နှင့် ထိတ်လန့်သွားပါသည်။

"သမီးကြီး သားလတ်အိမ်မှာလား"

"ဟုတ်ကဲ့ အဖေ ရှိတယ်"

အိမ်ရှေ့ကအသံများကြောင့် သားငယ်က မနက်ဖြန်စာမေးပွဲအတွက် စာကျက်နေရင်း ထွန်းမောင်တို့ကို အံ့အားသင့်စွာထွက်ကြည့်နေသည်။ ထွန်းမောင်အိမ်ပေါ်ကို တန်းတန်းမတ်မတ်တက်သွားပြီး သားလတ်ကိုခေါ်လိုက်သည်။ စိုးရန်နိုင်က ခြင်ထောင်ထဲကထွက်ပြီးလိုက်လာသည်။ ရဲများကိုတွေ့မြင်ရသည်နှင့် စိုးရန်နိုင်ကြောက်ရွံ့တုန်လှုပ်လျက်ရှိပြီး နဖူးမှချွေးများပြန်လာသည်။ ထွန်းမောင်သည် သူ့သား၏ပခုံးကိုကိုင်၍ ရဲသားများကိုပြောလိုက်သည်။

"စောစောက တရားခံဟာ ကျွန်တော့်သား သူပါပဲခင်ဗျာ"

ရဲသားများနှင့် မကျင်တင်တို့သားအမိသည် ထွန်းမောင်ကို အံ့ဩသည့်အကြည့်များနှင့် ပြိုင်တူကြည့်မိကြသည်။ ထို့နောက် ရဲတစ်ယောက်က-

"ကဲ. . . ငါ့သီ အစ်ကိုတို့နဲ့ စခန်းကိုခဏလိုက်ခဲ့ပါ"

စိုးရန်နိုင်က သူ့အဖေထွန်းမောင်ကို နာကြည်းမုန်းတီးမှုများ ပြည့်လျှံနေသောအကြည့်များနှင့်လှည့်ကြည့်သည်။ သားအကြည့်ကြောင့် ထွန်းမောင် အသက်ရှူများလောက်အောင်ရင်ကွဲမတတ်ခံစားရင်း တုန်ယင်သောအသံဖြင့် စကားတစ်ခွန်းကို အားယူကာပြောလိုက်သည်။

"အဖေက သားဘဝတစ်လျှောက်လုံးကောင်းစားဖို့အတွက် အခုလိုလုပ်လိုက်ရတာပါ။ အဖေ့ရဲ့မေတ္တာစေတနာကို သားတစ်ချိန်ကျရင် နားလည်လာပါလိမ့်မယ်"

ရဲများက စိုးရန်နိုင်ကိုခေါ်၍ အိမ်ခြံဝင်းထဲက ထွက်ခွာသွားကြသည်။ အိမ်လေးထဲမှာတော့ ထွန်းမောင်တို့သားအဖသုံးယောက်၏ မျက်ရည်မိုးများက တသွင်သွင်ရွာသွန်း၍ ကျန်ခဲ့ပါတော့သည်။

# သံတောင်ကြီးမြို့နယ် ကလေခို(အထက်)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**သံတောင်ကြီး နိုဝင်ဘာ ၁၁**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ကလေခို(အထက်)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးချမ်းငြိမ်းဝင်းနှင့် တာဝန်ခံဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီမှတာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ကလေခို(အထက်)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဦးချမ်းငြိမ်းဝင်းက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ကလေခို (အထက်) ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ကရင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၀၉ ဒသမ ၈၇သန်းဖြင့် တင်ဒါအောင်မြင်သည့် ဒေါနဝုဏ်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါ ၄၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သံတောင်ကြီးမြို့နယ် ဦးစီးအရာရှိ ဦးချမ်းငြိမ်းဝင်းထံမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# မကွေးမြို့ရှိ ကန်သာကန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ၇၅ ရာခိုင်နှုန်းခန့် ပြီးစီး



**မကွေး နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့ပေါ်ရှိ ကန်သာကန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဇူလိုင်လမှ စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

မကွေးမြို့ရှိ ကန်သာကန်သည် ယခင်က မြေသားရေလှောင်ကန် တစ်ခုဖြစ်ကာ အများပြည်သူ အသွားအလာများသော နေရာ တစ်ခုဖြစ်သောကြောင့် ပြည်သူများ စိတ်လက်ပေါ့ပါးစွာ လာရောက် အပန်းဖြေ အနားယူနိုင်စေရန်နှင့် ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်နိုင်စေရန် ရည်ရွယ်၍ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီကန်သာကန်မှာ ထူးခြားတာကတော့ အောက်အဆင့် ကန်ပတ်လမ်းနဲ့ အပေါ်အဆင့် ကန်ပတ်လမ်းဆိုပြီး နှစ်ခုပါရှိပါတယ်။ လက်ရှိ အောက်အဆင့်ကန်ပတ်လမ်းကို ကွန်ကရစ်ခင်းတဲ့လုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပါတယ်။ အဲဒီလို ကွန်ကရစ်ခင်းပြီးတော့ သွားလာလှုပ်ရှားမဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးကို ရှေးရှုပြီးသဘာဝနဲ့နီးစပ်တဲ့၊ အပူအအေးထိန်းညှိပေးတဲ့ Natural Clay တွေကို ထပ်ခင်းပေးသွားအုံးမှာပါ။ အပေါ်အဆင့် ကန်ပတ်လမ်းကိုတော့ အောက်အဆင့်ပြီးတဲ့နောက် ဆက်လက် ဆောင်ရွက်သွားမှာပါ"ဟု မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဒေါ်အေမီဌွန်ထွေးက ပြောပြသည်။

ထိုသို့ အဆင့်မြှင့်တင်ရာတွင် ပြည်သူများ လာရောက်အပန်းဖြေခြင်းများ ဆောင်ရွက်နိုင်စေရန် ကန်ပတ်လည်တွင် ကန်ပတ်လမ်းများ၊ လက်ရန်းများ၊ ထိုင်ခုံများ၊ လျှပ်စစ်မီးတိုင်များ၊ ငါးအစာကျွေးနိုင်သော နေရာများကို စနစ်တကျ စီစဉ်ဆောင်ရွက်ထားကြောင်း၊ ကန်သာကန်သည် ဧက ၂၀ ခန့်ကျယ်ဝန်းကာ တောင်မြောက် အရှည်ပေ ၁၃၀၀ နှင့် အရှေ့အနောက် အကျယ် ပေ ၇၀၀ ခန့်ရှိကြောင်း သိရသည်။

**မိုးယံ(ဥက္ကလာ)**

# မိုင်းကိုင်မြို့နယ် ကုန်းဆာကျေးရွာ၌ တံတားတည်ဆောက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မိုင်းကိုင် နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့နယ် ဟိုခဲကျေးရွာအုပ်စု ကုန်းဆာကျေးရွာ၌ ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်မှု အဆင်ပြေလွယ်ကူစွာသွားလာနိုင်ရန်ရည်ရွယ်၍ ကျေးရွာအဝင်တံတား တည်ဆောက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကျေးရွာအဝင်တံတားတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တံတားရေရှည်တည်တံ့ခိုင်မြဲစေရေး ကျေးရွာကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ကုန်းဆာကျေးရွာ၌ ကျေးရွာအဝင်တံတား အရှည် ၁၄ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ကိုးပေ တည်ဆောက်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံးရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းကပြောပြ၍ သိရသည်။

**ငြိမ်းသူ(စလင်း)**

# မဘိမ်းမြို့နယ် ကုန်းမခံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မဘိမ်း နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကုန်းမခံကျေးရွာအုပ်စု ကုန်းမခံကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးမိတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (လက်ထောက်ညွှန်ကြားရေးမှူး) ဦးစိုင်းတင်ထွန်းဦး၊ မဘိမ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကုန်းမခံကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ဆောင်ရွက်သည့်ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။



ကုန်းမခံကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေ ကျပ် ၁၂ သိန်းတို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းအားလုံးရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း မဘိမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်က ပြောပြ၍ သိရသည်။

**နိုးမိုးကျော်**

# မကွေးမြို့နယ် ကျေးရွာနှစ်ရွာ၌ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မကွေး နိုဝင်ဘာ ၁၁**

မကွေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မကွေးမြို့နယ်အတွင်း မကွေး-တောင်တွင်းကြီး-မကျီးတန်း(န)လမ်းမှ မကျီးတန်း(ရ)ကျေးရွာအဝင်လမ်းနှင့် မကွေး-တောင်တွင်းကြီး-မကျီးတန်း(ရ) လမ်းမှ ပေါက်တောကျေးရွာ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ပြီးစီးမှုကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဦးစိုးမင်းထွန်း၊ မကွေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးကျော်သူနှင့် တာဝန်ရှိသူများက မကွေးမြို့နယ်အတွင်းရှိ မကွေး-တောင်တွင်းကြီး-မကျီးတန်း(န)လမ်းမှ မကျီးတန်း(ရ) ကျေးရွာအဝင်လမ်းနှင့် မကွေး-တောင်တွင်းကြီး-မကျီးတန်း(ရ) လမ်းမှ ပေါက်တောကျေးရွာအဝင်လမ်းမြေသားတာပေါင်တင်ခြင်းနှင့် မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းလုပ်ငန်းများဖြစ်သည့် မကွေး-တောင်တွင်းကြီး-မကျီးတန်း(န) လမ်းမှ မကျီးတန်း(ရ)ကျေးရွာအဝင်လမ်းအရှည် ၃ ဒသမ ၇၅ ဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် ခြောက်လက်မမြေသားတာပေါင်တင်ခြင်း၊ မြေနီခင်းခြင်းလုပ်ငန်းနှင့် မကွေး-တောင်တွင်းကြီး-မကျီးတန်း(န)လမ်းမှ မကျီးတန်း(ရ) ကျေးရွာအဝင်လမ်း အရှည် ၄ ဒသမ ၁၃ ဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် ခြောက်လက်မ မြေသားတာပေါင်တင်ခြင်း၊ မြေနီခင်းခြင်းလုပ်ငန်းတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဒသမ ၁၅၇ သန်းဖြင့် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးကျော်သူထံမှ သိရသည်။

**သန်းလွင်(မကွေး)**

# ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်မြို့သို့ နိုဝင်ဘာ ၁ ရက်မှ ၁၀ ရက်အတွင်း ငါးမြစ်ချင်းပိဿာချိန် ငါးသိန်း တင်ပို့ရောင်းချခဲ့ရ

**ပုသိမ် နိုဝင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်မြို့သို့ နိုဝင်ဘာ ၁ ရက်မှ ၁၀ ရက်အတွင်း မွေးမြူရေးငါးမြစ်ချင်းငါးပိဿာချိန် ငါးသိန်းထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဧရာဝတီတိုင်းဒေသကြီးရှိ ငါးမျိုးစုံရောင်းဝယ်ရေး လုပ်ငန်းရှင်များထံမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၊ ညောင်တုန်းမြို့နယ်၊ မအူပင်မြို့နယ်၊ ဝါးခယ်မမြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ ဘိုကလေးမြို့နယ်၊ ပုသိမ်မြို့နယ် စသည့်မြို့နယ်များက မွေးမြူရေးငါးမြစ်ချင်းငါးများကို ရန်ကုန်မြို့ ဈေးကွက်သို့တင်ပို့မှုရှိကြောင်း၊ အဆိုပါငါးမြစ်ချင်းငါးများကို အောက်တိုဘာလအတွင်းက ပိဿာချိန် သုံးသိန်း ခုနစ်သောင်း တင်ပို့ရောင်းချခဲ့ရပြီး နိုဝင်ဘာ ၁ ရက်မှ ၁၀ ရက်အတွင်း ပိဿာချိန် ငါးသိန်းထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"မွေးမြူရေးငါးမြစ်ချင်းငါးတွေကို မှာယူမှုများပြားနေတာကြောင့် အခုလ ၁ ရက်ကနေ ၁၀ ရက်ထိ တင်ပို့ရောင်းချအား ကောင်းနေတယ်။ ဧရာဝတီတိုင်းဒေသကြီးကနေ ရန်ကုန်ဘက်ကို အရင်ကတည်းက မွေးမြူရေးငါးမြစ်ချင်းငါးတွေကို တင်ပို့ရောင်းချခဲ့တာပါ။ ရန်ကုန်ကို အခြားဒေသတွေက ငါးတွေ အဝင်နည်းနေသေးလို့ ဧရာဝတီတိုင်းဒေသကြီးက ငါးတွေကို အဝယ်များနေတာ။ ဝယ်ယူအား ကောင်းနေတော့ လုပ်သားတွေ၊ လုပ်ငန်းရှင်တွေ အဆင်ပြေနေတယ်။ ဒီလအတွင်းမှာကို သိသိသာသာ ဝယ်ယူအားတက်လာပါတယ်"ဟု ပုသိမ်မြို့ရှိ ငါးမျိုးစုံ တင်ပို့ရောင်းဝယ်ရေးလုပ်ငန်းရှင် ကိုစိုးကျော်က ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်မြို့ဈေးကွက်သို့ တင်ပို့ရောင်းချနေသည့် ငါးမြစ်ချင်းငါးဈေး နိုဝင်ဘာ ၁ ရက်မှ ၁၀ ရက်ထိ တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ ပေါက်ဈေးရှိနေကြောင်း ပုသိမ်မြို့ရှိ ငါးမျိုးစုံ တင်ပို့ရောင်းဝယ်ရေး လုပ်ငန်းရှင် ကိုစိုးကျော်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# တနင်္ဂနွေနေ့ညမှာကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေထဲက တိုက်စစ်ကစားပုံကောင်းတဲ့ မန်ယူ၊ အေစီမီလန်၊ မိုနာကိုတို့ကို ရွေးချယ်ရမှာပါ

ML



တနင်္ဂနွေနေ့ညမှာကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေမှာ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေများနေတာကြောင့် အကြိတ်အနယ်ရှိတဲ့ပွဲစဉ်တွေကို ဆက်လက်အားပေးရအုံးမှာဖြစ်ပါတယ်။ ဒီတစ်ပတ်မှာလဲ အသင်းကြီးအများစုဟာ ကမ္ဘာ့ဖလားမတိုင်ခင်ကစားမဲ့ အမှတ်ပေးပြိုင်ပွဲနောက်ဆုံးပွဲစဉ်မှာ ရလဒ်ကောင်းနဲ့ အဆုံးသတ်ဖို့ ကြိုးစားလာနိုင်တာကြောင့် အိမ်ကွင်းအားသာချက်နဲ့ တိုက်စစ်ပိုင်းကောင်းတဲ့ အသင်းကြီးတွေကိုပဲ ရွေးချယ်သွားမှာဖြစ်ပါတယ်။

### မန်ယူရလဒ်ကောင်းမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဖူလ်ဟမ်နဲ့ မန်ယူအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဖူလ်ဟမ်အသင်းဟာ အမှတ်ပေးပွဲ ၁၄ ပွဲကစားအပြီးမှာ ငါးပွဲနိုင်၊ လေးပွဲသရေ ၊ ငါးပွဲရှုံးနဲ့ ရမှတ် ၁၉ မှတ်ရရှိထားပြီး အဆင့်(၉)မှာ ရပ်တည်နေတာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့ငါးပွဲမှာလဲ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ တိုက်စစ်ပိုင်းက သွင်းဂိုးခုနစ်ဂိုးထိ ရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ဒီရာသီမှ ပရီးမီးယားလိဂ်ကို တန်းတက်လာခဲ့ပေမဲ့ တိုက်စစ်မှူး မစ်ထရိုဗစ်ရဲ့ ခြေစွမ်းပြသွင်းဂိုးတွေကြောင့် ရမှတ်တွေစုဆောင်းနိုင်ခဲ့တာဖြစ်ပါတယ်။ နည်းပြမာကိုစ်ဆေးဗားရဲ့(၄-၂-၃-၁)ကစားကွက်အောက်မှာတော့ မစ်ထရိုဗစ်က အထောင်တိုက်စစ်နေရာမှာ ကစားနေပြီး သွင်းဂိုးကိုးဂိုးထိ သွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ အခုပွဲစဉ်မှာ အဓိကတိုက်စစ်မှူး မစ်ထရိုဗစ်အပါအဝင် ခံစစ်ကစားသမား တီးတီနဲ့ရိဒ်တို့လဲ ဒဏ်ရာရပွဲပယ်တွေကြောင့်လွဲချော်မှာဖြစ်လို့ အားနည်းချက်ရှိနေမှာဖြစ်ပါတယ်။

မန်ယူအသင်းဟာ ရာသီအစမှာ ရလဒ်ပိုင်းရုန်းကန်ခဲ့ရပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ နည်းပြတန်ဟတ်ရဲ့နည်းစနစ်အောက်မှာ ပုံစံကောင်းပြန်ရလာမှာဖြစ်ပါတယ်။ ဒါကြောင့် ၁၂ ပွဲကစားအပြီးမှာရမှတ် ၂၃ မှတ်နဲ့ အဆင့်(၅)ထိရောက်ရှိခဲ့ပြီး ချန်ပီယံဆုကို စိန်ခေါ်နိုင်စွမ်းရှိလာတာကို တွေ့ရမှာပါ။ ဒါပေမဲ့ နောက်ဆုံးအမှတ်ပေးပွဲစဉ်မှာတော့ အေဗီလာကို မထင်မှတ်ဘဲ သုံးဂိုးတစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာကြောင့် ရမှတ်ဆုံးရှုံးခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ ပထမပိုင်းပွဲအစနဲ့ ဒုတိယပိုင်းပွဲအစတွေမှာ သွင်းဂိုးတွေခွင့်ပြုခဲ့ရတာကိုကြည့်ရင် နည်းပြတန်ဟတ်ရဲ့နည်းစနစ်ပိုင်းဟာ အထနှေးနေတာကို သတိပြုရမှာပါ။ လက်ရှိ တိုက်စစ်ပိုင်းမှာတော့ စီရော်နယ်ဒို၊ ရက်ရှ်ဖို့ဒ်၊ မာရှယ်တို့ ဦးဆောင်နေပြီး ရက်ရှ်ဖို့ဒ်က သွင်းဂိုး လေးဂိုးထိ သွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် မာရှယ်နဲ့ ရက်ရှ်ဖို့ဒ်တို့ရဲ့အတွဲကိုတော့ ခံစစ်ပိုင်းအားနည်းတဲ့ ဖူလ်ဟမ်အသင်းအနေနဲ့ ပွဲချိန်ပြည့်ထိန်းချုပ်ဖို့မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ဖူလ်ဟမ်အသင်းအနေနဲ့ အိမ်ကွင်းခံစစ်ပိုင်းမပြင်နိုင်ခဲ့ရင်တော့ မန်ယူအသင်းရဲ့သွင်းဂိုးတွေကိုသာမြင်ရမှာဖြစ်ပြီး မန်ယူအသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

**ဖူလ်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖူလ်ဟမ် | ၂ | - | ၂ | ဘုန်းမောက် |
| ဖူလ်ဟမ် | ၃ | - | ၀ | အေဗီလာ |
| လိဒ် | ၂ | - | ၃ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၀ | - | ၀ | အဲဗာတန် |
| မန်စီးတီး | ၂ | - | ၁ | ဖူလ်ဟမ် |

**မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | ၁ | - | ၁ | မန်ယူ |
| မန်ယူ | ၃ | - | ၀ | ရှရစ် |
| မန်ယူ | ၁ | - | ၀ | ဝက်စ်ဟမ်း |
| ဆိုစီဒက် | ၀ | - | ၁ | မန်ယူ |
| အေဗီလာ | ၃ | - | ၁ | မန်ယူ |

### အေစီမီလန်နိုင်ပွဲရှာရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ အေစီမီလန်နဲ့ ဖီအိုရင်တီးနားအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ရှိချန်ပီယံ အေစီမီလန်အသင်းဟာ နောက်ဆုံးပွဲစဉ်မှာ ခရီမိုနန်စီနဲ့ကစားခဲ့ပေမဲ့ သရေတစ်မှတ်သာရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်က နာပိုလီနဲ့ ရမှတ် ရှစ်မှတ်ထိကွာဟသွားတာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ နည်းပြပိုင်အိုလီဟာ ပြိုင်ဘက်ကိုလျှော့တွက်ပြီး အဓိကကစားသမားတွေကိုအနားပေးခဲ့သလို အနီကတ်ပြစ်ဒဏ်ကြောင့် ခြေစွမ်းပြတိုက်စစ်မှူးဂီရော့ဒ်လဲ မပါဝင်နိုင်ခဲ့တာကြောင့် ရမှတ်ဆုံးရှုံးခဲ့ရတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ ဂီရော့ဒ်နဲ့ ဒီကက်တီလာရီတို့ ပြန်လည်ပါဝင်နိုင်တာကြောင့် တိုက်စစ်ကစားအားကောင်းလာမှာဖြစ်သလို နည်းပြပိုင်အိုလီအနေနဲ့လဲ ချန်ပီယံဆုကိုကာကွယ်ဖို့အတွက် ရမှတ်အပြည့်ရှာဖွေလာမှာသေချာပါတယ်။ အခုရာသီမှာ အေစီမီလန်အသင်းဟာ ဒဏ်ရာရကစားသမားခြောက်ယောက်ရှိနေပေမဲ့ အဓိက ပွဲထွက်ကစားသမားတွေ ဒဏ်ရာကင်းစင်နေတာကြောင့် ကစားအားကျဆင်းသွားမှာမဟုတ်ပါဘူး။

ဖီအိုရင်တီးနားအသင်းဟာ ရာသီအစမှာ ပုံစံကောင်းပျောက်ဆုံးခဲ့ပေမဲ့ နောက်ဆုံးငါးပွဲဆက်မှာတော့ ငါးပွဲစလုံး နိုင်ပွဲရှာနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းအနိုင်ရခဲ့တာက ကစားသမားစုဖွဲ့မှုအားနည်းနေတဲ့ ဆမ့်ဒိုးရီးယား၊ ဆလာနီတာနာနဲ့ စပီဇီယာတို့လို အသင်းတွေဖြစ်တာကို သတိပြုရမှာပါ။ သူတို့အသင်းဟာစီးရီးအေ ၁၄ ပွဲကစားအပြီးမှာ ငါးပွဲနိုင်၊ လေးပွဲသရေ၊ ငါးပွဲရှုံးနဲ့ ရမှတ် ၁၉ မှတ်ရရှိခဲ့တာကြောင့် အဆင့်(၁၀)မှာရပ်တည်နေတာဖြစ်ပါတယ်။ သူတို့အသင်းနည်းပြ အီတာလီယာနိုကတော့ပြိုင်ဘက်ရဲ့ကစားပုံကိုလိုက်ပြီး နည်းစနစ်အပြောင်းအလဲပြုလုပ်နေပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ တိုက်စစ်မှူး ဂျိုဗစ်နဲ့ ကွင်းလယ်ကစားသမား ဘိုနာဗန်တူရာတို့ ခြေစွမ်းပြသနိုင်ခဲ့တာကြောင့် ရလဒ်ကောင်းတွေပိုင်ဆိုင်ခဲ့တာကို သတိပြုရမှာပါ။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာတော့ အေစီမီလန်က သုံးပွဲနိုင်၊ နှစ်ပွဲသရေနဲ့ ရှုံးပွဲမရှိဘဲ အသာရခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ ချန်ပီယံဆုကိုကာကွယ်ဖို့ ရမှတ်လိုအပ်နေတဲ့ အေစီမီလန်အသင်းရဲ့တိုက်စစ်အားကြောင့် ဖီအိုရင်တီးနားအသင်းခံစစ်ပိုင်းထိန်းချုပ်ဖို့မလွယ်ကူသလို အမြင့်ဘောစွမ်းဆောင်ရည်ကောင်းတဲ့ တိုက်စစ်မှူးဂီရော့ဒ်ကြောင့်လဲ ရှုံးပွဲတွေ့သွားမှာပါ။ ဒါကြောင့် နာပိုလီအသင်းနဲ့ ရမှတ်မကွာဟဖို့နိုင်ပွဲရှာဖွေလာမဲ့အေစီမီလန်အသင်းပဲ အနိုင်ရသွားမှာပါ။

**အေစီမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဇာဂရက် | ၀ | - | ၄ | အေစီမီလန် |
| တိုရီနို | ၂ | - | ၁ | အေစီမီလန် |
| အေစီမီလန် | ၄ | - | ၀ | ဆဲလ်ဘတ် |
| အေစီမီလန် | ၂ | - | ၁ | စပီဇီယာ |
| ခရီမိုနန်စီ | ၀ | - | ၀ | အေစီမီလန် |

**ဖီအိုရင်တီးနားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖီအိုရင်တီးနား | ၂ | - | ၁ | အစ္စတန်ဘူ |
| စပီဇီယာ | ၁ | - | ၂ | ဖီအိုရင်တီးနား |
| RFS | ၀ | - | ၃ | ဖီအိုရင်တီးနား |
| ဆမ့်ဒိုးရီးယား | ၀ | - | ၂ | ဖီအိုရင်တီးနား |
| ဖီအိုရင်တီးနား | ၂ | - | ၁ | ဆလာနီတာနာ |

### မိုနာကိုနဲ့လက်တွဲရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပြင်သစ်လီဂူးပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ မိုနာကိုနဲ့ မာဆေးအသင်းတို့ပွဲစဉ်ပဲ ဖြစ်ပါတယ်။ မိုနာကိုအသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းထက်မြက်လာသလို ပြီးခဲ့တဲ့ငါးပွဲဆက်မှာလဲ တိုက်စစ်ပိုင်းသွင်းဂိုး ၁၂ ဂိုးထိ သွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ဇယားထိပ်က ပီအက်စ်ဂျီနဲ့ ရမှတ် ၁၁ မှတ်သာကွာဟနေတာဖြစ်သလို အဆင့်(၂)၊ (၃)၊ (၄) က အသင်းတွေဖြစ်တဲ့ လန်း၊ ရင်းနက်၊ မာဆေးတို့နဲ့လဲ ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေတာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ လက်ကျန်ပွဲစဉ်တွေကို အာရုံစိုက်ကစားမယ်ဆိုရင် ဥရောပဝင်ခွင့်တစ်နေရာအတွက် မျှော်လင့်ချက်ရှိနေတာကို တွေ့ရမှာပါ။ လက်ရှိမှာလဲ တိုက်စစ်ကစားသမားအားလုံး ဒဏ်ရာကင်းစင်နေသလို ဘန်ရယ်ဒါ၊ ဗိုလန်၊ အမ်ဗိုလိုတို့ကလဲ ခြေစွမ်းပြသနေတာဖြစ်ပြီး အမ်ဘိုလိုက သွင်းဂိုးခုနစ်ဂိုးနဲ့ အသင်းရဲ့ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။ အခုပြိုင်ပွဲမှာ နည်းပြကလီမန့်ရဲ့ ကစားကွက်ကလဲ အဓိကအခွင့်အရေးဖန်တီးနိုင်မှု အကြိမ် ၃၀ နဲ့ အခွင့်အရေးဖန်တီးမှုအများဆုံးအဖြစ် ရပ်တည်နေတာကိုတွေ့ရမှာပါ။ အခုပွဲစဉ်ဟာ ရမှတ်တူနှစ်သင်းတွေ့ဆုံနေတာဖြစ်လို့ မိုနာကိုအသင်းအနေနဲ့အိမ်ကွင်းအားသာချက်ကို အသုံးချပြီး ရမှတ်ရှာဖွေလာမှာပါ။

နည်းပြတူဒေါ်ရဲ့မာဆေးအသင်းဟာ ခြေစွမ်းပိုင်းအတက်အကျမြန်နေတာကြောင့် ပြီးခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲသာအနိုင်ရခဲ့ပြီး သုံးပွဲရှုံး၊ တစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ ပြီးခဲ့တဲ့အပြောင်းအရွှေ့မှာ ဘိုင်လီ၊ ဆန်းချက်ဇ်၊ ဗာရီတောက်တို့လို ကစားသမားတွေကိုခေါ်ယူခဲ့ပေမဲ့ အဲဒီကစားသမားတွေဟာ ခြေစွမ်းပိုင်းအကျဘက်ရောက်လာတာကြောင့် ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတာကို သတိပြုရမှာပါ။ ဆန်းချက်ဇ်အနေနဲ့ နည်းပြတူဒေါ်ရဲ့ကစားကွက်မှာ အထောင်တိုက်စစ်ကစားရပေမဲ့ ဂိုးရဖို့ရုန်းကန်နေရပြီး နောက်တန်းနဲ့ကွင်းလယ်ပိုင်းက ဂိုးတွေသွင်းယူနေလို့သာ မာဆေးအသင်း ဂိုးပြတ်မရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းကွင်းလယ်ပိုင်းမှာတော့ အငှားခေါ်ယူထားတဲ့ ကွင်းလယ်ကစားသမားဟာဗာရက်ဇ်က ခြေစွမ်းပြသနေပြီး အဆုံးအဖြတ်သွင်းဂိုးတွေ သွင်းယူပေးနေတာကိုတော့ သတိပြုရမှာပါ။ လက်ရှိမှာ တိုက်စစ်မှူး ဆန်းချက်ဇ်က သွင်းဂိုးလေးဂိုးနဲ့ ဂိုးသွင်းအများဆုံးကစားသမားဖြစ်နေပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံခြောက်ပွဲမှာတော့ ဂိုးသွင်းယူနိုင်ခဲ့တာမရှိပါဘူး။ အခုပွဲစဉ်မှာ ခြေစွမ်းပိုင်းကျဆင်းလာတဲ့ မာဆေးအသင်းအနေနဲ့ တိုက်စစ်ပိုင်းအားကောင်းနေတဲ့ မိုနာကိုအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့မလွယ်ပါဘူး။ ဒါ့ပြင် သူတို့နှစ်သင်းနောက်ဆုံးတွေ့ဆုံမှု သုံးကြိမ်မှာလဲ မိုနာကိုအသင်းက အသာရနေတာကြောင့် အိမ်ရှင်မိုနာကိုနဲ့ပဲ လက်တွဲရမှာပါ။

**မိုနာကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လိုင်လီ | ၄ | - | ၃ | မိုနာကို |
| ဖီရန်ဇာရို့စ် | ၁ | - | ၁ | မိုနာကို |
| မိုနာကို | ၂ | - | ၀ | အန်ဂါ |
| မိုနာကို | ၄ | - | ၁ | ဇီဗက်ဒါ |
| တူးလော့ | ၀ | - | ၂ | မိုနာကို |

**မာဆေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မာဆေး | ၀ | - | ၁ | လန်း |
| ဖရန့်ဖတ် | ၂ | - | ၁ | မာဆေး |
| စထရာဘော့ | ၂ | - | ၂ | မာဆေး |
| မာဆေး | ၁ | - | ၂ | စပါး |
| မာဆေး | ၁ | - | ၀ | လိုင်ယွန် |

# အိုဟိုင်းယိုးပြည်နယ်ရှိ ဝိန်းအမျိုးသားသစ်တောဥယျာဉ်ကို တောမီးကူးစက်လောင်ကျွမ်း



**ဝါရှင်တန် နိုဝင်ဘာ ၁၁**

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် ဝိန်းအမျိုးသားသစ်တောဥယျာဉ်အနီးတွင် နိုဝင်ဘာ ၆ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး နိုဝင်ဘာ ၉ ရက်တွင် ဝိန်းအမျိုးသားသစ်တောဥယျာဉ်အတွင်းသို့ ကူးစက်လောင်ကျွမ်းခဲ့ရာ တောမီးလောင်ကျွမ်းမှုထိန်းချုပ်နိုင်ရေးအတွက် အိုဟိုင်းယိုးပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက မီးသတ်တပ်ဖွဲ့ဝင်များကို ထပ်မံစေလွှတ်ပေးခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်ဟု CBS News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တောမီးလောင်ကျွမ်းမှုကြောင့် ဝိန်းအမျိုးသားသစ်တောဥယျာဉ်အတွင်း သစ်တောမြေဧက ၁၃၀၀ ထိ ပျက်စီးသွားပြီဖြစ်ကြောင်း၊ လူနေအိမ်များဆီသို့ တောမီးကူးစက်မှုမရှိရေး မီးတားလမ်းများဖောက်လုပ်ထားပြီး ဝိန်းအမျိုးသားသစ်တောဥယျာဉ်အတွင်း လောင်ကျွမ်းနေသည့်တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် အဓိကအာရုံစိုက်နေကြောင်း အိုဟိုင်းယိုးပြည်နယ် မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

"အခုတစ်ပတ် အစောပိုင်းမှာ လောင်ကျွမ်းခဲ့တဲ့ တောမီးဟာ ဝိန်းအမျိုးသားသစ်တောဥယျာဉ်အတွင်းကို ကူးစက်လောင်ကျွမ်းခဲ့ပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် ဝိန်းအမျိုးသားသစ်တောဥယျာဉ်အတွင်းမှာ ဧက ၁၃၀၀ လောက်ထိပျက်စီးနေပြီဖြစ်ပါတယ်။ လောရင့်ကောင်တီဆီ တောမီးကူးစက်တာမရှိအောင် မီးတားလမ်းတွေကိုလဲ ပြုလုပ်ပေးထားပြီးဖြစ်ပါတယ်။ လိုအပ်လာရင်တော့ လေကြောင်းအကူအညီရယူသွားမှာဖြစ်ပါတယ်" ဟု အိုဟိုင်းယိုးပြည်နယ် မီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသောဧရိယာသည် လောရင့်ကောင်တီနှင့် နီးကပ်နေသည့်အတွက် လောရင့်ကောင်တီ အာဏာပိုင်အဖွဲ့အစည်းက တောမီးကူးစက်လောင်ကျွမ်းမှုမရှိအောင် ကြိုတင်ပြင်ဆင်ထားကြောင်း ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**

# နီကိုးမုန်တိုင်းက ဟာရီကိန်းမုန်တိုင်းအသွင်ဖြင့် ဖလော်ရီဒါကမ်းခြေသို့ဝင်ရောက်

**ဝါရှင်တန် နိုဝင်ဘာ ၁၁**

နီကိုးအပူပိုင်းမုန်တိုင်းသည် ဘဟားမားစ်နိုင်ငံသို့ ဝင်ရောက်ခဲ့ပြီးနောက် နိုဝင်ဘာ ၁၀ ရက်တွင် အမေရိကန်နိုင်ငံ ဖလော်ရီဒါကမ်းခြေသို့ ဟာရီကိန်းမုန်တိုင်းအသွင်ဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း အမေရိကန်အမျိုးသားဟာရီကိန်းစင်တာက ထုတ်ပြန်ခဲ့သည်ဟု The Hills သတင်းဌာနက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပေါ်ခဲ့သည့်အတွက် လူနေအိမ်တချို့မှ ဒေသခံများ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသလို ရေကြီးရေလျှံမှုကြောင့် လူနှစ်ဦးသေဆုံးခဲ့ကြောင်း ဖလော်ရီဒါ အာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့သည်။

"နိုဝင်ဘာ ၁၀ ရက်က ဗီရိုဧရိယာကို ဟာရီကိန်းမုန်တိုင်း ဝင်ရောက်ခဲ့ပါတယ်။ မုန်တိုင်းကြောင့် သစ်ပင်ကြီးတွေနဲ့ ဓာတ်တိုင်တွေလဲကျခဲ့တယ်။ မိုးသည်းထန်စွာ ရွာသွန်းနေတာကြောင့် ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပြီး ရေကြီးရေလျှံမှုကြောင့် လူနှစ်ယောက်သေဆုံးခဲ့ပါတယ်။ ဓာတ်တိုင်တွေလဲကျမှုကြောင့် လူနေအိမ်ပေါင်း ၃၅၀၀၀၀ လောက်ထိ လျှပ်စစ်မီးပြတ်တောက်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်"ဟု ဖလော်ရီဒါပြည်နယ် ဝန်ကြီးချုပ် ရွန်ဒီဆန်တစ်က ပြောကြားခဲ့သည်။



နီကိုးဟာရီကိန်းမုန်တိုင်းသည် မိုင်ယာမီကမ်းခြေမြောက်ပိုင်း ဗီရိုဧရိယာသို့ ကနဦးဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းကြောင့်သစ်ပင်ကြီးများလဲကျကာ ဓာတ်တိုင်များလည်း လဲကျမှုဖြစ်ပေါ်ခဲ့ကြောင်း၊ ဓာတ်တိုင်များ လဲကျမှုကြောင့် ဖလော်ရီဒါပြည်နယ် တစ်ပြည်နယ်လုံးအတိုင်းအတာဖြင့် လူနေအိမ်ပေါင်း ၃၅၀၀၀၀ ထိ လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

မုန်တိုင်းဒဏ်သင့် ဧရိယာများတွင် အခြေအနေတည်ငြိမ်သွားပါက ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ချက်ချင်းဆောင်ရွက်နိုင်ရေးအတွက် အာဏာပိုင်အဖွဲ့အစည်းက ပြင်ဆင်နေကြောင်း ဖလော်ရီဒါပြည်နယ် ဝန်ကြီးချုပ်က ထုတ်ပြန်သွားခဲ့သည်။ **ခိုင်းဆက်**

# COP27 ညီလာခံတွင် အာဖရိကနိုင်ငံများအဖို့ ရုပ်ကြွင်းလောင်စာက ဆင်းရဲမှုကိုတိုက်ဖျက်နိုင်ကြောင်း ဇမ်ဘီယာနိုင်ငံက ဆွေးနွေးပြောကြား

**ကိုင်ရို နိုဝင်ဘာ ၁၁**

အီဂျစ်နိုင်ငံတွင် နိုဝင်ဘာ ၆ ရက်မှစ၍ ကျင်းပနေသည့် ကုလသမဂ္ဂ ရာသီဥတုဖောက်ပြန်မှုဆိုင်ရာညီလာခံ(COP27) တွင် တက်ရောက်လာသော ကိုယ်စားလှယ်အများစုက ရာသီဥတုဖောက်ပြန်မှုတိုက်ဖျက်ရေးအတွက် အဓိကကျသည့်ရုပ်ကြွင်းလောင်စာသုံးစွဲမှုဖြတ်တောက်နိုင်ရေးကို စီမံချက်များဖြင့် ဆောင်ရွက်ရန်ဆွေးနွေးခဲ့သော်လည်း အာဖရိကနိုင်ငံအများစုက ရုပ်ကြွင်းလောင်စာသည် ဆင်းရဲသည့်နိုင်ငံများအတွက်အရေးပါပြီး ဆင်းရဲမှုကိုတိုက်ဖျက်နိုင်ကြောင်း ဇမ်ဘီယာနိုင်ငံက ဆွေးနွေးသွားခဲ့သည်ဟု US News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အာဖရိကနိုင်ငံများ၏ ဆင်းရဲမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်အတွက် ရုပ်ကြွင်းလောင်စာကဏ္ဍသည် အရေးပါသည့် အခန်းကဏ္ဍဖြစ်ကြောင်း ဇမ်ဘီယာနိုင်ငံကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သော မက်ဂီရှင်နိုက ဆွေးနွေးပြောကြားခဲ့သည်။

"ကုလသမဂ္ဂရာသီဥတုဖောက်ပြန်မှုဆိုင်ရာညီလာခံ COP27 မှာ အာဖရိကနိုင်ငံတွေရဲ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့ကုမ္ပဏီကိုယ်စားလှယ်တွေ တော်တော်များများ တက်ရောက်လာခဲ့ပါတယ်။ ဒီလိုတက်ရောက်လာခဲ့တဲ့ ရည်မှန်းချက်ကတော့ အာဖရိကနိုင်ငံတွေအနေနဲ့ မိမိတို့ပြည်သူတွေရဲ့ ဆင်းရဲမှု၊ ငတ်မွတ်ခေါင်းပါးမှုပြဿနာတွေကို ဖြေရှင်းပေးနိုင်ဖို့အတွက် ရုပ်ကြွင်းလောင်စာကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားဖို့ လိုအပ်နေတယ်ဆိုတာကို ကမ္ဘာ့နိုင်ငံအသီးသီးက ကိုယ်စားလှယ်တော်တွေ သိရှိအောင်လို့ပါ။ ဒီလိုမှမလုပ်နိုင်ရင်တော့ ကျွန်တော်တို့ပြည်သူတွေအတွက် ရုပ်ကြွင်းလောင်စာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမှာပါ" ဟု ဇမ်ဘီယာ စွမ်းအင်ဆိုင်ရာ ကော်မရှင်နာ မက်ဂီရှင်နိုက ဆွေးနွေးပြောကြားခဲ့သည်။

ဇမ်ဘီယာ စွမ်းအင်ဆိုင်ရာ ကော်မရှင်နာ မက်ဂီရှင်နို၏ ဆွေးနွေးမှုသည် COP27 ညီလာခံ၏ ရည်မှန်းချက်ဖြင့်ဆန့်ကျင်နေသော်လည်း အာဖရိကနိုင်ငံအများစုက ထောက်ခံခဲ့ကြသည်။ **ခိုင်းဆက်**

# ငလျင်လှုပ်ခတ်နိုင်သဖြင့် ဟိမဝန္တာဒေသတွင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသင့်

**ဇွတ္တမန္တူ နိုဝင်ဘာ ၁၁**

ဟိမဝန္တာဒေသတွင် သိသာသောပြင်းအားရှိ ငလျင်တစ်ခုလှုပ်ခတ်နိုင်သဖြင့် ဆုံးရှုံးမှုများမဖြစ်ပေါ်စေရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သင့်ကြောင်း ဘူမိဗေဒပညာရှင်များ၏ အဆိုကို ကိုးကား၍ The Live Nagpur သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

နီပေါနိုင်ငံ အနောက်ပိုင်း ဟိမဝန္တာဒေသတွင် နိုဝင်ဘာ ၉ ရက်က ပြင်းအား ၆ ဒသမ ၆ အဆင့်ရှိ အင်အားပြင်း ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ လူခြောက်ဦးသေဆုံးခဲ့ပြီးနောက် နောက်ထပ် ငလျင်ကြီးများ လှုပ်ခတ်လာနိုင်သေးကြောင်း ဘူမိဗေဒပညာရှင်များက သတိပေးခဲ့သည်။

ဟိမဝန္တာဘူမိဗေဒတက္ကသိုလ် Wadia Institute မှ အကြီးတန်းဘူမိဗေဒပညာရှင် Ajay Paul က အိန္ဒိယနိုင်ငံ ကျောက်ချပ်ပြားနှင့် ဟိမဝန္တာ ကျောက်ချပ်ပြားတို့၏ ပွတ်တိုက်မှုကြောင့် ငလျင်လှုပ်ခတ်မှု မကြာခဏဖြစ်ပွားစေကြောင်းနှင့် အနာဂတ်ငလျင်တစ်ခုသည် ပြင်းအား ရစ်ချ်တာစကေး ၇ သို့မဟုတ် ထိုထက်ပို၍လည်းပြင်းထန်စွာလှုပ်ခတ်နိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

သို့သော် Paul က ငလျင်လှုပ်ခတ်မှုသည် မည်သည့်အချိန်တွင်ဖြစ်လာမည်ကိုမည်သူမျှအတိအကျမသိနိုင်ကြောင်း၊ တစ်လအတွင်း သို့မဟုတ် တစ်နှစ်အတွင်းရက်တရက်ဖြစ်ပေါ်လာနိုင်သဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန်လိုကြောင်း ပြောကြားခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ ကျော်မှ ယခုအချိန်ထိ ဟိမဝန္တာဒေသတွင် အင်အားပြင်း ငလျင်လေးကြိမ်လှုပ်ခတ်ခဲ့ပြီး ငလျင်လှုပ်ခတ်မှု၏ သက်ရောက်မှုကို လျော့ပါးစေရန်နှင့် လုပ်ဆောင်ရမည့်အဆင့်များကို သတိပြုမိစေရန် ကျေးရွာများနှင့် ပညာရေးဆိုင်ရာအဖွဲ့အစည်းများထံ ငလျင်ဆိုင်ရာပညာပေးအဖွဲ့များ မကြာခဏစေလွှတ်လျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။ AZH

# လေထုညစ်ညမ်းမှုအနိမ့်ဆုံးအဆင့်က အရွယ်မတိုင်မီ သေဆုံးမှု တစ်နှစ်လျှင် ၄ ဒသမ ၂ သန်းထိရှိစေနိုင်

**ဝါရှင်တန် နိုဝင်ဘာ ၁၁**

လေ့လာမှုအသစ်တစ်ခုအရ လေထုညစ်ညမ်းမှုအနိမ့်ဆုံးအဆင့်တပင် ကမ္ဘာပေါ်၌ တစ်နှစ်လျှင် အရွယ်မတိုင်မီသေဆုံးသူ ၄ ဒသမ ၂ သန်းရှိစေသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) က ပြောကြားထားကြောင်း Innovation သတင်းဌာနက ယနေ့တွင်ဖော်ပြထားသည်။

ပြင်ပလေထုညစ်ညမ်းမှု (PM 22.5)အဆင့်မျှဖြင့် ကာလရှည်ထိတွေ့မှုကြောင့် နှစ်စဉ် လူပေါင်း ၄ ဒသမ ၂ သန်းကျော် အရွယ်မတိုင်မီ သေဆုံးနေရသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားပြီး ကနေဒါနိုင်ငံ Mc Gill University မှ သုတေသီများက မကြာသေးမီက ပြုလုပ်ခဲ့သော လေ့လာမှုတစ်ခုအရ လေထုညစ်ညမ်းမှုအဆင့် နိမ့်ခြင်းကပင်လျှင် နှစ်စဉ်သေဆုံးသူသည် ယခင်ထင်ထားသည်ထက် သိသိသာသာမြင့်မားနိုင်ကြောင်း ပြောကြားခဲ့သည်။

ယခင်က သေစေနိုင်သည်ဟု အသိအမှတ်ပြုခြင်းမရှိသည့် PM 2.5 အဆင့် လေထုညစ်ညမ်းမှုနှင့် ထိတွေ့မှု အလွန်နည်းသည့်တိုင် သေဆုံးနိုင်ခြေတိုးလာကြောင်း ၎င်းသုတေသီများက တွေ့ရှိခဲ့ပြီး အဆိုပါအဆိပ်အတောက်များသည် နှလုံးသွေးကြောနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများအပြင် ကင်ဆာရောဂါအမျိုးမျိုးကို ဖြစ်စေနိုင်ကြောင်း သိရသည်။

"ယခင်က အဆင့်နည်းပါးတဲ့ PM 2.5 အဆင့် လေထုညစ်ညမ်းမှုကြောင့် နောက်ထပ် ကမ္ဘာပေါ်မှာ သေဆုံးမှုတွေ မြင့်တက်လာနိုင်တာကို ကျွန်တော်တို့ တွေ့ရှိထားပါတယ်"ဟု အဆိုပါတက္ကသိုလ်သုတေသနဌာနမှ ကူးစက်ရောဂါဗေဒ၊ ဇီဝကိန်းဂဏန်းနှင့် လုပ်ငန်းခွင်ကျန်းမာရေးဆိုင်ရာ လေ့လာမှု၏ ဦးဆောင်သူ တွဲဖက်ပါမောက္ခ Scott Weichenthal က ပြောကြားခဲ့သည်။

အဆိုပါ အချက်အလက်များသည် ကနေဒါနိုင်ငံသား ခုနစ်သန်း၏ ကျန်းမာရေးနှင့် သေဆုံးမှုအခြေအနေများကို ၂၅ နှစ်ကြာ သုတေသနပြုလုပ်ခဲ့ခြင်းမှစုဆောင်းရရှိလာသော အချက်အလက်များဖြစ်ကြောင်း သိရသည်။

ကနေဒါနိုင်ငံသည် နိုင်ငံတစ်ဝန်း လေထုညစ်ညမ်းမှု PM 2.5 အနိမ့်ဆုံးအဆင့်ရှိ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး လေထုညစ်ညမ်းမှုကို နှုန်းအနိမ့်ဖြင့် လေ့လာရန် ပြီးပြည့်စုံသောနေရာတစ်ခုဖြစ်ကြောင်း သုတေသီများက ပြောကြားခဲ့သည်။ AZH

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ လက်နက်ကိုင်ပဋိပက္ခများ၊ သဘောထားကွဲလွဲမှုများဖြင့် ဒေသနှင့်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်၍မရနိုင်သည်ကို နားလည်သဘောပေါက်၍ ငြိမ်းချမ်းမှုရရှိပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်...

❖ တိုင်းပြည်ငြိမ်းချမ်းရေးနှင့် နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့် ငြိမ်းချမ်းရေးဆိုင်ရာ လက်တွေ့တိုးတက်မှုတစ်ခုကို ပုံဖော်နိုင်ရေး ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ ခွန်သူရိန်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်နှင့်ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ ဒေါ်မြရာဇာလင်းတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၉/၂၀၂၂) ကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၉/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။**

**နေပြည်တော် နိုဝင်ဘာ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၉/၂၀၂၂)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ **Jeng Phang** နော်တောင်၊ဦးမောင်းဟာ၊ဦးစိုင်းလုံးဆိုင်၊စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များပါဝင်သကဲ့သို့ လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့်အဖွဲ့များလည်း ပါဝင်ကြောင်း၊ **လာရောက်ဆွေးနွေးသည့်အဖွဲ့များအားလုံးအနေဖြင့်**

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

